# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**အကျိုးစီးပွားဖြစ်ထွန်းနိုင်**

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည်လည်းကောင်း၊ သဒ္ဒါတရားတို့သည်လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)


၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၃ ရက် | ၂၀၁၉ ခုနှစ်၊ ဇူလိုင် ၄ ရက်၊ ကြာသပတေးနေ့ | အတွဲ (၅၈)၊ အမှတ် (၂၇၇)


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာအမျိုးသမီးများနေ့အခမ်းအနားတွင် အမှာစကားပြောကြား

**နေပြည်တော် ဇူလိုင် ၃**

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီက ဦးဆောင်ကျင်းပသည့် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟို ဌာန (MICC-2) ၌ ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက် အမှာစကား ပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်သမ္မတ (ဟောင်း) ဦးထင်ကျော်၏ ဇနီး ဒေါ်စုစုလွင်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ၏ဇနီး ဒေါ်ခင်သက်ဌေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၏ ဇနီး ဒေါ်ရင်မေ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၏ ဇနီး နန့်ကြင်ကြည်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်၏ ဇနီး ဒေါ်ဌေးရီ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၏ဇနီး ဒေါ်အေးသီတာ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ပြည်ထောင်စုဝန်ကြီးများ၏ ဇနီးများ၊ ပြည်ထောင်စု ရှေ့နေချုပ်၏ ဇနီး၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ၏ဇနီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၏ဇနီး၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ နိုင်ငံခြားသံရုံးများနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ သံတမန်များနှင့် ဌာနေကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်း၊ အမျိုးသမီးအဖွဲ့အစည်းများကွန်ရက်၊ မြန်မာနိုင်ငံ ရင်ခွင်မဲ့


*စာမျက်နှာ ၃ ကော်လံ ၁* ✽




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

သတင်းစဉ်




C B BANK

Best Corporate & Investment Bank

2019 (Asia Money)

Contact Center : 01-231 777 0

မြန်မာ့အလင်း

# အမျိုးသမီးအခွင့်အရေးနှင့် လူမှုဝန်းကျင်

နှစ်စဉ် ဇူလိုင်လ (၃) ရက်နေ့ကို မြန်မာအမျိုးသမီးများနေ့အဖြစ် သတ်မှတ်ကျင်းပသည်။ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ ဖွဲ့စည်းခဲ့သည့်နေ့ကို အထိမ်းအမှတ်ပြုခဲ့ခြင်းဖြစ်၏။

နိုင်ငံတကာ အမျိုးသမီးများနေ့၏ ယခုနှစ်ဆောင်ပုဒ်များမှာ “ခွင့်တူညီရေးစဉ်းစားလို့ စွမ်းရည်မြှင့်ရေး အလေးပေးဖို့ ပြောင်းလဲမှုအတွက် ဆန်းသစ်တီထွင်စို့” ဟူ၍ဖြစ်သည်နှင့်အညီ မြန်မာနိုင်ငံ အမျိုးသမီးများအတွက်လည်း ကျား၊ မ တန်းတူရေး၊ အမျိုးသမီးထု၏ စွမ်းဆောင်ရည်မြင့်မားစေနိုင်မည့် လူမှုဝန်းကျင်များ ဖန်တီးထူထောင်နိုင်မှုများ လိုအပ်ပါသည်။

အမျိုးသမီးတို့၏ လူမှုရေးရာကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဥပဒေများ စနစ်များ၊ လုပ်ထုံးလုပ်နည်းများ၊ အမှန်တကယ် အကောင်အထည်ဖော်နိုင်မည့် စီမံခန့်ခွဲမှုဆိုင်ရာ ယန္တရားတို့အခိုင်အမာ တည်ဆောက်ထားနိုင်ရန်လည်း လိုအပ်မည်ဖြစ်ပါသည်။

အမျိုးသမီးတို့၏ အခန်းကဏ္ဍက ယနေ့မြန်မာနိုင်ငံတွင်သာမက နိုင်ငံတကာတွင်ပါ မည်မျှလောက် လွှမ်းမိုးသြဇာကြီးမားနေသည်မှာ အထင်အရှားဖြစ်ပါသည်။ ဤကဲ့သို့ အမျိုးသမီးတို့၏ အခန်းကဏ္ဍ မြင့်မားကာ လွှမ်းမိုးနိုင်သည်က အမျိုးသမီးတို့၏ လူမှုအဖွဲ့အစည်းအတွင်း ပါဝင်လှုပ်ရှားဆောင်ရွက်နိုင်သည့် စွမ်းအားမြင့်မားမှုကြောင့်ဟု ယုံကြည်ပါသည်။

အမျိုးသမီးများအပေါ်ထားရှိသော မြန်မာလူမှုအဖွဲ့အစည်း၏ မူလဘူတ သဘောထားမှာ လွန်စွာ ဂရုစိုက်ညှာတာသည့် အခြေခံရှိသည်။ နှိမ်ချသည့်သဘောမျိုးမဟုတ်ဘဲ ဦးစားပေးမှုကို ဦးတည်ပါသည်။ မိခင်ကို တန်ဖိုးထားမြတ်နိုးတတ်သည့် ယဉ်ကျေးမှုကို မြန်မာ့ရိုးရာဓလေ့အဖြစ် မြင်တွေ့နိုင်သည်က မြန်မာလူမှုအဖွဲ့အစည်း၏ အခြေခံတစ်ခုဟု နားလည်ပါသည်။

အမျိုးသမီးများပေါ်ထားရှိသည့် ယဉ်ကျေးမှုစံနှုန်းများအရ လွန်စွာမြင့်မားလှသည့် သဘောထားအချို့မှာ ကာလရွေ့လျောလာမှုနှင့်အတူ ပြောင်းလဲလာသည်တို့ကိုလည်း ယခုအခါ သတိပြုမိလာပါသည်။

ပညာရေးအဆင့်အတန်း မြင့်မားမှုနှင့် စီးပွားရေးပြေလည် ချောင်ချိမှုတို့က ယေဘုယျအားဖြင့် ယဉ်ကျေးမှုစံနှုန်းများကို ပြောင်းလဲတတ်သည့်အားလျော်စွာ ကာလရှည်ကြာ ဖြတ်သန်းခဲ့ရသော မြန်မာ့စီးပွားရေးနှင့် ပညာရေးအဆင့်အတန်းနိမ့်ပါးလာသည့် ဖြစ်စဉ်များနှင့်ယှဉ်လျက် အထက်ပါ ယဉ်ကျေးမှုစံနှုန်းများ ပြောင်းလဲလာသည်တို့ ရှိလာခြင်းဟု ယူဆရပါသည်။

နည်းပညာဖွံ့ဖြိုးတိုးတက်လာမှု၏ ဘေးထွက်ဆိုးကျိုးများ၊ မူးယစ်ဆေးဝါးများ အလွန်သိသာစွာ တိုးပွားများပြားလာမှုနှင့် အရက်သေစာအလွန်အကျွံသောက်သုံးမှု စသည်တို့ကလည်း မြန်မာအမျိုးသမီးတို့၏ ဘဝများကို ခြိမ်းခြောက်လာနေရင်း၊ ယဉ်ကျေးမှုစံနှုန်းများကလည်း လျော့နည်းနိမ့်ကျလာသည်တို့ရှိပါသည်။

အထူးသဖြင့် အမျိုးသမီးကလေးငယ်များအပေါ် ကျရောက် အရိပ်ထိုးလာသည့် သက်ငယ်မုဒိမ်းမှုကဲ့သို့သော အမှုများက အမျိုးသမီးထုတစ်ရပ်လုံးအတွက် စိုးရိမ်စိတ်ပူစရာ ဖြစ်လာပါသည်။

အမျိုးသမီးများသည် မိမိတို့ကမ္ဘာလောကကြီးအတွက် မည်မျှလောက် အရေးပါသည်ဆိုခြင်းကို မိခင်နှင့်တန်းတူ သဘောထားလေ့ရှိသော၊ ယဉ်ကျေးမှုထုံးတမ်းစဉ်လာတစ်ခုအဖြစ် လက်ခံခဲ့ကြသော မြန်မာလူမျိုးအများစုအဖို့ သည်လို အဓမ္မမှုများက အလွန်ပင် အရုပ်ဆိုးအကျည်းတန်လှသော ဖြစ်ရပ်များပါပေ။

သည်လို အဓမ္မမှုဖြစ်ရပ်များ လုံးဝရပ်တန့်သွားရေး၊ အမျိုးသမီးတို့၏ အခွင့်အရေးကို နိုင်ငံအနာဂတ်နှင့် ယှဉ်လျက် တန်ဖိုးထားစောင့်ရှောက်ရေးတို့အတွက် နိုင်ငံ၏ ဘက်ပေါင်းစုံမှ အထူးပြု ဆောင်ရွက်ကြရန် လိုပါမည်ဟု မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် နှိုးဆော်လိုက်ရပါသည်။ ။

## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ




နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် သစ်ပင်စိုက်ပျိုးပေးစဉ်။ သတင်းစဉ်

**နေပြည်တော် ဇူလိုင် ၃**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး၏ ၂၀၁၉ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ရုံးပတ်ဝန်းကျင်၌ ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့် ခုံရုံးအဖွဲ့ဝင်များ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့် ခုံရုံးအဖွဲ့ဝင်များက ရတနာတန်းဝင်ကျွန်းပင်များကို သတ်မှတ်နေရာများတွင် စိုက်ပျိုးပေးကြသည်။

ထို့နောက် အရာထမ်း၊ အမှုထမ်းများ က ပျဉ်းကတိုး၊ မဟော်ဂနီ၊ ကံ့ကော်၊ ခရေ၊ စိန်ပန်း၊ ဖွားဖက်၊ ပိတောက်၊ ငုနှင့် ငုစပ်ပင်များကို စုပေါင်းစိုက်ပျိုးကြရာ ခုံရုံး ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လှည့်လည်ကြည့်ရှုအားပေးကြသည်။

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး၏ ၂၀၁၉ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ပျိုးပင်ပေါင်း ၅၂၅ ပင်ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ထိုင်းနိုင်ငံမှ မိမိဆန္ဒအလျောက် နေရပ်ပြန်လိုသူ မြန်မာနိုင်ငံသားများအား ဆက်လက်လက်ခံဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၃**

ထိုင်းနိုင်ငံမှ မိမိဆန္ဒအလျောက် နေရပ်ပြန်လိုသူ မြန်မာနိုင်ငံသားများအား ဆက်လက်လက်ခံဆောင်ရွက်ပေးလျက်ရှိရာ တတိယနေ့ ပြန်လည်လက်ခံရေး အစီအစဉ်အရ ဇူလိုင် ၃ ရက်တွင် အုန်းပြန်ဒုက္ခသည်စခန်းမှ နေရပ်ပြန်လိုသူ ၁၄ ဦးနှင့် မယ်လဒုက္ခသည်စခန်းမှ ၉၄ ဦး၊ မယ်လအုန်းဒုက္ခသည်စခန်းမှ နေရပ်ပြန်လိုသူ ၁၁ ဦးတို့အား မြန်မာ-ထိုင်း အမှတ်(၁) ချစ်ကြည်ရေးတံတားမှ မြဝတီမြို့ရှိ ကျောက်လုံးကြီးစခန်း၌ မြန်မာဘက်မှ တာဝန်ရှိသူများက ကြိုဆိုလက်ခံခဲ့သည်။ အဆိုပါ ပြန်လည်လက်ခံရေးအစီအစဉ်သို့ ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်အစိုးရအဖွဲ့၏ လက်ခံရေး ကော်မတီဝင်များ၊ ဗန်ကောက်မြို့ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ သံမှူးကြီး ဦးအောင်ကျော်သူရနှင့် မြန်မာသံရုံးအဖွဲ့ဝင်များ တက်ရောက်ခဲ့ပြီး လိုအပ်သည့် ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးခဲ့သည်။(ဓါတ်ပုံ)



သို့ဖြစ်၍ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုဖြင့် ထိုင်းနိုင်ငံမှ မိမိဆန္ဒအလျောက် နေရပ်ပြန်လိုသူ မြန်မာနိုင်ငံသားများအား စတုတ္ထအကြိမ် ပြန်လည်လက်ခံရေးလုပ်ငန်း ဆောင်ရွက်ခဲ့သည့် ၂၀၁၉ ခုနှစ် ဇူလိုင် ၁ ရက်မှ ၃ ရက်အထိ နိုင်ငံသားစိစစ်ပြီးသူ စုစုပေါင်း ၃၁၀ အား သတ်မှတ်ထားရှိသည့် နှစ်နိုင်ငံနယ်စပ်ဂိတ်များမှတစ်ဆင့် အဆင်ပြေချောမွေ့စွာ လက်ခံဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ဆည်မြောင်း စက်မှုတိုင်း(၂)တောင်ငူ ဝန်ထမ်းမိသားစု မိုးရာသီစုပေါင်းသစ်ပင်စိုက်

**ရေတာရှည် ဇူလိုင် ၃**

ပဲခူးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန စက်မှု တိုင်း(၂) တောင်ငူ ဝန်ထမ်းမိသားစု မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၃ ရက် နံနက် ၉ နာရီခွဲက တောင်ငူမြို့၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ညွှန်ကြားရေးမှူး ဦးစိုးနိုင်က ကမ္ဘာကြီးပူနွေးလာမှုကို ကုစားနိုင်ရန် နေရာတိုင်းတွင်သစ်ပင်စိုက်ပျိုးကြရန်လိုအပ်ကြောင်း၊ သစ်ပင်များ စိုက်ပျိုးရုံနှင့်မပြီးဘဲ မိမိတို့စိုက်ပျိုးသည့် သစ်ပင်လေးများ ရှင်သန်ကြီးထွားစေရန် ထိန်းသိမ်းစောင့်ရှောက်တတ်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူး ဦးစိုးနိုင်၊ ဒုတိယညွှန်ကြားရေးမှူး ဦးဌေးဝင်းနှင့် ဝန်ထမ်းများက ကျွန်း၊ အင်၊ ပိန္နဲ၊ ငွေးချို၊ မဲဇလီ၊ သပြေ၊ သရက် (စိန်တလုံး၊ မြကျောက်)၊ မန်ကျည်းရှား၊ သံပယို၊ ဆူးပုပ်၊ မာလကာ၊ ဒန့်သလွန်ပင်များကို သတ်မှတ်နေရာသုံးခုတွင် စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။ **သန်းလွင်**





# နိုင်ငံရေးနှင့် စည်းကမ်းကို ခွဲခြားနားလည်

နိုင်ငံရေးနှင့်စည်းကမ်းကို ခွဲခြားနားလည်ပါ။ စည်းကမ်းမရှိရင် အလုပ်မဖြစ်ဘူး။ စည်းကမ်းတစ်ခု ဖောက်ဖျက်ချင်တယ်ဆိုရင် ဒီစည်းကမ်းဖောက်ဖျက်လို့ ခံရမယ့်အပြစ်ကို နားလည်စေရမယ်။ အမိန့်ပြင်အောင် စည်းကမ်းနဲ့ ကြိုးစားပါ။ မပြင်ခင် ဒီအမိန့်အတိုင်း လိုက်နာနေပါ။ နိုင်ငံရေးနှင့်စည်းကမ်း ခွဲခြားနားလည်ခြင်းဖြစ်တယ်။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ခုနှစ်၊ မတ်လ ၂၅ ရက်နေ့ နတ်မောက်မြို့ အမှုထမ်းပေါင်းစုံသမဂ္ဂနှင့် ညစာစားပွဲတွင် ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

✽ *ရှေ့ဖုံးမှ*

ကလေးငယ်များ လျော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေး အသင်း၊ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း၊ ကျား၊ မ ရေးရာ တန်းတူညီမျှရေးကွန်ရက်၊ မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ်၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ကျား၊ မ တန်းတူညီမျှရေး ပူးပေါင်းဆောင်ရွက်မှု အသင်းတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားကို တေးသံရှင် ပိုးမီက "မြန်မာအမျိုးသမီးများနေ့" တေးသီချင်းအား သီဆိုဖွင့်လှစ်သည်။

**နည်းလမ်းများ ဖော်ထုတ်**

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က " မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ ဖွဲ့စည်းခဲ့တဲ့နေ့ကို မြန်မာအမျိုးသမီးများနေ့အဖြစ် သတ်မှတ်ပြီး နှစ်စဉ် ဇူလိုင်လ (၃) ရက်နေ့မှာ ကျင်းပခဲ့တာဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ်၊ မတ်လ (၈) ရက်နေ့မှာ ကျရောက်ခဲ့တဲ့ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ရဲ့ ဆောင်ပုဒ်ဖြစ်တဲ့ "ခွင့်တူညီရေးစဉ်းစားလို့ စွမ်းရည်မြှင့်ရေး အလေးပေးဖို့ ပြောင်းလဲမှုအတွက် ဆန်းသစ်တီထွင်စို့" ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ ကျင်းပပြုလုပ်ခဲ့တာ ဖြစ်လို့ အဲဒီဆောင်ပုဒ်နဲ့အညီ ကျား၊ မ ရေးရာတန်းတူညီမျှမှုနဲ့ အမျိုးသမီးများ စွမ်းဆောင်ရည် မြင့်မားလာနိုင်စေမယ့် လူမှုကာကွယ်စောင့်ရှောက်ရေး စနစ်များ၊ လူမှုရေးရာဝန်ဆောင်မှုများနဲ့ လုပ်ထုံးလုပ်နည်းယန္တရားများအတွက် ဆန်းသစ်တဲ့ နည်းလမ်းများကို ဖော်ထုတ်ဆောင်ရွက်သွားကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

"ဇူလိုင်လ ၃ ရက်နေ့ကို မြန်မာအမျိုးသမီးများနေ့လို့ သတ်မှတ်ထားပါတယ်။ ကမ္ဘာ့အမျိုးသမီးများနေ့လည်း ရှိပါတယ်။ ဒီကနေ့မှာဆိုရင် ကျွန်မတို့နိုင်ငံရဲ့ လိုအပ်ချက်တွေကို အမျိုးသမီးများကနေ ဘယ်လိုဖြည့်ဆည်းပေးနိုင်သလဲဆိုတာကို အလေးထားပြီး စဉ်းစားရမယ့်နေ့လို့ မြင်ပါတယ်။ ကမ္ဘာလုံးဆိုင်ရာ အမျိုးသမီးများရဲ့လိုအပ်ချက်တွေလည်း ရှိတယ်။ ကျွန်မတို့နိုင်ငံရဲ့ လိုအပ်ချက်တွေလည်း ရှိတယ်။ နိုင်ငံတစ်နိုင်ငံအတွက် အရေးအကြီးဆုံးကိစ္စကတော့ စံနှုန်းထားတွေပဲ ဖြစ်ပါတယ်။ ဒီလိုစံနှုန်းထားတွေ မြင့်မားကောင်းမွန်ဖို့ ကျွန်မတို့ အမျိုးသမီးများက ဘယ်လိုလုပ်ပေးနိုင်မလဲဆိုတာကို စဉ်းစားစေချင်ပါတယ်။

**ငြိမ်းချမ်းရေးလိုအပ်နေတဲ့ နိုင်ငံ**

"ဆက်သွယ်ရေး မြန်ဆန်လာတဲ့ ခေတ်မှာဆိုရင် ပြင်ပတစ်ကမ္ဘာလုံးက စံနှုန်းထားတွေဟာ ကျွန်မတို့ အိမ်ထဲအထိရောက်လာနေပါတယ်။ ကျွန်မတို့ရဲ့ ကလေးငယ်များဆီကို ရောက်လာနေပါတယ်။ ကျွန်မတို့ဆီကို တစ်ကမ္ဘာလုံးကနေ ရောက်လာနေတဲ့ စံနှုန်းထားတွေထဲမှာ ဘယ်စံနှုန်းထားတွေကို ကျွန်မတို့က အားပေးသင့်သလဲ၊ ဘယ်စံနှုန်းထားတွေက ကျွန်မတို့နိုင်ငံအတွက် တကယ့်ကိုတန်ဖိုးရှိသလဲဆိုတာကို အမျိုးသမီးတွေအနေနဲ့ စဉ်းစားစေချင်ပါတယ်။ ကျွန်မတို့ စဉ်းစားနိုင်ရမယ်။ ဆင်ခြင်နိုင်ရမယ် ဘယ်လိုအရာမျိုးဟာ၊ ဘယ်လိုတန်ဖိုးတွေဟာ ကျွန်မတို့လို ဖွံ့ဖြိုးစနိုင်ငံတစ်ခု၊ ငြိမ်းချမ်းရေးအင်မတန်မှ လိုအပ်နေတဲ့ နိုင်ငံတစ်ခု၊ အမျိုးသားပြန်လည်စုစည်းနိုင်ရေးကို မျှော်မှန်းနေရတဲ့ နိုင်ငံတစ်ခုအတွက် အကောင်းဆုံးလဲဆိုတာ အမျိုးသမီးတစ်ဦးချင်းကနေ စဉ်းစားပြီး ဆောင်ရွက်စေချင်ပါတယ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ဝင်များ မြန်မာနိုင်ငံအမျိုးသမီးများနေ့ အခမ်းအနားတွင် ပြသထားသည့် လူမှုအကျိုးပြုဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးစဉ်။
သတင်းစဉ်

> **❝ စည်းလုံးညီညွတ်မှုအင်အားကို ဘယ်သူမှ ယှဉ်လို့မရပါဘူး။ တကွဲတပြားစီ၊ တစ်ဦးတစ်ယောက်စီ၊ အဖွဲ့တစ်ဖွဲ့စီ ကိုယ့်အတွက်ပဲ လုပ်နေမယ်ဆိုရင် မြန်မာနိုင်ငံရဲ့ တိုးတက်ရေးကို ပံ့ပိုးနိုင်မှာ မဟုတ်ပါဘူး။ ဒါကြောင့် ကျွန်မတို့ အမျိုးသမီးများက ရှေ့ကဦးဆောင်ပြီး ညီညီညွတ်ညွတ်နဲ့ စုပေါင်းဆောင်ရွက်တဲ့ စံနှုန်းထားတွေကို ချပေးလိုက်မယ်ဆိုရင် ဒီနေ့တစ်နေ့အတွက်၊ တစ်နှစ်အတွက်တင် မဟုတ်ဘူး။ ကျွန်မတို့နိုင်ငံရဲ့အနာဂတ်အတွက် အင်မတန်မှ အရေးပါမှာ ဖြစ်ပါတယ် ❞**

**အနာဂတ်အတွက် အရေးပါ**

"စည်းလုံးညီညွတ်မှု အင်အားကို ဘယ်သူမှ ယှဉ်လို့မရပါဘူး။ တကွဲတပြားစီ၊ တစ်ဦးတစ်ယောက်စီ၊ အဖွဲ့တစ်ဖွဲ့စီ ကိုယ့်အတွက်ပဲ လုပ်နေမယ်ဆိုရင် မြန်မာနိုင်ငံရဲ့တိုးတက်ရေးကို ပံ့ပိုးနိုင်မှာ မဟုတ်ပါဘူး။ ဒါကြောင့် ကျွန်မတို့ အမျိုးသမီးများက ရှေ့ကဦးဆောင်ပြီး ညီညီညွတ်ညွတ်နဲ့ စုပေါင်းဆောင်ရွက်တဲ့ စံနှုန်းထားတွေကို ချပေးလိုက်မယ်ဆိုရင် ဒီနေ့တစ်နေ့အတွက်၊ တစ်နှစ်အတွက်တင် မဟုတ်ဘူး။ ကျွန်မတို့နိုင်ငံရဲ့ အနာဂတ်အတွက် အင်မတန်မှ အရေးပါမှာ ဖြစ်ပါတယ်။

"ကျွန်မတို့ စံနှုန်းထားတွေရွေးဖို့ ကိုယ်တိုင်ကလည်း ဒီစံနှုန်းထားတွေကို ကျင့်သုံးမှုဖြစ်မှာပါ။ အခု ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှုကို အင်မတန်မှ ဦးစားပေးနေတဲ့ခေတ်ကြီးမှာ တခြားစိတ်ပိုင်းဆိုင်ရာ တိုးတက်မှုကိုရော ဘာတွေလိုအပ်နေသေးလဲဆိုတာ အဓိကထားပြီး စဉ်းစားစေချင်ပါတယ်။

*စာမျက်နှာ ၄ သို့*




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ဝင်များ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီလက်အောက်ရှိ အဖွဲ့(၇)ဖွဲ့မှ ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။ သတင်းစဉ်

**❝ ကျွန်မတို့ အခုကမ္ဘာကြီးဟာ တိုးတက်လာတာနဲ့အမျှ စိန်ခေါ်မှုတွေကလည်း အမျိုးမျိုးရှိပါတယ်။ တိုးတက်လာတာနဲ့အမျှ မေတ္တာ၊ ကရုဏာ၊ မုဒိတာ တကယ်ပွားလာတယ်ဆိုရင် ကောင်းပါတယ်။ ဒါမှ တကယ့်စစ်မှန်တဲ့ တိုးတက်မှုလို့ ပြောလို့ရမှာပါ။ ဒီလိုမဟုတ်ဘဲနဲ့ ဒေါသ၊ မောဟတွေ ပွားလာမယ်ဆိုရင် ဒါက စစ်မှန်တဲ့တိုးတက်မှု ဟုတ်ရဲ့လားဆိုတာ စဉ်းစားစေချင်ပါတယ်။ အမျိုးသမီးတွေအနေနဲ့ မြန်မာနိုင်ငံအမျိုးသမီးများနေ့မှာ ကျွန်မတို့နိုင်ငံကို ဘယ်လိုပုံစံဖြစ်စေချင်လဲဆိုတာကို အလေးအနက်ထားပြီး စဉ်းစားစေချင်ပါတယ်။ ကျွန်မတို့ရဲ့ သားသမီး၊ မြေး၊ မြစ်တွေကို ဘယ်လိုလူ့အသိုင်းအဝိုင်းမှာ ကြီးပြင်းလာစေချင်သလဲ။ ဘယ်လိုလူအသိုင်းအဝိုင်းမှာ နေထိုင်သွားစေချင်သလဲ။ ကျွန်မတို့ကိုယ်တိုင် အသက်ကြီးလာတာနဲ့အမျှ ဘယ်လိုလူ့အသိုင်းအဝိုင်းကို ထားခဲ့စေချင်သလဲဆိုတာကို လေးလေးနက်နက် စဉ်းစားစေချင်ပါတယ် ❞**

*စာမျက်နှာ ၃ မှ*

ရုပ်ပိုင်းဆိုင်ရာတိုးတက်မှုက မရှိမဖြစ်ဘူးဆိုတာ ကျွန်မတို့ အားလုံးလက်ခံပါတယ်။ ဒီကမ္ဘာကြီးမှာ ငွေအင်အားက အရေးကြီးတယ်ဆိုတာကလည်း ဘယ်သူမှငြင်းလို့ မရပါဘူး။ သို့သော်ငြား လည်း ငွေအင်အား တစ်ခုတည်းနဲ့လည်း မလုံလောက်ပါဘူး။ ဒီငွေအင်အားကို မှန်မှန်ကန်ကန်လုပ်နိုင်မှ ကျွန်မတို့ နိုင်ငံဟာ တန်ဖိုးရှိတဲ့နိုင်ငံ ဖြစ်လာမှာပါ။ ဒီလိုတန်ဖိုးရှိတဲ့ နိုင်ငံဖြစ်ဖို့အတွက် ကျွန်မတို့ရဲ့အမျိုးသမီးတွေက ဦးဆောင်ပြီးလုပ်စေချင်ပါတယ်။ အခွင့်အရေးကို စဉ်းစားရင်တစ်ခါတည်း တာဝန်ယူမှုကိုပါ စဉ်းစားပါ၊ အခုခေတ်ကြီးမှာ အခွင့်အရေးဆိုတာ အများကို အကျိုးပြုဖို့ဆိုတဲ့ တာဝန်နဲ့ ထိန်းထားရမှာ ဖြစ်ပါတယ်။ တာဝန်နဲ့ ဒွန်တွဲပြီးတော့ အခွင့်အရေးကို ကိုင်ထားမှ ကျွန်မတို့နိုင်ငံက တကယ်ကို တန်ဖိုးရှိတဲ့ နိုင်ငံဖြစ်လာမှာပါ။

**စဉ်းစားပြီး ပြုစုပျိုးထောင်**

"ကလေးများကို ငယ်စဉ်ဘဝကတည်းက ပြုစုပျိုးထောင်သွားဖို့ အမျိုးသမီးများအနေနဲ့ ကလေးတွေကို စိတ်ထဲမှာ ဘယ်လိုစံနှုန်းထားတွေ စွဲသွားစေချင်တယ်ဆိုတာကို သေသေချာချာ စဉ်းစားပြီး ပြုစုပျိုးထောင်ပေးစေချင်ပါတယ်။ ကျွန်မတို့ရဲ့ ပညာရေးကဏ္ဍမှာဆိုရင် ဆရာတွေထဲမှာ ၉၀ ရာခိုင်နှုန်းလောက်က အမျိုးသမီးတွေ ဖြစ်နေပါတယ်။ ကျွန်မတို့ကတော့ အမျိုးသားတွေ ပိုပြီးဝင်လာတာကို မြင်ချင်ပါတယ်။ အမျိုးသမီးတွေရဲ့ လုပ်နိုင်စွမ်းကို လျှော့တွက်လို့ မရပါဘူး။ ပညာရေးလောကမှာ ဦးဆောင်နေတာဟာ အမျိုးသမီးတွေဖြစ်တယ်ဆိုရင် မမှားပါဘူး။ ဒီလိုပြောခြင်းဟာ ကျွန်မအနေနဲ့ တက္ကသိုလ်ပါမောက္ခတွေကို ဆိုလိုတာ မဟုတ်ပါဘူး။ မူလတန်း ကျောင်းဆရာ ဆရာမတွေကို ပြောတာပါ။ မူလတန်း ကျောင်းဆရာ ဆရာမတွေရဲ့ ကဏ္ဍဟာ အင်မတန်မှ အရေးကြီးပါတယ်။ ကျွန်မတို့ အမျိုးသမီးများဟာ မိသားစုအတွင်းမှာတင် မဟုတ်ဘူး။ ပညာရေး လောက အတွင်းမှာ၊ လူမှုအသိုင်းအဝိုင်းအတွင်းမှာ အင်မတန်မှ အရေးပါတဲ့ကဏ္ဍ ရှိနေပါပြီ။ ဒီအရေးပါတဲ့ကဏ္ဍမှာရှိနေတဲ့ အခြေအနေကို နိုင်ငံအတွက် အကောင်းဆုံး ဖြစ်အောင် လုပ်စေချင်ပါတယ်။

**အလေးအနက်ထားပြီး စဉ်းစား**

"ကျွန်မတို့ အခု ကမ္ဘာကြီးဟာ တိုးတက်လာတာနဲ့အမျှ စိန်ခေါ်မှုတွေကလည်း အမျိုးမျိုးရှိပါတယ်။ တိုးတက်လာတာနဲ့အမျှ မေတ္တာ၊ ကရုဏာ၊ မုဒိတာ တကယ်ပွားလာတယ်ဆိုရင် ကောင်းပါတယ်။ ဒါမှ တကယ့်စစ်မှန်တဲ့ တိုးတက်မှုလို့ ပြောလို့ရမှာပါ။ ဒီလိုမဟုတ်ဘဲနဲ့ ဒေါသ၊ မောဟတွေ ပွားလာမယ်ဆိုရင် ဒါက စစ်မှန်တဲ့တိုးတက်မှု ဟုတ်ရဲ့လားဆိုတာ စဉ်းစားစေချင်ပါတယ်။ အမျိုးသမီးတွေအနေနဲ့ မြန်မာနိုင်ငံ အမျိုးသမီးများနေ့မှာ ကျွန်မတို့နိုင်ငံကို ဘယ်လိုပုံစံဖြစ်စေချင်လဲဆိုတာကို အလေးအနက်ထားပြီး စဉ်းစားစေချင်ပါတယ်။ ကျွန်မတို့ရဲ့သားသမီး၊ မြေး၊ မြစ်တွေကို ဘယ်လိုလူ့အသိုင်းအဝိုင်းမှာ ကြီးပြင်းလာစေချင်သလဲ။ ဘယ်လိုလူအသိုင်းအဝိုင်းမှာ နေထိုင်သွားစေချင်သလဲ။ ကျွန်မတို့ကိုယ်တိုင် အသက်ကြီးလာတာနဲ့အမျှ ဘယ်လိုလူ့အသိုင်းအဝိုင်းကို ထားခဲ့စေချင်သလဲဆိုတာကို လေးလေးနက်နက် စဉ်းစားစေချင်ပါတယ်။ ကိုယ်က ဘာကို ရည်ရွယ်လဲဆိုတာကို သေချာသိမှ ရည်ရွယ်ချက်အောင်မြင်အောင် ဘယ်လိုလုပ်ရမလဲဆိုတာကို ကျွန်မတို့ နည်းလမ်းရှာနိုင်မှာ ဖြစ်ပါတယ်။ ကိုယ့်နိုင်ငံ တကယ်ကို တန်ဖိုးရှိပြီးတော့ လုံခြုံတဲ့နေရာတစ်ခု ဖြစ်ဖို့ဆိုရင် အမျိုးသမီးတွေအနေနဲ့ ဘာတွေလုပ်ပေးနိုင်သလဲ။ ဘာတွေလုပ်သင့်သလဲဆိုတာကို စဉ်းစားပါ။ ဘယ်လိုတန်ဖိုးထားပြီး ဖြန့်ချိပေးသင့်သလဲဆိုတာ စဉ်းစားပါ။ ဘယ်လိုပုံစံတွေနဲ့ ထိထိရောက်ရောက် ဖြန့်ချိပေးသင့်သလဲဆိုတာကို စဉ်းစားစေချင်ပါတယ်။ ဒါက အမျိုးသမီးတွေတင် မဟုတ်ဘဲ အမျိုးသားတွေလည်း လုပ်ရမယ့်ကိစ္စ ဖြစ်ပါတယ်။

**အချင်းချင်း စာနာနားလည်**

"ဒီနေ့က မြန်မာနိုင်ငံအမျိုးသမီးများနေ့ဖြစ်တဲ့အတွက် အမျိုးသမီးတွေကို အဓိက ဦးတည်ပြီး ပြောတာဖြစ်ပါတယ်။ ကျွန်မတို့ အမျိုးသမီး၊ အမျိုးသား တန်းတူညီမျှရေးလုပ်တဲ့အခါ ရန်သူတွေသဖွယ် တစ်ယောက်နဲ့တစ်ယောက် ကြည့်ပြီး လုပ်တာမဟုတ်ဘဲနဲ့ မိတ်ဆွေတွေလို၊ မောင်နှမအရင်းအချာတွေလို လုပ်စေချင်ပါတယ်။ အားလုံး တန်းတူညီတူလက်တွဲပြီး သွားနိုင်ဖို့ ဦးတည်ရမှာ ဖြစ်ပါတယ်။ အမျိုးသမီးအချင်းချင်း စာနာနားလည်နိုင်မှ၊ ကျွန်မတို့ အမျိုးသမီးတွေ၊ အမျိုးသားတွေကြားထဲမှာ စာနာနားလည်နိုင်မှ ကျွန်မတို့ အနာဂတ်မျိုးဆက်တွေရဲ့အကျိုးကို ထမ်းဆောင်နိုင်မှာပဲ ဖြစ်ပါတယ်။

"ဒီနေ့ မြန်မာနိုင်ငံအမျိုးသမီးများနေ့ကစပြီး နောက်နှစ်ပေါင်းများစွာ ကမ္ဘာတည်ရှိသရွေ့ ကျွန်မတို့နိုင်ငံရဲ့အကျိုးကို သယ်ပိုးနိုင်တဲ့ အမျိုးသမီးတွေ ဖြစ်ကြပါစေလို့ ဆုတောင်းမေတ္တာပို့ပါတယ်"ဟု ပြောကြားသည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် ဒုတိယဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၏ ဇနီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် လည်းကောင်း၊ ထူးချွန်ဆုရရှိကြသူများ၊ Parallel Session တွင် ဆွေးနွေးကြမည့် ပုဂ္ဂိုလ်များနှင့်လည်းကောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီလက်အောက်ရှိ အဖွဲ့(၇)ဖွဲ့မှ ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့် လည်းကောင်း၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် လည်းကောင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့ဝင်များသည် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန မြေညီထပ်၌ ပြသထားသည့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်း၊ အမျိုးသမီးအဖွဲ့အစည်းများကွန်ရက်၊ မြန်မာနိုင်ငံ ရင်ခွင်မဲ့ ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း၊ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း၊ ကျား၊ မ ရေးရာတန်းတူ ညီမျှရေးကွန်ရက်၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ကျား၊ မ တန်းတူညီမျှရေး ပူးပေါင်းဆောင်ရွက်မှု အသင်းတို့၏ လူမှုအကျိုးပြုဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို လိုက်လံကြည့်ရှုအားပေးကြသည်။ **သတင်းစဉ်**

## မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနား ပုသိမ်မြို့၌ ကျင်းပ

**ပုသိမ် ဇူလိုင် ၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီက ကြီးမှူးကျင်းပသော ၂၀၁၉ ခုနှစ်၊ မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်က ၁၉၉၆ ခုနှစ်၊ ဇူလိုင် ၃ ရက်နေ့ကို အစွဲပြုပြီး နယ်ပယ်စုံ၊ ကဏ္ဍစုံတွင် အမျိုးသမီးများ နိုင်ငံတကာနှင့် ရင်ပေါင်တန်းပြီး လျှောက်လှမ်းနိုင်ရန် ရက်နေ့သတ်မှတ်သည့်အနေဖြင့် နှစ်စဉ် ဇူလိုင် ၃ ရက်နေ့ကို မြန်မာအမျိုးသမီးများနေ့အဖြစ် သတ်မှတ်ခဲ့ကြောင်း၊ နိုင်ငံလူဦးရေ၏ ထက်ဝက်ကျော်ကို ကိုယ်စားပြုသည့် မြန်မာအမျိုးသမီးများအနေဖြင့် ငြိမ်းချမ်းသာယာသည့် ဒီမိုကရေစီ ပြည်ထောင်စုကြီး အောင်မြင်စွာ တည်ထောင်နိုင်ရန်အတွက် ပြည်ထောင်စုကြီး၏ မျှော်မှန်းချက်များ ပြည့်ဝအောင်မြင်ရေးကို ကြိုးပမ်းရာတွင် တစ်ဦးချင်းစီ၏ ဒီမိုကရေစီစိတ်ဓာတ်နှင့် အလေ့အကျင့်ကို အရင်းခံပြီး တစ်ဦးနှင့်တစ်ဦး အပြန်အလှန်နားလည်မှု၊ လေးစားယုံကြည်မှု၊ ချစ်ခင်ကြင်နာမှုများဖြင့် ပြည့်လျှံနေသည့် နိုင်ငံတော်ကြီး ဖြစ်ရန် စုပေါင်းတည်ဆောက်ကြပါစို့ဟု တိုက်တွန်းကြောင်း အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာ လှမြတ်သွေးက တိုင်းဒေသကြီးအတွင်း လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ၂၀၁၈-၂၀၁၉ ပညာသင်နှစ် တိုင်းဒေသကြီးအတွင်း ထူးချွန်စွာအောင်မြင်ခဲ့ကြသော အမျိုးသမီးများအား ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြသည်။

ဆက်လက်၍ "အမျိုးသမီးများအပေါ် အကြမ်းဖက်မှု လျှော့နည်းပပျောက်ရေး"ခေါင်းစဉ်ဖြင့် ကဏ္ဍပေါင်းစုံပါဝင်သော စကားဝိုင်းကို ဆွေးနွေးကြပြီး အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်၊ လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်နှင့် ဇနီး၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့်ဇနီး၊ အစိုးရအဖွဲ့ဝန်ကြီးများနှင့် ဇနီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

### မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၃**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မိုး/ဇလ**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၃**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် မကြာမီက စတင်တာဝန်ထမ်းဆောင်သည့် မစ္စတာ ချန်းဟိုင်အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်**

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး ကိစ္စရပ်များ၊ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းမူဘောင်အောက်မှ နှစ်နိုင်ငံအကြား အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေး၊ မြန်မာ-တရုတ် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး နှစ်(၇၀) ပြည့်မြောက်မည့် ၂၀၂၀ ပြည့်နှစ်တွင် အထိမ်းအမှတ် အခမ်းအနားများ ပူးတွဲကျင်းပရေး၊ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်၊ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်နှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းစဉ်တို့တွင် မြန်မာနိုင်ငံအစိုးရ၏ ကြိုးပမ်းဆောင်ရွက်နေမှုများအပေါ် တရုတ်နိုင်ငံမှ အပြုသဘော ဆက်လက်အကူအညီပေးအပ်သွားမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ်ခဲ့သည်။ **သတင်းစဉ်**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင်၊ အဖွဲ့ဝင်များနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။** သတင်းစဉ်

# မြန်မာအမျိုးသမီးများနေ့ အခမ်းအနား ကျင်းပ

**နေပြည်တော် ဇူလိုင် ၃**

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံအမျိုးသမီးများနေ့ အခမ်းအနားကို နေပြည်တော်ရှိမြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC-2) ၌ ကျင်းပသည်။



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကြက်တောင်အားကစား ထူးချွန်ဆုရရှိသူ ရန်ကုန်မြို့မှ မသက်ထားသူဇာကိုယ်စား ၎င်း၏ဖခင် ဦးထွန်းထွန်းဇော်အား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။** သတင်းစဉ်



**ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန် ထူးချွန်ကြက်ခြေနီဆုရရှိသူ မွန်ပြည်နယ် တပ်ဖွဲ့ခွဲမှူး ဒေါ်သီသီမွန်အား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။** သတင်းစဉ်

**မှတ်တမ်းဗီဒီယိုပြသ**

အခမ်းအနား ဒုတိယပိုင်းအစီအစဉ်တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်မှတ်တမ်းဗီဒီယိုအား ပြသသည်။

ယင်းနောက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက အမှာစကားပြောကြားပြီး Women of Future (SEA) ဆုရရှိသူ ရန်ကုန်တိုင်းဒေသကြီး တောင်သူပညာပေးအဖွဲ့ (Proximity Designs)မှ အထွေထွေမန်နေဂျာ မဖြူနှင်းငြိမ်း၊ ကြက်တောင်အားကစား ထူးချွန်ဆုရရှိသူ ရန်ကုန်မြို့မှ မသက်ထားသူဇာကိုယ်စား ၎င်း၏ဖခင် ဦးထွန်းထွန်းဇော်၊ အလွတ်တန်းဆောင်းပါးပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိုက်စိုးထွန်း၊ ဒုတိယဆုရရှိသည့် မကွေးမြို့သင်ကြားရေးဆေးရုံကြီး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂) ဦးအောင်စည်သူ၊ တတိယဆုရရှိသည့် ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာနမှ ဘွဲ့လွန်ကျောင်းသား မောင်ရဲမင်းထက်တို့အား ဂုဏ်ပြုဆုများချီးမြှင့်သည်။

ဆက်လက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ထူးချွန်ရဲမေဆုရရှိသူ မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့၊ ပြင်ဦးလွင်မြို့မရဲစခန်းမှ ဒု-ရဲအုပ် ဒေါ်အေးစံပယ်၊ ထူးချွန်မီးသတ်ရဲမေဆုရရှိသူ ရန်ကုန်တိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့ဌာနချုပ်မှ ဒုတိယဦးစီးမှူး ဒေါ်လွင်လွင်သူ၊ ထူးချွန်ကြက်ခြေနီဆုရရှိသူ မွန်ပြည်နယ် တပ်ဖွဲ့ခွဲမှူး ဒေါ်သီသီမွန်၊ မသန်စွမ်းထူးချွန်ဆုရရှိသူ မကွေးမြို့ အရှေ့သီရိရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ စေတနာ့ဝန်ထမ်းဆရာမ ဒေါ်အိအိညိမ်းတို့အား ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်က မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အခြေခံပညာအထက်တန်းကျောင်း(၆)မှ မထက်ဆုပန်၊ ဒုတိယဆုရရှိသည့် မွန်ပြည်နယ် မုဒုံမြို့ အခြေခံပညာအထက်တန်းကျောင်း(၁)မှ မအေးမြတ်နိုးသူ ၊ တတိယဆုရရှိသူ ကရင်ပြည်နယ် ဘားအံမြို့ အခြေခံပညာအထက်တန်းကျောင်း(၄)မှ မချောသန္တာမိုးမြင့်တို့အား ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

**ဂုဏ်ပြုဆုများ ချီးမြှင့်**

ယင်းနောက် အမျိုးသားလွှတ်တော်၊ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်တင်ဝင်းက ၂၀၁၉-၂၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဝိဇ္ဇာတွဲအမှတ်အများဆုံးရရှိသူ ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် တောင်တက်ရိုး အခြေခံပညာအထက်တန်းကျောင်းမှ မသဇင်ဝင်း၊ သိပ္ပံတွဲတွင် ဒုတိယအမှတ်အများဆုံးရရှိသူ မန္တလေးတိုင်းဒေသကြီး CAE ကိုယ်ပိုင်အထက်တန်းကျောင်းမှ မဟန်နီထွန်း၊ ပြည်သူ့လွှတ်တော်၊ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်စိုးစိုးကြည်က သိပ္ပံတွဲတွင် ဒုတိယအမှတ်အများဆုံးရရှိသူ မန္တလေးတိုင်းဒေသကြီး CAE ကိုယ်ပိုင်အထက်တန်းကျောင်းမှ မယမုံသွင်တို့အား ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ထို့နောက် နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့(၄)ဖွဲ့မှ တာဝန်ရှိသူများက စကားဝိုင်းဆွေးနွေးခြင်း အစီအစဉ်တွင် "အမျိုးသမီးများနှင့် ရာသီဥတုပြောင်းလဲမှု" ခေါင်းစဉ်ဖြင့် ဦးဆောင်ဆွေးနွေးသူအဖြစ် အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာသက်သက်ဇင်၊ Facilitator အဖြစ် AICS မှ National Coordinator ဒေါ်ချိုချိုရီ၊ ပါဝင်ဆွေးနွေးသူများအဖြစ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်မြတ်မိုးသွယ်၊ သစ်တောဦးစီးဌာနမှ သုတေသနအရာရှိ ဒေါက်တာမူမူအောင်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသူဇာဝင်း၊ သေုခလူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးမြင့်တင်(ခ)ဦးအောင်မြင့်တို့က လည်းကောင်း။

"အမျိုးသမီးနှင့်မီဒီယာ" ခေါင်းစဉ်ဖြင့် ဦးဆောင်ဆွေးနွေးသူ ကျား၊ မရေးရာ တန်းတူညီမျှရေးကွန်ရက် ဒါရိုက်တာ ဒေါ်မေစံပယ်ဖြူ၊ Facilitator အဖြစ် ဒေါ်စုစုမာ၊ ပါဝင်ဆွေးနွေးသူများအဖြစ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ယုယုဝင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သိလ္လာစိုး၊ UNESCO မှ Project Officer ဒေါ်နိုင်နိုင်အေး၊ ရုပ်ရှင်ဒါရိုက်တာ ဒေါ်ခရစ္စတီးနားခိ၊ Myanmar Women Journalists Society မှ ဒေါ်ထက်ထက်တို့က လည်းကောင်း။

၂၀၁၉ ခုနှစ်၊ မြန်မာအမျိုးသမီးများနေ့ အခမ်းအနားတွင် ဆွေးနွေးမည့် ခေါင်းစဉ်များ "အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၁၃-၂၀၂၂) အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များရေးဆွဲခြင်း" ခေါင်းစဉ်ဖြင့် ဦးဆောင်ဆွေးနွေးသူ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေး၊ Facilitator အဖြစ် UN Women မှ ဒေါ်သင်းသင်းအောင်၊ ပါဝင်ဆွေးနွေးသူများအဖြစ် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မီမီထွေး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်မြင့်သန်း၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ကြည်ချယ်ရီ၊ WON မှ ဒေါ်သူဇာတင်၊ မန္တလေးတိုင်းဒေသကြီး အမျိုးသမီးကော်မတီမှ ဒေါ်လှိုင်ယဉ်နွယ်တို့က လည်းကောင်း။

**ဆွေးနွေး**

"သက်ဆိုင်ရာ ကဏ္ဍများတွင် ကျား၊ မ ရေးရာ ထည့်သွင်းဆောင်ရွက်ခြင်း" ခေါင်းစဉ်ဖြင့် ဦးဆောင်ဆွေးနွေးသူ လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေလင်း၊ Facilitator အဖြစ် AICS မှ National Coordinator ဒေါ်နော်အေးအေးလှိုင်၊ ပါဝင်ဆွေးနွေးသူများအဖြစ် ပညာရေးသုတေသန စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်ယုံ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာနှင်းနှင်းလွင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နယ်လီစန်း၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ အတွင်းရေးမှူး ဒေါ်နွယ်နီအုန်း၊ ကျား၊ မ ရေးရာ တန်းတူညီမျှရေးကွန်ရက်မှ ပူးတွဲသဘာပတိ ဒေါ်နွယ်ဇင်ဝင်းတို့က လည်းကောင်း ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ဖျော်ဖြေရေးအစီအစဉ်အဖြစ် တေးသံရှင်အဆိုတော် ပိုးမီက "မြန်မာအမျိုးသမီးများနေ့" သီချင်း၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ်မှ ဝူရှူးအားကစားသရုပ်ပြအက၊ အမျိုးသမီးအဖွဲ့များကွန်ရက်မှ "မရှိတာထက် မသိတာခက်" ပြဇာတ်၊ ကျား၊ မ ရေးရာ တန်းတူညီမျှရေးကွန်ရက်မှ "မြန်မာအမျိုးသမီးများနေ့ သံချပ်"၊ သမီးလေး မသီရိဖြူစင်မှ "အမေစုပါနော်" သီချင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ "အားလုံးရဲ့အိမ်" ပြဇာတ်တို့ဖြင့် ဖျော်ဖြေညှော့ခံခဲ့ပြီး မြန်မာနိုင်ငံ အမျိုးသမီးများနေ့ အခမ်းအနား အောင်မြင်အောင် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသူများအား ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လွမ်းဆွတ်တမ်းတမိပါသည်

မောင်သောင်းဝင်း (တမန်ဟောင်း)

**၂၀၁၉ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့သည် ဗိုလ်ချုပ်နှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည့် (၇၂)မြောက် "အာဇာနည်နေ့"ပင်ဖြစ်သည်။ အာဇာနည်နေ့ရောက်ရှိလျှင် အာဇာနည်ခေါင်းဆောင်ကြီးများကို အောက်မေ့သတိရပြီး မျက်ရည်စို့ခဲ့ရသည်မှာ အကြိမ်ကြိမ်အခါခါပင်ဖြစ်သည်။ ထိုဖြစ်စဉ်ကိုတွေးမိပြီးယူကျုံးမရလည်းဖြစ်ရသည်။ အထူးသဖြင့် တပ်မတော်၏ဖခင်၊ လွတ်လပ်ရေး ဗိသုကာ၊ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းလုပ်ကြံခံရမှုအပေါ်မချိတင်ကဲ ဖြစ်ရသည်။**

## ကျဆုံးခဲ့ရ

နှစ်စဉ် ဇူလိုင်လရောက်လျှင် မိုးသည်တဖွဲဖွဲဖြင့် စွေလေ့ရှိသည်။ လွန်ခဲ့သော ၇၂ နှစ် ဇူလိုင်လ ၁၉ ရက်နေ့ကလည်း ထိုကဲ့သို့ မိုးတဖွဲဖွဲရွာသွန်းခဲ့သည်။ ထိုနေ့က လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ အာဇာနည်ခေါင်းဆောင်ကြီးများသည် ရန်ကုန်မြို့ရှိ အတွင်းဝန်များရုံး၌ တိုင်းပြည်လွတ်လပ်ရေးအတွက် ဆွေးနွေးတိုင်ပင်နေစဉ် နံနက် ၁၀ နာရီ ၃၇ မိနစ်ခန့်တွင် နယ်ချဲ့လက်ပါးစေ၊ အကြံပက်စက်သူလူတစ်စု၏ လက်ချက်ကြောင့် ကြွေလွင့်ခဲ့ရသည်။

ထိုစဉ်က အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့ရသဖြင့်တိုင်းပြည်တစ်ခုလုံး အုန်းအုန်းကျွက်ကျွက်ဖြစ်ခဲ့ရသည်။ ပြည်သူတို့၏မျှော်လင့်ချက် မှေးမှိန်ခဲ့ရသည်။ သို့သော် ထိုအာဇာနည်ခေါင်းဆောင်ကြီးများ၏ လမ်းစဉ်အတိုင်း ဆက်လက် အကောင်အထည်ဖော်ခဲ့သဖြင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်ရေးရရှိခဲ့ပါသည်။ လွတ်လပ်ရေး ဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ တိုင်းပြည်လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်နေသူ အောက်ဖော်ပြပါ အာဇာနည်ခေါင်းဆောင်ကြီးများလည်း ကျဆုံးခဲ့ရသည်-

(က) သခင်မြ (၁၈၉၇-၁၉၄၇)
(ခ) ဦးဘချို (၁၈၉၃-၁၉၄၇)
(ဂ) ဦးရာဇတ် (၁၈၉၈-၁၉၄၇)
(ဃ) ဦးဘဝင်း (၁၉၀၁-၁၉၄၇)
(င) မန်းဘခိုင် (၁၉၀၃-၁၉၄၇)
(စ) မိုင်းပွန်စော်ဘွားစဝ်စံထွန်း (၁၉၀၇-၁၉၄၇)
(ဆ) ဦးအုန်းမောင် (၁၉၁၃-၁၉၄၇)
(ဇ) ရဲဘော်ကိုထွေး (၁၉၂၉-၁၉၄၇)

## အတုယူသင့်သောစိတ်ဓာတ်

စင်စစ်အားဖြင့် အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် ငယ်စဉ်ကတည်းက အများနှင့်မတူတစ်မူထူးခြားစွာနေထိုင်လေ့ရှိသည်။ မိဘများ၊ ဆရာသမားများအပေါ်တွင် မုသားစကားပြောဆိုလေ့မရှိဘဲ ကလေးသဘာဝ မိမိ၏စိတ်ထဲတွင်ဖြစ်ချင်သော ဆန္ဒအမှန်ကို ထုတ်ဖော်ပြောကြားဝံ့သော သတ္တိရှိခဲ့သည်။ ထို့အပြင် ကလေးဘဝတွင်ပြုမူခဲ့သည့် အမှားများကိုလည်း ရဲဝံ့စွာဝန်ခံရဲသော ရိုးသားဖြောင့်မတ်သည့်စိတ်ထားကို ပိုင်ဆိုင်ထားရှိပြန်သည်။ ထိုစိတ်နေစိတ်ထားများသည် အနာဂတ်ကို စီမံခန့်ခွဲမည့် မျိုးဆက်သစ်လူငယ်များအတွက် အတုယူသင့်သော မွန်မြတ်တည်ကြည်သည့် စိတ်ဓာတ်ပင် ဖြစ်သည်။

အာဇာနည်သူရဲကောင်း ဗိုလ်ချုပ်အောင်ဆန်းသည် တက္ကသိုလ်ကျောင်းသားဘဝတွင်လည်း ကြွားဝါထောင်လွှားမှုမရှိဘဲ ကျောင်းစာကိုသာ အပတ်တကုတ်ကြိုးစားခဲ့သည်။ ထို့အပြင် သူတစ်ပါးအကြိုက် အားနာပြီး လိုက်ပါပြောဆိုပြုမူလေ့မရှိဘဲ အရှိကိုအရှိတိုင်း ပြောဆိုဆက်ဆံပြုမူခဲ့သဖြင့် ကျောင်းသားများအကြားတွင် ပေါင်းသင်းဆက်ဆံရခက်ခဲသည့် လူတစ်ဦးဟုရှုမြင်ခံခဲ့ရသည်။ တခြားသူများ မည်ကဲ့သို့ပင် လက်ညှိုးထိုးနေစေကာမူ ဖြောင့်မတ်စွာ ရပ်တည်ကြိုးစားခဲ့သဖြင့် တက္ကသိုလ်ကျောင်းသားခေါင်းဆောင်အဖြစ် ရွေးချယ်ခံခဲ့ရသည်။



## စွန့်လွှတ်အနစ်နာခံခဲ့

သူ့ကျွန်ဘဝကျရောက်နေသော တိုင်းပြည်ကို နယ်ချဲ့တို့၏ လက်အောက်မှလွတ်မြောက်ရေးအတွက် ကြိုးပမ်းမည်ဆိုသော ခိုင်မာပြတ်သားသည့်သန္နိဋ္ဌာန်ဖြင့် တက္ကသိုလ်မှထွက်ကာ လွတ်လပ်ရေးကြိုးပမ်းမှုများကို ဦးဆောင်ခဲ့သည်။ ထိုသို့ ကိုယ်ကျိုးမဖက်သည့် စိတ်ဓာတ်ဖြင့် ဆောင်ရွက်ခဲ့မှုများသည် သာမန်လူတို့ဆောင်ရွက်နိုင်ခဲသော စွန့်လွှတ်အနစ်နာခံမှုပင်ဖြစ်သည်။ လွတ်လပ်ရေးအတွက် နယ်ချဲ့အား တိုက်ထုတ်ရန်သည် ခိုင်မာတောင့်တင်းပြီး စနစ်တကျဖွဲ့စည်းထားသည့် လက်နက်ကိုင်အဖွဲ့အစည်း တစ်ရပ်ရှိရမည်ဆိုသော တွေးခေါ်မြော်မြင်ဆုံးဖြတ် ဆောင်ရွက်နိုင်စွမ်းကလည်း အသက်အရွယ်နှင့် မလိုက်သောရင့်ကျက်မှုကို ပြသခဲ့ခြင်းပင်ဖြစ်သည်။

တပ်မတော်ဖွဲ့စည်းရေးအတွက် လိုအပ်လျက်ရှိသည့် နိုင်ငံခြား အကူအညီရရှိရေး ပြည်ပသို့တိတ်တဆိတ်ထွက်ခွာခဲ့ရာတွင်လည်း အခက်အခဲပေါင်းစုံကြုံတွေ့ခဲ့ရပြန်သည်။ သို့သော် ခိုင်မာပြတ်သားသည့် သန္နိဋ္ဌာန်ကြောင့် ရည်မှန်းချက်ပြီးမြောက်အောင် ဆောင်ရွက်နိုင်သဖြင့် ရဲဘော်သုံးကျိပ်နှင့်အတူ စစ်ပညာသင်ယူ ဆည်းပူးနိုင်ခဲ့သည်။ ထို့နောက် လွတ်လပ်ရေးအတွက် အသက် ပေးသွားမည်ဟုသစ္စာဆိုကာ လက်မောင်းသွေးဖောက်သောက်ပြီး ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီးကို ဖွဲ့စည်းနိုင်ခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ဘီအိုင်အေ၊ ဘီဒီအေ၊ ပီဘီအက်ဖ်တပ်မတော်များနှင့်အတူ နယ်ချဲ့နှင့်ဖက်ဆစ်ဂျပန်တို့ကို မြန်မာ့မြေပေါ်မှ အမြစ်ပြတ်ချေမှုန်း တိုက်ထုတ်နိုင်ခဲ့သည်။ ထို့အပြင် မြန်မာ့လွတ်လပ်ရေးအတွက်လည်း နယ်ချဲ့တို့ထံ တည်တံ့စွာပြောဆိုတောင်းဆိုနိုင်ခဲ့သည်။ နယ်ချဲ့တို့ထံ လွတ်လပ်ရေးတောင်းဆိုရေးအတွက် တိုင်းပြည်အတွင်း တရားမျှတသော ရွေးကောက်ပွဲကြီးကျင်းပကာ တိုင်းပြုပြည်ပြု လွှတ်တော်ကြီးကျင်းပနိုင်ခဲ့သည်။ ထိုလွှတ်တော်ကြီးမှ တိုင်းပြည်အတွက် အရေးပါသော ဆုံးဖြတ်ချက်များချမှတ်နိုင်ခဲ့သည်။ ထို့နောက် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် သမ္မတနိုင်ငံဖွဲ့စည်းထူထောင်ရန် အရေးကြီးအဆိုကိုတင်သွင်းနိုင်ခဲ့သည်။ ဗိုလ်ချုပ်၏အမြော်အမြင်ကြီးမားမှုကြောင့် တစ်နှစ်အကြာတွင် နိုင်ငံနှင့်လူမျိုးအတွက် အသက်တမျှအရေးပါသော လွတ်လပ်ရေးကြီးကို ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လက်ဝယ် ပိုင်ပိုင်ရယူနိုင်ခဲ့ပါသည်။

## ဗိုလ်ချုပ်၏ မျှော်မှန်းချက်

ဗိုလ်ချုပ်သည် တိုတောင်းလှသော သက်တမ်းကာလအတွင်း တိုင်းပြည်နှင့် လူမျိုးအတွက် မတူညီသော တာဝန်အမျိုးမျိုးကို အသက်ပေးထမ်းဆောင်ခဲ့သည်။ နိုင်ငံသားများ၊ အထူးသဖြင့် မျိုးဆက်သစ်များအနေဖြင့် ဗိုလ်ချုပ်၏ ပြောဆို၊ ပြုမူမှုပုံစံများကိုသာ သတိရတမ်းတနေခြင်းမျိုး၊ အချိုးအစားမညီသော ဗိုလ်ချုပ်ပုံစံတူရုပ်တုများကိုသာ ထုဆစ်နေခြင်းမျိုး၊ မိမိတို့နာမည်ကျော်ကြားရေးအတွက် ဗိုလ်ချုပ်ကို အသုံးချနေခြင်းမျိုးတို့ကို လုပ်ဆောင်မနေကြဘဲ အာဇာနည်ခေါင်းဆောင်ကြီး၏ မျှော်မှန်းချက်များကို ရုပ်လုံးပေါ်အောင် လိုက်ပါအကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့်သာ ဗိုလ်ချုပ်၏ လမ်းညွှန်ချက်ကို မြေဝယ်မကျနားထောင်ရာကျပေမည်ဖြစ်သည်။ အမှန်စင်စစ်မှာမူ လွတ်လပ်ရေးဗိသုကာ အာဇာနည်ခေါင်းဆောင်ကြီး၏ရင်ထဲကစိတ်ကူးအိပ်မက်သည် တိုင်းပြည်အတွင်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးခိုင်မာအောင် တည်ဆောက်သွားရန် ဖြစ်သည်။

## အုတ်တစ်ချပ် သဲတစ်ပွင့်မျှပါဝင်သင့်

ဗိုလ်ချုပ်သာလုပ်ကြံမခံရလျှင် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားပြည်သူများအကြား စည်းလုံးညီညွတ်မှုကို ယခုထက်ပိုမိုကျစ်လျစ်အောင် တည်ဆောက်နိုင်မည်ဖြစ်သည်။ စည်းလုံးညီညွတ်သောတိုင်းပြည်သည် ဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်များ ယခုထက်ခံစားရမည်ဖြစ်သည်။ ဗိုလ်ချုပ်ကျဆုံးသွားသည်မှာ ၇၂ နှစ်နီးပါးကြာမြင့်ခဲ့ပြီဖြစ်သော်လည်း တိုင်းပြည်အတွင်းငြိမ်းချမ်းရေးကို တင်းပြည့်ကျပ်ပြည့်မတည်ဆောက်နိုင်သေးသည်မှာ ဝမ်းနည်းဖွယ်ရာပင်ဖြစ်သည်။ ဗိုလ်ချုပ်သည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို တဖွဖွပြောဆိုခဲ့သည်။

ထို့ကြောင့် အမျိုးသားခေါင်းဆောင်ကြီးကဲ့သို့ စွမ်းဆောင်နိုင်စွမ်းမရှိသည့်တိုင်အောင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အုတ်တစ်ချပ် သဲတစ်ပွင့်မျှ ပါဝင်ဆောင်ရွက်သွားမည်ဆိုလျှင် နိုင်ငံသားတစ်ဦး၏ တာဝန်ကျေပွန်သည်ဟု ယူဆနိုင်မည်ဖြစ်သည်။ ဆိုရလျှင် မျိုးချစ်စိတ်ဓာတ်ရှိသော တိုင်းရင်းသားညီအစ်ကိုများအနေဖြင့် မိမိတို့၏အတ္တများကို စွန့်လွှတ်သင့်နေပြီဖြစ်သည်။ တိုင်းပြည်အတွင်း ထာဝရငြိမ်းချမ်းရေးရရှိစေမည့် လုပ်ငန်းများတွင် ကျရာအခန်းကဏ္ဍမှ တတ်အားသရွေ့ ပါဝင်ဆောင်ရွက်သွားသင့်ပေသည်။ အာဇာနည်ခေါင်းဆောင်ကြီးအကြောင်းကို အာပေါင်အာရင်း သန်သန်ဖြင့် ပြောဆိုနေသည်ထက် အလုပ်နှင့်သက်သေပြသွားရန်လည်း လိုအပ်သည်။

## လွမ်းဆွတ်တမ်းတမိပါသည်

ဆိုရလျှင် အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် လူ့ဘဝတွင်နေထိုင်ခဲ့သည့် သက်တမ်း ၃၃ နှစ်ကာလအတွင်း တိုင်းပြည်နှင့်လူမျိုးအတွက် အသက်ကိုပင်စွန့်လျက် မနားမနေကြိုးစားခဲ့သည်မှာ နိုင်ငံသားအားလုံး အတုယူဖွယ်ရာ ဖြစ်သည်။ ထိုသို့ ဗိုလ်ချုပ်အသက်စွန့်ပြီးရယူခဲ့သော လွတ်လပ်ရေးကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းသွားရန်သည် ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်လျက်ရှိသောနိုင်ငံသားအားလုံး၏ တာဝန်ပင်ဖြစ်သည်။ ထိုလွတ်လပ်ရေးကို ထာဝစဉ် ထိန်းသိမ်းသွားနိုင်ရန်သည် တိုင်းရင်းသားအားလုံး သွေးစည်းညီညွတ်မှုရှိနေရမည်ဖြစ်သည်။

အမှန်တော့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြား အစိုင်အခဲဖြစ်နေသော အတိတ်က အာဃာတများ၊ သံသယများကို သင်ပုန်းချေပြီးမှသာ ထိုသွေးစည်းညီညွတ်မှုကိုတည်ဆောက်နိုင်မည်ဖြစ်သည်။ သို့မှသာလျှင် နိုင်ငံသားအားလုံးလိုလားတောင့်တနေသော ထာဝရငြိမ်းချမ်းရေး တည်ဆောက်နိုင်မည်ဖြစ်သည်။ ထိုမှတစ်ဆင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို တည်ဆောက်နိုင်မည်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ ဇူလိုင်မိုးတဖွဲဖွဲ့ကျလာပြီဆိုလျှင် တိုင်းပြည်နှင့်လူမျိုးအတွက် စွန့်လွှတ်စွန့်စား အနစ်နာခံသွားသည့် သတ္တိ ဗျတ္တိ၊ လက်ရုံးရည်နှလုံးရည်တို့နှင့် ပြည်စုံသော အာဇာနည်ခေါင်းဆောင်ကြီးများကို ပိုမိုလွမ်းဆွတ်တမ်းတနေမိပါတော့သည်။ ။

**"ဗိုလ်ချုပ်အသက်စွန့်ပြီးရယူခဲ့သော လွတ်လပ်ရေးကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းသွားရန်သည် ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်လျက်ရှိသော နိုင်ငံသားအားလုံး၏ တာဝန်ပင်ဖြစ်သည်။ ထိုလွတ်လပ်ရေးကို ထာဝစဉ်ထိန်းသိမ်းသွားနိုင်ရန်သည် တိုင်းရင်းသားအားလုံး သွေးစည်းညီညွတ်မှုရှိနေရမည်ဖြစ်သည်"**

# အာဇာနည်နေ့အထိမ်းအမှတ် ရုပ်ပုံပြ ပုံပြင်ပြောခြင်းနှင့် ကဗျာရွတ်ဆိုခြင်း ပြုလုပ်

**ရှမ်းရွာသစ် ဇူလိုင် ၃**

ကရင်ပြည်နယ် ရှမ်းရွာသစ်မြို့တွင် ကျောင်းသား ကျောင်းသူ လူငယ်လေးများ စာကြည့်တိုက်သို့ လာရောက်၍ စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်မှုရရှိစေရန်၊ ကိုယ်လက်ကျန်းမာစေရန်၊ ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် နေ့ထူးနေ့မြတ်အကြောင်း သိရှိစေရန် ရည်ရွယ်၍ အာဇာနည်နေ့ အထိမ်းအမှတ်အဖြစ် ရုပ်ပုံပြ ပုံပြင်ပြောခြင်းနှင့် ကဗျာရွတ်ဆိုခြင်းကို ယမန်နေ့က ကလေးစာဖတ်ခန်း၌ ပြုလုပ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ရုပ်သံကျွမ်းကျင်-၃ ဒေါ်ဇင်မိုးအေးက အာဇာနည်နေ့ ပေါ်ပေါက်လာပုံ အကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် စာရေးဆရာ မင်းကောင်းကို သရုပ်ဖော်ထားသော အမေမျှော်နေမယ် ရုပ်ပုံပြ ပုံပြင်ကိုပြောပြခဲ့ပြီး ကိုယ်လက်ကျန်းမာစေရန်နှင့် စိတ်ရွှင်လန်းစေရန် ရည်ရွယ်၍ ကျစ်ကလီကျက်ကလီကဗျာကိုလည်း စုပေါင်းရွတ်ဆိုခဲ့သည်။ **ဝေဠု (ပြန်/ဆက်)**

# မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ရင်ခွင်မဲ့ကလေးငယ်လျှော့ချရေး အသိပညာပေး

**ကျိုက်မရော ဇူလိုင် ၃**

ဇူလိုင် ၃ရက်နေ့တွင်ကျရောက်သည့် မြန်မာအမျိုးသမီးများနေ့ကိုဂုဏ်ပြုသောအားဖြင့် ရင်ခွင်မဲ့ကလေးငယ်လျှော့ချရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့က ကလိုင်းကနိုင်ကျေးရွာအုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်ထွန်းက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက ရင်ခွင်မဲ့ကလေးငယ်များလျှော့ချရေး အသိပညာပေးဆွေးနွေးပွဲ ကျင်းပရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်လူချောက မိန်းကလေးငယ်များခံစားနေရသော သက်ငယ်မုဒိမ်းကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသော အမျိုးသမီးရေးရာအဖွဲ့ဝင်များက အမျိုးသမီးများ၏ အကြမ်းဖက်မှုဆိုင်ရာများကို အချင်းချင်းအပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **ချိုမြတ်မြတ်ထွေး (ကျိုက်မရော)**

◆ *ကျောဖုံးမှ*

အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် နိုင်ငံတော်သံဃာ့ဝန်ဆောင်မှု ၂၀၁၉ ခုနှစ် ဇွန် ၂၄ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၇၈/၂၀၁၉ ဖြင့် "ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပရေးဦးစီးကော်မတီ"ကို (၁၂)ဦးဖြင့်လည်းကောင်း၊ "ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီ"ကို (၁၈)ဦးဖြင့်လည်းကောင်း ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းတာဝန် (၄)ရပ် ချမှတ်ပေးထားပါကြောင်း၊ ဦးစီးကော်မတီ၏ လမ်းညွှန်ချက်များကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်နိုင်ရေးနှင့် ဌာနများအချင်းချင်း ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်နိုင်ရန်အတွက် ဦးစီးကော်မတီမှ ဆပ်ကော်မတီ ၁၀ ခုကို လုပ်ငန်းတာဝန်များ သတ်မှတ်ကာ ဖွဲ့စည်းထားပြီးဖြစ်ပါကြောင်း။

**ဝတ်ရုံသုံးစွဲရန် ခွင့်ပြုတော်မူခဲ့**

ဗုဒ္ဓဘုရားရှင်လက်ထက် ဗုဒ္ဓသာသနာ အစောပိုင်းကာလတွင် မြတ်စွာဘုရားရှင်သည် ရဟန်းသံဃာတော်များအား သုံးထည်သော သင်္ကန်းကိုသာ ဝတ်ရုံသုံးစွဲရန် ခွင့်ပြုတော်မူခဲ့ပါကြောင်း၊ မြတ်စွာဘုရားရှင် သတ်မှတ်ခွင့်ပြုပေးတော်မူခဲ့သော ဝါတွင်းကာလသည် မိုးတွင်းကာလဖြစ်သဖြင့် ခရီးသွားရင်း မိုးမိခဲ့ပါက ရေစိုသင်္ကန်း လဲလှယ်ဝတ်ရုံရန် အပိုသင်္ကန်းမရှိသောကြောင့် ရဟန်း သံဃာတော်များ အဆင်ပြေစေရန်အတွက် သာဝတ္ထိပြည်၊ ပုဗ္ဗာရုံကျောင်းအမကြီး ဝိသာခါက ဘုရားရှင်ထံ "မိုးရေခံ သင်္ကန်း"ဆက်ကပ်လှူဒါန်းခွင့် လျှောက်ထားရာမှ မိုးရေခံသင်္ကန်းသုံးစွဲခွင့်ကို ဘုရားရှင်က ဝိနည်းသိက္ခာပုဒ် နှစ်ခုပညတ်၍ သုံးစွဲရမည့်ကာလနှင့် အတိုင်းအတာအရွယ်အစား ပမာဏတို့ကို ခွင့်ပြုပေးတော်မူခဲ့ပါကြောင်း။

ထိုကဲ့သို့ မိုးရေခံသင်္ကန်း လှူဒါန်းလေ့ရှိခဲ့ကြရာမှ နောင်တွင် ဝါတွင်းသုံးလ ဝါဆိုဝါကပ်တော်မူကြသော ရဟန်းတော်တို့အား လှူဒါန်းကြသည့်အတွက် "ဝါဆိုသင်္ကန်း"ဟူသော အခေါ်အဝေါ်ကို ပြောင်းလဲသုံးစွဲလာကြပါကြောင်း၊ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲသည် ဗုဒ္ဓဘာသာဝင် မြန်မာတို့အတွက် ဝါဆိုပွဲတော်တစ်ခုဖြစ်ပြီး ဝိနည်းတရားတော်နှင့်အညီ လှူဒါန်းခွင့်ရသည့် သင်္ကန်းအလှူဖြစ်သောကြောင့် **မွန်မြတ်သည့်အလှူ** ဟု ခေါ်ဆိုရမည်ဖြစ်ပါကြောင်း၊ မြတ်စွာဘုရားရှင် ခွင့်ပြုတော်မူအပ်သော ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး လေးပါးသော ပစ္စည်းတို့တွင် သင်္ကန်းလှူဒါန်းကြရသူများသည် "ရွှေရောင်အဆင်း၊ ညစ်ကြေးကင်း၍၊ ပြေပြစ်ခန့်ညား၊ ရှိန်အဝါနှင့်၊ ကမ္ဗလာစသား၊ ဝတ်ထည်များကို၊ ဆင်မြန်းရခြင်း"စသော အကျိုးထူးများ ခံစားရရှိနိုင်ပြီး မျက်မှောက်ဘဝ၌ပင် သောတာပန်နှယ် ဂုဏ်ရည်ကြွယ်၍ အပါယ်ဘေးမှ လွတ်ကင်းနိုင်ကြောင်းလည်း ကျမ်းဂန်အဆိုအမိန့်များအရ သိရှိရပါကြောင်း။



ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ရှင်းလင်းတင်ပြစဉ်။

**ဗုဒ္ဓအလိုတော်ကျဆောင်ရွက်ခြင်းဖြစ်**

နိုင်ငံတော်အစိုးရအနေဖြင့် သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့နှင့် ပြည့်စုံတော်မူသော သံဃာ့ဥသျှောင် ဆရာတော်ကြီးများအား နှစ်စဉ်ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်းသည် မြတ်စွာဘုရားရှင်က ဝိနည်းတော်နှင့်အညီ ခွင့်ပြုပေးတော်မူခဲ့သည့်အတွက် ဗုဒ္ဓအလိုကျ ဆောင်ရွက်ခြင်းလည်း ဖြစ်ပါကြောင်း။

**၆၈ ပါး ပင့်ဆောင်မည်**

ယခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီး ၄၇ ပါး၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်ကြီး ၉ ပါး၊ စေတိယဟိတကာရက (ရွှေသုဝဏ္ဏ) ဆရာတော် ၁ ပါး၊ ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော် ၁၁ ပါး စုစုပေါင်း ၆၈ ပါး ပင့်ဆောင်မည်ဖြစ်ပါကြောင်း။

နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကဆရာတော်ကြီးများသည် ရန်ကုန်မြို့မှ နေပြည်တော်သို့ လေကြောင်းခရီးဖြင့် ကြွရောက်မည်ဖြစ်သည့်အတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အနေဖြင့် အထူးလေယာဉ်ရရှိရေး၊ ဆရာတော်ကြီးများ လိုက်ပါစီးနင်းသည့်အခါတွင် အဆင်ပြေချောမွေ့စေရေးတို့ကို စီစဉ်ဆောင်ရွက်ပေးရမည် ဖြစ်ပါကြောင်း၊ ဆရာတော်ကြီးများ သီတင်းသုံးမည့် ကျောင်းဆောင် ၄ ဆောင်တွင် ဆရာတော်ကြီးများ ကိုယ်စိတ်နှစ်ပါး ချမ်းသာစွာဖြင့် သီတင်းသုံးနေထိုင်နိုင်ရေးအတွက် လိုအပ်သည်များကို ကြိုတင်စီစဉ်ဆောင်ရွက်ပေးရန်၊ ဝေယျာဝစ္စဆောင်ရွက်မည့် ကပ္ပိယကာရကများကိုလည်း စနစ်တကျ တာဝန်ပေးအပ်သွားရန်နှင့် ပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ် တင့်တယ်စေရေးတို့ကို ယခင်နှစ်များနည်းတူ စီစဉ်ပေးရန် လိုအပ်ပါကြောင်း။

**စစ်ဆေးဆောင်ရွက်**

အခမ်းအနားကျင်းပမည့် နေ့ရက်မတိုင်မီ ဆရာတော်ကြီးများ ကြိုတင်ရောက်ရှိစဉ်၌ အရုဏ်ဆွမ်း၊ နေ့ဆွမ်း ဆက်ကပ်ရာတွင်လည်းကောင်း၊ အခမ်းအနားနေ့၌ ဆရာတော်ကြီးများကို ဆွမ်းဆက်ကပ်ပြီး လူပုဂ္ဂိုလ်များကို ညှော်ခံကျွေးမွေးရာတွင် လည်းကောင်း သန့်ရှင်းလတ်ဆတ်ပြီး ကျန်းမာရေးနှင့် ညီညွတ်အောင် "ဆွမ်းဆက်ကပ်ရေးနှင့် ညှော်ခံကျွေးမွေးရေး ဆပ်ကော်မတီ"နှင့် "ကျန်းမာရေးဆပ်ကော်မတီ" တို့က ပေါင်းစပ်ညှိနှိုင်း စီမံဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ "ကျန်းမာရေး ဆပ်ကော်မတီ"အနေဖြင့် ဆရာတော်ကြီးများအား တစ်ပါးချင်းစီ၏ ကျန်းမာရေးကို အထူးဂရုပြု စစ်ဆေးပေးရန်နှင့် ကျန်းမာရေးနှင့်ညီညွတ်သည့် ဆွမ်းကွမ်း ချက်ပြုတ်မှုများဖြစ်အောင် စစ်ဆေး ဆောင်ရွက်ပေးစေလိုပါကြောင်း။

အခမ်းအနား ကျင်းပနေပုံများကို ယခင်နှစ်များနည်းတူ LED Board တပ်ဆင်ပြသနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးရန်၊ လုံခြုံရေးနှင့် စပ်လျဉ်း၍ စနစ်တကျ စီမံချက်များ ရေးဆွဲပြီး လစ်ဟာမှုမရှိအောင် အလေးထား ဆောင်ရွက်သွားကြရန်နှင့် သက်ဆိုင်ရာ ကော်မတီ၊ ဆပ်ကော်မတီများကလည်း ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

**ပွင့်ပွင့်လင်းလင်းဆွေးနွေး**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားသည် နိုင်ငံတော်အဆင့်အခမ်းအနားဖြစ်သည့် အားလျော်စွာ စနစ်တကျကျင်းပနိုင်ရေး စီစဉ်ပေးရန်လိုပါကြောင်း၊ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို နှစ်စဉ်ကျင်းပပြုလုပ်နေကျဖြစ်၍ သက်ဆိုင်ရာ ကော်မတီဝင်များ၊ ဌာနဆိုင်ရာ ပုဂ္ဂိုလ်များအနေဖြင့် လုပ်ငန်းကျွမ်းကျင်မှုရှိပြီး ဖြစ်ပါကြောင်း၊ သို့ရာတွင် လုပ်ငန်းများ ဆောင်ရွက်သည့်အခါ လစ်ဟင်းမှုမရှိစေရေးအတွက် သက်ဆိုင်ရာ ဆပ်ကော်မတီများအလိုက် စနစ်တကျစီမံခန့်ခွဲခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်းများ ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ ကြိုတင်ဇာတ်တိုက် လေ့ကျင့်မှုများလည်း ပြုလုပ်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေးအတွက် သက်ဆိုင်ရာကော်မတီ၊ ဆပ်ကော်မတီများအနေဖြင့် လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့် လိုအပ်သည့် အကြံပြုချက်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးကြရန် ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ဦးစီးကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးကြည်မင်းတို့က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနား ကျင်းပရေးအတွက် ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများ၊ ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများဖွဲ့စည်းမှုကို ရှင်းလင်း တင်ပြကြသည်။

ဆက်လက်၍ "အခမ်းအနားကျင်းပရေးနှင့် အခမ်းအနား ပြင်ဆင်ရေး ဆပ်ကော်မတီ"ဆိုင်ရာ ကိစ္စရပ်များ၊ "ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ"ဆိုင်ရာ ကိစ္စရပ်များနှင့် "လှူဖွယ်ပစ္စည်းများ ပြင်ဆင်ရေးနှင့် ဆက်ကပ်ရေးဆပ်ကော်မတီ" ဆိုင်ရာ ကိစ္စရပ်များကို သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးက လည်းကောင်း၊ "သံဃာတော်များ ပင့်ဆောင်ရေးနှင့် သယ်ယူပို့ဆောင်ရေး ဆပ်ကော်မတီ"ဆိုင်ရာ ကိစ္စရပ်များနှင့် "ဆွမ်းဆက်ကပ်ရေးနှင့် ညှော်ခံကျွေးမွေးရေးဆပ်ကော်မတီ"ဆိုင်ရာကိစ္စရပ်များကို သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမိုးဇော်ရွှေက လည်းကောင်း၊ "ညှော်ခံဖျော်ဖြေရေး ဆပ်ကော်မတီ"ဆိုင်ရာ ကိစ္စရပ်များကို အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးက လည်းကောင်း၊ "သတင်းမှတ်တမ်းထုတ်ပြန်ရေး ဆပ်ကော်မတီ" ဆိုင်ရာကိစ္စရပ်များကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်အောင်က လည်းကောင်း၊ "ကျန်းမာရေးဆပ်ကော်မတီ" ဆိုင်ရာ ကိစ္စရပ်များကို ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်သီတာလှက လည်းကောင်း၊ "ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပရဝဏ် စိမ်းလန်းစိုပြည်ရေးနှင့် သာသနာရေးဆိုင်ရာ အခင်းအကျင်းပြင်ဆင်ရေး ဆပ်ကော်မတီ ဆိုင်ရာကိစ္စရပ်များကို ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ဦးထွန်းကြည်က လည်းကောင်း၊ "လုံခြုံရေး ဆပ်ကော်မတီ" ဆိုင်ရာကိစ္စရပ်များကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲဗိုလ်ချုပ်အောင်နိုင်သူက လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**ပေါင်းစပ်ညှိနှိုင်းပေး**

ထို့နောက် ဦးစီးကော်မတီ နာယက ဒုတိယသမ္မတက တင်ပြဆွေးနွေးချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" ၃ ကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

---

○ *ကျောဖုံးမှ*

အမှုဆောင်အရာရှိချုပ် ဦးစိုးမိုးကျော်က အမှာစကားပြောကြားပြီး MPT မှ ဈေးကွက်ရေးရာဌာန၏ ဒုတိယအထွေထွေမန်နေဂျာ ဦးခင်မောင်မြင့်နှင့် Myanmar Brewery Limited Deputy Managing Director Mr. Kazu Fumi Nakagima တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ထို့နောက် ၂၀၁၉ ခုနှစ် လူငယ်ဘောလုံးပွဲတော်နှင့် အသက် ၁၄ နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲကို တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနေရှင်နယ်လိဂ် အမှုဆောင်အရာရှိချုပ်နှင့် ဧည့်သည်တော်ကြီးများက ကွင်းအတွင်း ဘောလုံးများကန်သွင်း၍ ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝန်ကြီးများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ အမှုဆောင်အရာရှိချုပ်နှင့် ဧည့်သည်တော်များ၊ တာဝန်ရှိသူများက လူငယ်ဘောလုံးပွဲတော်တွင် ပါဝင်ကြသည့် ကလေးငယ်များနှင့် ယူ-၁၄ ဘောလုံးပြိုင်ပွဲဝင် အသင်းသားများအား လိုက်လံနှုတ်ဆက်အားပေးကာ စုပေါင်းအမှတ်တရမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ကလေးငယ်များအတွက် MPT နှင့် မြန်မာဘရူဝါရီလီမိတက်မှ တာဝန်ရှိသူများက မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်ထံ ဘောလုံးများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် လူငယ်ဘောလုံးပွဲတော် အစီအစဉ်များ ဆက်လက်ပြုလုပ်အပြီးတွင် ပါဝင်ဆင်နွှဲခဲ့ကြသော ကလေးငယ်များအား အသိအမှတ်ပြုလက်မှတ်နှင့် အစားအစာများ၊ ကော်ဖီ၊ အအေးနှင့် ရေသန့်များ ပေးအပ်ခဲ့ကြသည်။

လူငယ်ဘောလုံးပွဲတော်နှင့် အသက် ၁၄ နှစ်အောက်ကလေးများ ဘောလုံးပြိုင်ပွဲ ၂၀၁၉ ကို တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၀ ခု (မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်)တို့တွင် ကျင်းပသွားမည်ဖြစ်သည်။ Myanmar Care မှ ဘောလုံးအင်္ကျီအစုံ ၂၅၀၊ ကျောပိုးအိပ် ၂၅၀၊ ထီး ၂၅၀၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တစ်ခုစီအတွက် ဘောလုံး ၁၀၀၊ ဘောလုံးသင်တန်းပို့ချပေးမည့် ဆရာ ဆရာမများအတွက် အားကစားအပေါ်ထည်ဝတ်စုံများ၊ အကောင်းဆုံးကစားသမားများအတွက် အထူးလက်ဆောင်များ ထပ်မံပံ့ပိုးပေးသွားမည်ဖြစ်သည်။ မြန်မာဘရူဝါရီလီမိတက် ကရုဏာရှေးရှု မြန်မာမူ Myanmar Care အနေဖြင့် ချမှတ်ထားသော ရည်မှန်းချက်များတွင် ကျန်းမာသောလူနေမှုဘဝကို မြှင့်တင်ပေးရမည့်အချက်ပါဝင်ပြီး မြန်မာနေရှင်နယ်လိဂ်မှ ဦးဆောင်ကျင်းပသည့် ကလေးငယ်များ အားကစားပွဲတော်နှင့် အသက် ၁၄ နှစ်အောက် လူငယ်ကလေးများ ဘောလုံးပြိုင်ပွဲကို မြန်မာဘောလုံးလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအခြေခံအုတ်မြစ်ဖြစ်သည့် ကလေးငယ်များတွင် အားကစားချစ်မြတ်နိုးစိတ်များ ပေါ်ပေါက်လာစေရန်နှင့် တိုင်းပြည်အတွက် အားထားပြုစရာ အားကစားသမားကောင်းများ ပေါ်ထွက်လာစေရန်အတွက် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

---

## လောက်ကိုင်မြို့၌ အေးချမ်းကိုးကန့် ယာဉ်မောင်းသင်တန်းကျောင်းဖွင့်

**လောက်ကိုင် ဇူလိုင် ၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့တွင် အေးချမ်းကိုးကန့် ယာဉ်မောင်း သင်တန်းကျောင်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက အေးချမ်းကိုးကန့် ယာဉ်မောင်းသင်တန်းကျောင်း ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာအခမ်းအနားတွင် ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်တယ်ချန်က အမှာစကားပြောကြားပြီး ဒေသဦးစီးအဖွဲ့ အတွင်းရေးမှူး ဦးထွန်းကျော်ကျော်က ယာဉ်မောင်းသင်တန်းကျောင်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် လိုက်နာဆောင်ရွက်ရမည့် အချက်များကို ရှင်းလင်းမှာကြားခဲ့သည်။

ဆက်လက်၍ အေးချမ်းကိုးကန့် ယာဉ်မောင်း သင်တန်းကျောင်း ကျောင်းအုပ်က သင်တန်းကျောင်းနှင့် ပတ်သက်သည့်အချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်တယ်ချန်နှင့် အဖွဲ့ဝင်တို့က အဆိုပါ သင်တန်းကျောင်းအား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး (ဓါတ်ပုံ) အမှတ်တရစုပေါင်း မှတ်တမ်းဓာတ်ပုံ ရိုက်ကူးခဲ့ကြကြောင်း သိရသည်။ **လောက်ကိုင်(ပြန်/ဆက်)**



---

# အများပြည်သူသို့ အသိပေးကြေညာချက်

❖ မြန်မာနိုင်ငံသည် ILO ၏ အဖွဲ့ဝင်နိုင်ငံဖြစ်ပြီးနောက် အခမ့်ခိုင်းစေမှုဆိုင်ရာပြဋ္ဌာန်းချက်များကို လိုက်နာကျင့်သုံးချိန်မှစ၍ ILO နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ ၂၀၀၇ ခုနှစ်တွင် တိုင်ကြားမှုယန္တရားထူထောင်ပြီး အဓမ္မခိုင်းစေမှုတိုင်ကြားချက်များကို ဖြေရှင်းဆောင်ရွက်ခဲ့ပါသည်။

❖ ၂၀၁၉ ခုနှစ်မှစ၍ အဓမ္မခိုင်းစေမှုတိုင်ကြားချက်များကို ဖြေရှင်းဆောင်ရွက်နိုင်ရန် အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (National Complaints Mechanism –NCM) ထူထောင်ရေးဆောင်ရွက်လျက်ရှိရာ အဆိုပါ ယန္တရားထူထောင်ဆဲကြားကာလတွင် အဓမ္မခိုင်းစေမှုတိုင်ကြားချက်များကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအပါအဝင် သက်ဆိုင်သည့် ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ ပါဝင် ဖွဲ့စည်းထားသော အလုပ်သမားရေးရာပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ (High Level Working Group- HLWG) မှ ကိုင်တွယ်ဖြေရှင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် အဓမ္မခိုင်းစေမှုတိုင်ကြားချက်များကို အောက်ဖော်ပြပါ ဖုန်းနံပါတ်နှင့် email လိပ်စာများသို့ ဆက်သွယ်တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၀၆၇-၃၄၃၀၁၈၄၊ ၀၆၇-၃၄၃၀၂၂၉၊ ၀၆၇-၃၄၃၀၂၇၄

mol@mptmail.net.mm , molipoffice@gmail.com ,

research.org.dol.mm@gmail.com

**အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန**

# ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်၊ ထုတ်လုပ်၊ ဖြန့်ချိမှုနှင့် ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇူလိုင် ၃

**၂၀၁၉- ၂၀၂၀ ပညာသင်နှစ်အတွက် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်၊ ထုတ်လုပ်၊ ဖြန့်ချိခဲ့မှုနှင့် ၂၀၂၀-၂၀၂၁ ပညာသင်နှစ်အတွက် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်၊ ထုတ်လုပ်၊ ဖြန့်ချိနိုင်ရေးညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။**

အစည်းအဝေးတွင် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အဖွင့်အမှာစကား ပြောကြားရာ၌ ပညာရေးဝန်ကြီးဌာနမှ အပ်နှံသည့် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်၊ ထုတ်လုပ်၊ ဖြန့်ချိခြင်းလုပ်ငန်းကို ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနက အဓိက ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ပြန်ကြားရေးဝန်ကြီးဌာနနှင့်အတူ မြန်မာနိုင်ငံပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်းနှင့် ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်းရှင်များက ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

**အရည်အသွေးပြည့်ဆောင်ရွက်**

၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်၊ ထုတ်လုပ်၊ ဖြန့်ချိရေးလုပ်ငန်းများကို အချိန်မီ ကောင်းမွန်မှန်ကန်စွာ၊ အရည်အသွေးပြည့်ဝစွာ ရိုက်နှိပ်ထုတ်လုပ်နိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သလို လာမည့် ပညာသင်နှစ်များအတွက် ပို၍ ကောင်းမွန်စွာ၊ အရည်အသွေးပြည့်ဝစွာ ဆောင်ရွက်နိုင်ရေးအတွက် ကြိုးပမ်းသွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပညာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၂၀-၂၀၂၁ ပညာသင်နှစ်အတွက် သင်ရိုးညွှန်းတမ်းအသစ်ပါ အတန်းများအတွက် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ ပြုစုခြင်းလုပ်ငန်းနှင့် အတည်ပြုသည့်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ကျောင်းသုံးပြဋ္ဌာန်း စာအုပ်များမှာ နှစ်စဉ်နှစ်တိုင်း ရိုက်နှိပ်၊ ထုတ်လုပ်၊ ဖြန့်ချိရသည့်အတွက် တစ်နှစ်ထက်တစ်နှစ် ပိုမိုကောင်းမွန်စွာ ဆောင်ရွက်နိုင်ရန် အတူတကွ ကြိုးပမ်းသွားကြရမည်ဖြစ်ပါကြောင်း။

**အချိန်မီဖြန့်ဝေနိုင်ရန်**

ကျောင်းသုံးစာအုပ်များ ပုံနှိပ်ဖြန့်ချိရာတွင် နိုင်ငံတော်ဘဏ္ဍာငွေ အလေ့အလွင့်မရှိစေရန် ကျောင်းသားကျောင်းသူအရေအတွက်နှင့် ကိုက်ညီစွာ ရိုက်နှိပ်၊ ထုတ်လုပ်၊ ဖြန့်ချိနိုင်ရေးအတွက် အသေးစိတ် စိစစ်တွက်ချက်မှုများကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့သော် ရေကြီးရေလျှံမှုမျိုးကဲ့သို့ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းသုံးစာအုပ်များ ထပ်မံလိုအပ်မှု ဖြစ်ပေါ်လာခဲ့ပါက အချိန်မီဖြန့်ဝေနိုင်ရန်အတွက်ကိုလည်း ကြိုတင်ဆောင်ရွက်ထားရပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ထုတ်လုပ်ရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် ကျောင်းသုံးစာအုပ်များ ဖြန့်ချိရေးဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းတို့က သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းပြောကြားကြသည်။

**လုပ်ငန်းအစီအမံများရှင်းလင်းတင်ပြ**

ထို့နောက် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီ ဒုတိယဥက္ကဋ္ဌ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် (၂၀၁၉-၂၀၂၀ ပညာသင်နှစ်) ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ ပုံနှိပ်၊ ထုတ်လုပ်၊ ထောက်ပံ့နိုင်ရေးအတွက် လုပ်ငန်းဆောင်ရွက်ခဲ့မှုများကို လည်းကောင်း၊ ကော်မတီအတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးမြင့်က ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်(၂၀၂၀-၂၀၂၁ ပညာသင်နှစ်) ကျောင်းသုံးပြဋ္ဌာန်း စာအုပ်များ သတ်မှတ်ချိန်အတွင်း အချိန်မီ ပုံနှိပ်၊ ထုတ်လုပ်၊ ထောက်ပံ့နိုင်ရေးအတွက် ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ သတ်မှတ်ချိန်အတွင်း အချိန်မီ ပုံနှိပ်၊ ထုတ်လုပ်၊ ဖြန့်ချိခဲ့မှုအတွက် ပညာရေးဝန်ကြီးဌာန၏ ကျေးဇူးတင်ရှိကြောင်း ဂုဏ်ပြုမှတ်တမ်းလွှာကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီးက ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ထံ ပေးအပ်သည်။

**လိုအပ်သည်များဖြည့်စွက်ဆွေးနွေး**

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံပုံနှိပ်နှင့် ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များ အသင်းတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် တင်ပြဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။ **သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်၊ ထုတ်လုပ်၊ ဖြန့်ချိမှုနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

# e-ID စနစ် လုပ်ငန်းကော်မတီ၏ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၃**

မြန်မာနိုင်ငံ၏ e-ID စနစ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် e-ID စနစ် လုပ်ငန်းကော်မတီ၏ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ e-ID စနစ် လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသာဦးနှင့် လုပ်ငန်းကော်မတီဝင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ပူးပေါင်းဆောင်ရွက်လျက်ရှိ**

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် e-ID Population Registry စနစ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဆက်စပ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် နိုင်ငံတကာ အဖွဲ့အစည်းများနှင့်လည်း ညှိနှိုင်းဆွေးနွေး ဆောင်ရွက်ခဲ့ရာ ဩစတြီးယားနိုင်ငံ OeSD မှ e-ID စနစ် တည်ဆောက်ရန်အတွက် ပံ့ပိုးကူညီ ဆောင်ရွက်ပေးမည့် အစီအစဉ်များနှင့် ပတ်သက်၍ စီမံကိန်းအဆိုပြုဆောင်ရွက်ခဲ့ပါကြောင်း၊ ယင်းစီမံကိန်းအဆိုပြုလွှာနှင့်ပတ်သက်၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့ (DACU) တို့သို့ သဘောထားမှတ်ချက်များ တောင်းခံခဲ့ပြီး ဖြစ်ပါကြောင်း။

**ဖြည့်စွက်ဆွေးနွေးပေး**

ထို့အပြင် e-ID စနစ် လုပ်ငန်းကော်မတီဝင်များနှင့် ဆပ်ကော်မတီများအလိုက် စီမံကိန်းအဆိုပြုလွှာအပေါ် အကြံပြုချက်များ တောင်းခံစုစည်းထားပြီးဖြစ်ရာအကြံပြုချက်များနှင့် ပတ်သက်၍ စီမံခန့်ခွဲရေးဆိုင်ရာ အကြံပြုချက်၊ နည်းပညာပိုင်းဆိုင်ရာ အကြံပြုချက်၊ သဘောတူစာချုပ်ဆိုင်ရာ အကြံပြုချက်များဟူ၍ အပိုင်းသုံးပိုင်းခွဲခြားစုစည်းထားပါကြောင်း၊ ယခုတက်ရောက်လာသည့် ကော်မတီဝင်များ အနေဖြင့် ယင်းအကြံပြုချက်များကို ထပ်မံဖြည့်စွက်လိုသည့် အချက်များ၊ ညှိနှိုင်းဆွေးနွေးလိုသည့်အချက်များရှိပါက ဖြည့်စွက်ဆွေးနွေးပေးကြရန် ဖြစ်ပါကြောင်း၊ ဩစတြီးယားနိုင်ငံ OeSD ၏ အဆိုပြုလွှာတွင် Unique ID ထုတ်ပေးသည့် အဆင့်အထိသာပါရှိပြီး ကတ်ထုတ်ပေးခြင်း၊ ရုံးအဆောက်အအုံနှင့် အင်တာနက်ကွန်ရက်များ၊ အုပ်ချုပ်မှုဆိုင်ရာ အထွေထွေကုန်ကျစရိတ်များ ပါဝင်ခြင်း မရှိသဖြင့် ကျန်ရှိသည့်ကုန်ကျမည့်ငွေများကို နိုင်ငံတော်ဘတ်ဂျက်မှ တောင်းခံသုံးစွဲရမည် ဖြစ်ပါကြောင်း၊ ယင်းခန့်မှန်း ကုန်ကျစရိတ်များကို သက်ဆိုင်ရာ ဆပ်ကော်မတီများအလိုက် ခန့်မှန်းတွက်ချက်ပေးထားပါကြောင်း၊ OeSD ၏အဆိုပြုလွှာအပေါ် အကြောင်းပြန်ကြားနိုင်ရေးအတွက် စီးပွားရေးရာ ကော်မတီထံ အမှာစာပေးပို့တင်ပြပြီး ခွင့်ပြုချက်ရရှိမှသာ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ယင်းကာလအတွင်း စီမံကိန်းအဆိုပြုလွှာနှင့်ပတ်သက်၍ ဖြည့်စွက်အကြံပြုဆွေးနွေးပေးကြစေလိုကြောင်း၊ အပြီးသတ်ဆွေးနွေး အကြံပြုချက်များကို OeSD နှင့် အသေးစိတ်ပြန်လည်ညှိနှိုင်း ဆွေးနွေးသွားမည်ဖြစ်သဖြင့် တက်ရောက်လာကြသူများ အနေဖြင့် OeSD ၏ အဆိုပြုလွှာအပေါ် ပွင့်ပွင့်လင်းလင်းသုံးသပ်ဆွေးနွေး အကြံပြုပေးကြရန် တိုက်တွန်းပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးသာဦးနှင့် ကော်မတီဝင်များက e-ID စနစ် အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေ၊ ဩစတြီးယားနိုင်ငံ OeSD ၏ စီမံကိန်းအဆိုပြုလွှာနှင့် ပတ်သက်၍ စီမံခန့်ခွဲရေး၊ နည်းပညာပိုင်းနှင့် လုပ်ငန်းဆိုင်ရာ သဘောတူစာချုပ် စသည့် အကြံပြုချက်များအပေါ် ကဏ္ဍအလိုက် သုံးသပ်တွေ့ရှိမှုများ၊ မိမိတို့နိုင်ငံ၌ အသုံးပြုမည့် e-ID စနစ်အတွက် အထောက်အကူပြုနိုင်မှုနှင့် လက်တွေ့ဆောင်ရွက်နိုင်မည့်အခြေအနေ၊ ပြည်တွင်း၊ ပြည်ပ အပါအဝင် နိုင်ငံတကာအဆင့်ဖြင့် စနစ်တစ်ခုလုံး ချိတ်ဆက်ဆောင်ရွက်နိုင်မှု၊ နည်းပညာပိုင်းဆိုင်ရာ အကြံပေးအဖွဲ့ဖွဲ့စည်းဆောင်ရွက်နိုင်ရေးနှင့် လုပ်ငန်းဆိုင်ရာစက်ပစ္စည်းများ၊ စနစ်များကို ဆက်လက်လွှဲပြောင်းထိန်းသိမ်း၍ အဆင့်မြှင့်တင်ဆောင်ရွက်မည့် အစီအစဉ်များ လုပ်ဆောင်နိုင်ရေး အခြေအနေ၊ e-ID စနစ် အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်များနှင့်ပတ်သက်၍ ပြည်သူလူထုမှ သိရှိစေရန်အတွက် မီဒီယာများမှတစ်ဆင့် ကျယ်ကျယ်ပြန့်ပြန့် ထုတ်ပြန်ကြေညာ အသိပေးသွားရန် လိုအပ်မှုအခြေအနေ၊ လုပ်ဆောင်မည့် လုပ်ငန်းများအား အသေးစိတ်စီမံချက်ရေးဆွဲ၍ သတ်မှတ်ကာလအတွင်း ပြီးစီးအောင်လုပ်ဆောင်သွားမည့် အခြေအနေတို့နှင့်စပ်လျဉ်း၍ သုံးသပ်ဆွေးနွေး အကြံပြုကြသည်။

**ဝိုင်းဝန်းကူညီပံ့ပိုး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး အားလုံး၏ အကြံပြုချက်များကို အလေးထားဆောင်ရွက်သွားမည်ဖြစ်ပြီး OeSD မှ ကျွမ်းကျင်ပညာရှင်အဖွဲ့သည် ယခုလ ဒုတိယပတ်အတွင်း လာရောက်ရန် ရှိသဖြင့် လုပ်ငန်းများ ဆက်လက်လုပ်ဆောင်နိုင်ရန် မိမိတို့ဘက်မှ တွေ့ရှိချက်၊ အကြံပြုချက်များကို တိတိကျကျ ဆွေးနွေးနိုင်ရန် တာဝန်ရှိသူများအနေဖြင့် ကြိုတင်ပြင်ဆင်ထားကြရန်နှင့် ယခု e-ID စနစ်လုပ်ငန်းစဉ်သည် နိုင်ငံအတွက် အရေးကြီးသည့်လုပ်ငန်းတစ်ခုဖြစ်သဖြင့် e-ID စနစ် အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဝန်ကြီးဌာနများ၊အဖွဲ့အစည်းများမှ ဝိုင်းဝန်းကူညီပံ့ပိုးဆောင်ရွက်နိုင်ရေး နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**




ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ e-ID စနစ် လုပ်ငန်းကော်မတီ၏ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ သတင်းစဉ်

# ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးနှင့် ဗြိတိန်နိုင်ငံ သံအမတ်ကြီးတို့အား သီးခြားစီ လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၃**

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး Mr. Lee Sang- hwa နှင့် ဗြိတိန်နိုင်ငံ သံအမတ်ကြီး Mr. Daniel Patrick Chugg တို့အား ယနေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ ဧည့်ခန်းမ၌ သီးခြားစီလက်ခံတွေ့ဆုံသည်။

**သင်တန်းပေးခြင်းကိစ္စဆွေးနွေး**

ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးအားတွေ့ဆုံစဉ် ဒီမိုကရေစီစနစ်ထွန်းကားရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့ကို အထောက်အကူဖြစ်စေမည့် ဥပဒေမူဘောင်များ ပြဋ္ဌာန်းဆောင်ရွက်ရာတွင် အတွေ့အကြုံများဖလှယ်ရေးလုပ်ငန်းများ၊ ကိုရီးယားနိုင်ငံ ဥပဒေပြုရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့ ပူးပေါင်းတည်ထောင်ထားသည့် မြန်မာဥပဒေသတင်းအချက်အလက်စနစ်ဖြင့် ဥပဒေအသိပညာ ပြန့်ပွားရေးဆောင်ရွက်မှု၊ နည်းပညာအသုံးပြု၍ ကျူးလွန်သည့် မှုခင်းများကို အရေးယူဆောင်ရွက်ရာတွင် ဥပဒေအရာရှိများကို လုပ်ငန်းကျွမ်းကျင်မှုတိုးတက်ရေးအတွက် ကိုရီးယားနိုင်ငံ၌ သင်တန်းပေးခြင်း ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

**တရားဥပဒေစိုးမိုးရေးဌာနများ အကောင်အထည်ဖော်ရေး**

ဗြိတိန်နိုင်ငံ သံအမတ်ကြီးအား တွေ့ဆုံစဉ် တရားဥပဒေစိုးမိုးရေးဌာနများ ဆက်လက်အကောင်အထည်ဖော်ရေးအတွက် ဗြိတိန်နိုင်ငံသံရုံးနှင့် International Development Law Organization(IDLO) တို့အကြား သဘောတူစာချုပ်ချုပ်ဆိုပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဦးစားပေးဆောင်ရွက်လိုသည့် ကိစ္စရပ်များကို ဆက်လက်ကူညီဆောင်ရွက်မည့် ကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

**ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး ဗြိတိန်နိုင်ငံ သံအမတ်ကြီး Mr. Daniel Patrick Chugg အား လက်ခံတွေ့ဆုံစဉ်။** သတင်းစဉ်



# မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနား မန္တလေးတွင် ကျင်းပ

**မန္တလေး ဇူလိုင် ၃**

ကမ္ဘာတွင် အားလုံးမျှော်မှန်းထားသည့် ကျား၊ မ တန်းတူညီမျှသော လူ့အသိုက်အဝန်းကြီးတစ်ခု ပေါ်ပေါက်လာစေရန် တောင်းဆိုမှုများရှိနေပြီး ယင်းကို အစိုးရသာမက အရပ်ဘက် လူ့အဖွဲ့အစည်းများကပါ ဝိုင်းဝန်းဆောင်ရွက်ရမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်က ပြောကြားသည်။

ယနေ့နံနက်ပိုင်းက မန္တလေးမြို့တော်ခန်းမ၌ ကျင်းပသော မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ဝန်ကြီးချုပ်က ယင်းသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

"မြန်မာ့ယဉ်ကျေးမှုနယ်ပယ်မှာ အမျိုးသမီးတွေ ဦးစားပေးခံရပါတယ်။ တခြားနိုင်ငံ၊ တခြားယဉ်ကျေးမှုတွေနဲ့ ယှဉ်ရင် ရှေးခေတ်ကတည်းက မြန်မာနိုင်ငံ အမျိုးသမီးတွေက ဦးစားပေးခံရပါတယ်။ ပွင့်ပွင့်လင်းလင်းပြောရရင် အနှိမ်ခံခဲ့ရတာ မရှိပါဘူး။ ရှေးခေတ်ကတည်းက စွမ်းဆောင်ရည်မြင့်မားတဲ့ အမျိုးသမီးတွေ ရှိပါတယ်။ ယဉ်ကျေးမှုတွေမှာ အမျိုးသမီးတွေ ခွဲခြားဆက်ဆံခံရမှုမရှိရအောင် ဆောင်ရွက်ပေးရမှာပါ"ဟု ဝန်ကြီးချုပ်က ပြောကြားသည်။



**မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင် ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပညာရေးကဏ္ဍတွင် နိုင်ငံတော်အဆင့် ဂုဏ်ထူးဆောင်ခဲ့သော ထူးချွန်ဆုရသူတစ်ဦးအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။**

မြန်မာနိုင်ငံအမျိုးသမီးကော်မတီအနေဖြင့် မူဝါဒ(၄)ရပ်နှင့် ဆောင်ရွက်ချက် (၁၂) ရပ်ကို ဆောင်ရွက်နေပြီး အခြေခံအားဖြင့် နယ်ပယ်အသီးသီးတွင် အမျိုးသမီးနှင့် အမျိုးသားတန်းတူညီမျှမှု ဖြစ်ပေါ်လာစေရန်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ဆက်လက်ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး အမျိုးသမီးကော်မတီဥက္ကဋ္ဌ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ်က မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ ပေါ်ပေါက်လာပုံနှင့်ပတ်သက်၍ ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပညာရေးကဏ္ဍတွင် နိုင်ငံတော်အဆင့် ဂုဏ်ထူးဆောင်ခဲ့သော ထူးချွန်ဆုရသူ ငါးဦးတို့ကို ဂုဏ်ပြုဆုချီးမြှင့်ပြီး တိုင်းဒေသကြီးဝန်ကြီးက ရွှေတံဆိပ်ဆုရရှိသော နိုင်ငံ့ဂုဏ်ဆောင် အမျိုးသမီးအားကစားသမားတစ်ဦးကို ဂုဏ်ပြုဆုချီးမြှင့်သည်။

လူမှုဝန်ထမ်းဦးစီးဌာန၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဌာန၊ နားမကြားသော ကလေးများကျောင်း၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း၊ Gender Equality အဖွဲ့၊ မန္တလေးအထောက်အကူပြုသူများကွန်ရက် စသည့်အဖွဲ့များက တေးသရုပ်ဖော်၊ အက၊ သံချပ်တို့ဖြင့် ဖျော်ဖြေကြသည်။

မန္တလေးတိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှုအဖွဲ့ အခမ်းအနားသို့ တက်ရောက်လာကြသူများအား ဆယ်ကျော်သက်လူငယ်များ ကျန်းမာရေးစောင့်ရှောက်ခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များ စောင့်ရှောက်ခြင်း၊ မိသားစုစီမံကိန်းနှင့် သားဆက်ခြားခြင်း၊ အရေးပေါ်သန္ဓေတားဆေးအကြောင်း ခေါင်းစဉ်များကို မေးခွန်းများဖြေဆိုစေပြီး အဖြေမှန်လျှင် ဆုလက်ဆောင်ပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**တင်မောင် (မန်းကိုယ်ပွား)**

✪ *ကျောဖုံးမှ*

စင်ကာပူဘောလုံးအဖွဲ့ချုပ်သည် စင်ကာပူအမျိုးသမီးဘောလုံး အဆင့်အတန်း တိုးတက်စေရန်အတွက် လက်ရွေးစင်အပါအဝင် လူငယ်လက်ရွေးစင်အသင်းများကို ပြည်ပပြိုင်ပွဲများ၊ နိုင်ငံတကာခြေစမ်းပွဲများ ဆက်တိုက်ယှဉ်ပြိုင်ကစားစေလျက်ရှိသည်။

စင်ကာပူဘောလုံးအဖွဲ့ချုပ်သည် စင်ကာပူလက်ရွေးစင် အမျိုးသမီးအသင်း ခြေစမ်းပွဲကစားရန် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ထံ ကမ်းလှမ်းခဲ့ရာ အာရှပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းနှင့် သဘောတူညီမှု ရခဲ့ခြင်းဖြစ်သည်။

ယခုခြေစမ်းပွဲမှာ မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းအတွက် အာရှ ယူ-၁၉ ပြိုင်ပွဲမတိုင်မီ ပထမဆုံးကစားမည့် နိုင်ငံတကာခြေစမ်းပွဲဖြစ်ပြီး အသက်အရွယ်အရ ကွာခြားမှုရှိသောကြောင့် အကျိုးရှိသည့် ခြေစမ်းပွဲဖြစ်လာမည်ဖြစ်သည်။

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် အောက်တိုဘာတွင် ကျင်းပမည့် ၂၀၁၉ အာရှ ယူ-၁၉ အမျိုးသမီးပြိုင်ပွဲအတွက် ဇူလိုင် ၁ ရက်မှ စတင်လေ့ကျင့်လျက်ရှိပြီး စခန်းဝင်လေ့ကျင့်အပြီး ၁၀ ရက်ကျော်မှာပင် ပထမဆုံးခြေစမ်းပွဲ ကစားမည်ဖြစ်သည်။ ယင်းအသင်းကို နည်းပြချုပ်အဖြစ် ဒေါ်သက်သက်ဝင်းက ကိုင်တွယ်နေပြီး ပဏာမကစားသမား ၃၀ ဖြင့် လေ့ကျင့်လျက်ရှိသည်။ မြန်မာ ယူ- ၁၉ အမျိုးသမီးအသင်းသည် ယခုလမှ စတင်ကာ နိုင်ငံတကာခြေစမ်းပွဲများ ဆက်တိုက်ကစားမည်ဖြစ်ပြီး စက်တင်ဘာတွင် ထိုင်း ယူ- ၁၉ အမျိုးသမီးအသင်းနှင့် ခြေစမ်းပွဲနှစ်ပွဲကစားရန် သဘောတူညီမှုရရှိထားသည်။

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ပြီးခဲ့သည့်နှစ်က စင်ကာပူ ယူ-၁၉ အမျိုးသမီးအသင်းနှင့် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားဖူးပြီး လက်ရွေးစင်အသင်းနှင့်မူ ပထမဆုံးခြေစမ်းကစားမည်ဖြစ်သည်။

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ခြေစစ်ပွဲအောင်မြင်ထားသည့် ၂၀၁၉ အာရှ ယူ-၁၉ အမျိုးသမီးပြိုင်ပွဲ မတိုင်မီ ပြည်တွင်း၊ ပြည်ပခြေစမ်းပွဲ ၁၀ ပွဲအထက် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ညီမြတ်သော်တာ**

## မိုးမောက်မြို့တွင် ကျောင်းသားကျောင်းသူများအား မှုခင်းဆိုင်ရာ ပညာပေး

**မိုးမောက် ဇူလိုင် ၃**

ကချင်ပြည်နယ် မိုးမောက်မြို့အထက (ခွဲ) ကြံခင်းကျောင်းတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဥပဒေဌာနတို့ ပူးပေါင်း၍ ဇူလိုင် ၂ ရက်က မှုခင်းကျဆင်းရေးပညာပေးဟောပြောပွဲ ကျင်းပရာ မြို့နယ် ပြန်/ဆက်ဦးစီးမှူး ဒေါ်လွန်းနန်းထွေးက လူကုန်ကူးမှုစတင်ဖြစ်ပေါ်လာပုံ၊ မြို့မရဲစခန်းမှူး မျိုးသန်းက သက်ငယ်မုဒိမ်းနှင့် မှုခင်းကျဆင်းရေး၊ ရဲအုပ် မျိုးကျော်က မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ မြို့နယ်ဥပဒေအရာရှိ ဦးအောင်ကောင်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတို့ကို ပညာပေးဟောပြောကြသည်။

**မြို့နယ်(ပြန်/ဆက်)**

## RFID စနစ် အကောင်အထည်ဖော်ရေး အကြံပေးဝန်ဆောင်မှုလုပ်ငန်းများ စာချုပ်လက်မှတ်ရေးထိုးသည့် အခမ်းအနားကျင်းပ

**နေပြည်တော် ဇူလိုင် ၃**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် Moon Engineering Joint Venture Co., Ltd တို့၏ Radio Frequency Identification (RFID)စနစ်အကောင်အထည်ဖော်ရေး အကြံပေးဝန်ဆောင်မှု လုပ်ငန်းများ စာချုပ်လက်မှတ်ရေးထိုးသည့် အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုး၊ တာဝန်ရှိသူများနှင့် Moon Engineering Joint Venture Co., Ltd မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးကျော်မျိုးနှင့် Moon Engineering Joint Venture Co., Ltd မှ Chairman Mr. Hun-II Moon တို့က အမှာစကားပြောကြားကြပြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်မင်းဦးနှင့် Moon Engineering Joint Venture Co., Ltd မှ Executive Director Mr. In- Jin KIM တို့က Radio Frequency Identification (RFID)စနစ်အကောင်အထည်ဖော်ရေး အကြံပေးဝန်ဆောင်မှု လုပ်ငန်းများ စာချုပ်ကို လက်မှတ်ရေးထိုးကြသည်။ **(ယာပုံ)**




စာချုပ်လက်မှတ်ရေးထိုးပြီးနောက်တွင် RFID စနစ် အကောင်အထည်ဖော်ရေးအတွက် ဖြစ်နိုင်ခြေလေ့လာမှုဆန်းစစ်ခြင်း (Feasibility Study) လုပ်ငန်းများ၊ Developer ခေါ်ယူရေး တင်ဒါလုပ်ငန်းများ သတ်မှတ်အချိန် ဇယားအတိုင်း ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပြီး အဆိုပါတင်ဒါခေါ်ယူရေး လုပ်ငန်းစဉ်ကို ၂၀၁၉ ခုနှစ် နှစ်ကုန်ပိုင်း ဝန်းကျင်တွင် စတင်ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဟားခါးမြို့ နိုင်ငံတကာအဆင့်မီ ပြည်တော်သာမြို့မဈေး လာမည့်သုံးလအတွင်း အပြီးတည်ဆောက်မည်

ဟားခါး ဇူလိုင် ၃

**ချင်းပြည်နယ်မြို့တော် ဟားခါးတွင် ပြည်တော်သာမြို့မဈေးသစ်အား ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦ အထူးအဖွဲ့(၉)မှ တာဝန်ယူ၍ နိုင်ငံတကာအဆင့်မီ တည်ဆောက်လျက်ရှိရာ သုံးလအတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။**

အဆိုပါဈေးကြီးမှာ နိုင်ငံတကာအဆင့်မီ တည်ဆောက်ထားသည့် အဆောက်အအုံတစ်ခုဖြစ်ပြီး ငလျင်အန္တရာယ်၊ မြေပြိုမည့်အန္တရာယ်များနှင့် သဘာဝဘေးအန္တရာယ် အမျိုးမျိုးတို့အပြင် မတော်တဆ မီးဘေးကျရောက်ပါက ကာကွယ်နိုင်မည့် မီးသတ်စနစ်များကိုပါ ထည့်သွင်းတွက်ချက် တည်ဆောက်ထားကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦအထူးအဖွဲ့(၉) မှ လက်ထောက်ညွှန်ကြားရေးမှူး(မြို့/ပြ) ဦးမြင့်လွင်က ပြောကြားသည်။

လက်ရှိတွင် ဈေးသစ်တည်ဆောက်မှုမှာ ၈၀ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်သည်။ "ရှေ့တစ်ပတ်အတွင်း အမိုးတွေအပြီးမိုးပေးဖို့ရှိပါတယ်။ ပန်းရန်လုပ်ငန်းတွေလည်း ဆက်တိုက်ဆောင်ရွက်နေပါတယ်။ တံခါးတွေ၊ နံရံတွေဆိုရင်လည်း အဆင်သင့်လုပ်ပြီးသားမို့ တပ်ဆင်ဖို့သာလိုပါတော့တယ်။ ဒါကြောင့် လာမယ့်သုံးလအတွင်း အားလုံးအချောသပ်နိုင်မယ်လို့ ခန့်မှန်းထားပါတယ်"ဟု ဦးမြင့်လွင်က ဆက်လက်ပြောကြားသည်။

### လေးထပ်အဆောက်အအုံ

ဈေးအဆောက်အအုံမှာ အရှေ့အနောက် အကျယ်အားဖြင့် ၁၂၈ ပေခန့်ရှိပြီး အရှေ့မျက်နှာစာသည် ပေ ၇၀ ခန့်နှင့် အနောက်ဘက်တွင် ပေ ၆၀ ခန့်ရှိကြောင်း သိရသည်။ အဆောက်အအုံမှာ လေးထပ်အဆောက်အအုံဖြစ်ပြီး တစ်ထပ်လျှင် ၁၂ ပေအမြင့်ဖြင့် သတ်မှတ်တည်ဆောက်ထားကြောင်း၊ အဆောက်အဦ အထူးအဖွဲ့ (၉)မှ ဦးစီးအရာရှိ (မြို့/ပြ) ဦးမြင့်လွင်မိုးထံမှ သိရှိရသည်။

မူလစတင်တည်ဆောက်ရန် လျာထားစဉ်က အခန်းပေါင်း ၁၂၅ ခန်း ဖွဲ့စည်းတည်ဆောက်ရန် လျာထားခဲ့သော်လည်း အခန်း ၁၅၀ အထိ တိုးချဲ့ဖွဲ့စည်းသွားရန် လျာထားကြောင်း ဟားခါးမြို့နယ် စည်ပင်သာယာရေးကော်မတီဝင် ဦးဇမန်းက ပြောကြားသည်။

ပြည်တော်သာ ဈေးသစ်ကြီး၏ မြေညီထပ်တွင် အခြေခံစားသောက်ကုန်များ၊ ပထမထပ်တွင် ကုန်ခြောက်များ၊ ဒုတိယထပ်နှင့် တတိယထပ်တို့တွင် အဝတ်အထည်၊ လူသုံးကုန်များကို ဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချပေးသွားမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောပြသည်။

### လုံခြုံစွာ ဈေးဝယ်နိုင်ရန်

မူလဈေးကြီးတွင် ဆိုင်ခန်းပေါင်း ၇၁ ခန်း ရှိခဲ့သည်။ ပြည်နယ်၏ မြို့တော် ဟားခါးမြို့ရှိ မြို့မဈေးကြီးကို မြို့တော်အင်္ဂါရပ်နှင့်အညီ စနစ်ကျနသည့် ရောင်းဝယ်ဖောက်ကားမှုများ ရရှိစေရန်နှင့် ပြည်သူများ လုံခြုံစွာဈေးဝယ်ယူနိုင်ရန် ရည်ရွယ်ကာပြုပြင်တည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း စည်ပင်ကော်မတီဝင်က ရှင်းပြသည်။

အဆိုပါ ဈေးတည်ဆောက်ရန်အတွက် ၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေကျပ် သန်း ၆၀၀ မတည်ခဲ့ပြီး ဆိုင်ခန်းပိုင်ရှင်များ၏ ပူးပေါင်းမှုဖြင့် ခန့်မှန်းကုန်ကျငွေကျပ် စုစုပေါင်းငွေကျပ် သန်း ၁၄၀၀ ဝန်းကျင် ကုန်ကျမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။



ဆောက်လုပ်ဆဲ ပြည်တော်သာမြို့မဈေးသစ်ကို တွေ့ရစဉ်။

" ဒီဒေသရဲ့သဘာဝအခြေအနေနဲ့ တင်ဒါအောင်တဲ့လုပ်ငန်းက မမီနိုင်ဘူးဖြစ်တယ်။ နည်းပညာပိုင်းမှာ လိုအပ်ချက်တွေရှိနေတာကြောင့် ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့အဆောက်အဦ အထူးအဖွဲ့(၉)ကို ဆောက်လုပ်ခိုင်းရတာဖြစ်ပါတယ်။ အဆောက်အဦအထူးအဖွဲ့ (၉)ကနေ ဘိုးပိုင်တွေနဲ့ စနစ်တကျ ဆောက်ခဲ့ရတာဖြစ်ပါတယ်။ ဒီလို ဘိုးပိုင်အသုံးပြု တည်ဆောက်မှုမျိုးဆောက်တာ ချင်းပြည်နယ်မှာဆိုရင် ပထမဆုံးလည်း ဖြစ်ပါတယ်" ဟု ဦးဇမန်းက ပြောကြားသည်။

"အဆောက်အအုံကို စတင်လက်ခံတဲ့အချိန်မှာ မူလကတည်ဆောက်ဆဲတွေကို အကုန်လုံးဖယ်ထုတ်ပစ်လိုက်ရတယ်။ အားလုံးဖျက်ပြီးမှ မြစ်ချောင်းတွေမှာ တံတားတွေတည်ဆောက်တဲ့အခါ သုံးတဲ့စနစ်ဖြစ်တဲ့ တစ်မီတာဘိုးပိုင်တွေကို အနက် ၁၆ မီတာအထိ တူးပြီးထည့်တယ်။ ကွန်ကရစ်လောင်းထည့်တယ်။ ပြီးမှ ကွန်ကရစ်ကပ်ခုံတွေကို နှစ်ပေထုရှိတဲ့ ငါးပေပတ်လည်တွေနဲ့ ကပ်လောင်းရပါတယ်။ ဒါပြီးမှ အပေါ်မှာ တိုင်တွေထပ်ထူရပါတယ်။ ဒီမှာက အခက်အခဲရှိတာတွေ အများကြီးပဲ။ ဒီနေရာက မြေပြိုတဲ့အရပ်ဒေသလည်း ဖြစ်ပါတယ်။ ရှန်းတောင်ဆိုတာက မြေအမြဲတမ်း လှုပ်ရှားနေတယ်။ ၂၀၁၅ တုန်းကလည်းမြေပြိုတဲ့ သာဓကတွေ ရှိခဲ့တယ်။ ဘူမိဗေဒသဘောအရ ဒီနေရာက အဆောက်အအုံတွေကို သာမန်ဆိုရင် အခိုင်အခံ့ဆောက်ဖို့ ခက်တယ်လို့ ပညာရှင်တွေက ဆိုထားတာလည်း ရှိခဲ့ပါတယ်"ဟု ဦးမြင့်လွင်က ပြောကြားသည်။

### မြေကာနံရံ ဆောက်လုပ်ခဲ့ရ

ထို့ကြောင့် အဆောက်အအုံခိုင်ခံ့မှုအတွက် အနောက်တွင်ကပ်လျက် ကွန်ကရစ် မြေကာနံရံကိုလည်း တည်ဆောက်ခဲ့ကြောင်း၊ ၁၈ လက်မရှိသည့် ဘိုးပိုင်အလုံးပေါင်း ၃၈ လုံးခန့် ထည့်သွင်းကာ သံကူကွန်ကရစ် နံရံအပေါ် မှဖုံးအုပ်၍ ငွေကျပ်သန်း ၁၀၀ ကျော် အကုန်အကျခံကာ မြေကာနံရံဆောက်လုပ်ခဲ့ရခြင်းဖြစ်ကြောင်း အထူးအဖွဲ့ (၉)မှ သိရှိရသည်။

"ကျွန်တော်တို့ဌာနနဲ့ တိုက်ရိုက်သက်ဆိုင်တာ မဟုတ်ခဲ့ပါဘူး။ ချင်းပြည်နယ်ဝန်ကြီးချုပ်ကနေ အထူးကိစ္စတစ်ရပ်အနေနဲ့ ကျွန်တော်တို့ကို အပ်ပါတယ်။ ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာနကနေ ပြည်တော်သာမြို့မဈေးသစ် တည်ဆောက်ဖို့အတွက် အထူးကိစ္စတစ်ရပ်အနေနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး စီးပွားရေးရာကော်မတီကို တင်ပြခဲ့ပြီး အဆင့်ဆင့်ခွင့်ပြုချက်တွေ ပြန်လည်ရရှိပြီးတော့ ဆောင်ရွက်ပေးခဲ့တာ ဖြစ်ပါတယ်"ဟု ဦးမြင့်လွင်က ရှင်းပြသည်။

ပြည်တော်သာဈေးသစ် ဆောက်လုပ်ရာတွင် မြေနေရာအခက်အခဲ၊ ဆောက်လုပ်ရေးပစ္စည်းများ သယ်ယူပို့ဆောင်ရေးနှင့် ထားရှိရေးအခက်အခဲများကိုလည်း ကြုံတွေ့ခဲ့ရကြောင်း သိရသည်။ "ဈေးသစ်ကြီး အမြန်ဆုံးပြီးစီးဖို့ တာဝန်ရှိသူတွေက ဆောင်ရွက်ပေးနေပါတယ်။ ကျွန်တော်တို့ စည်ပင်သာယာအနေနဲ့ကလည်းအခုလို မြို့တော်အင်္ဂါရပ်နဲ့ ပြည့်စုံတဲ့ ဈေးသစ်ကြီးပေါ်ပေါက်လာဖို့အတွက် အများကြီးမျှော်လင့်ပါတယ်။ ဈေးကြီး တည်ဆောက်ပြီးစီးသွားရင် ဆိုင်ခန်းပိုင်ရှင်တွေကို ဆိုင်ခန်းပြန်လည်ပေးအပ်သွားမယ်။ ကျန်ရှိတဲ့ ဆိုင်ခန်း ၇၀ ကျော်ကိုလည်း ကြမ်းခင်းဈေးဖွင့်ပြီး လေလံစနစ်နဲ့ ပွင့်လင်းမြင်သာစွာ ရောင်းချပေးသွားမှာ ဖြစ်ပါတယ်။ ဈေးကြီးပြီးစီးသွားမယ်ဆိုရင် ဟားခါးမြို့ပေါ်မှာ စည်းကမ်းမဲ့ရောင်းချနေတဲ့ ဈေးသည်တွေကိုလည်း ပညာပေးတာ၊ အရေးယူတာတွေကို ဆက်လက်ဆောင်ရွက်သွားမှာပါ။ မြို့မဈေးတင်မကပါဘူး။ မြို့တော်အင်္ဂါရပ်နဲ့ ညီညွတ်တဲ့ အခြားဈေးတွေကိုလည်း အဆင့်မြှင့်တင်သွားဖို့ ရည်ရွယ်ထားပါတယ်"ဟု ဦးဇမန်းက ဆက်လက်ပြောကြားသည်။

**ချင်းပြည်နယ် (ပြန်/ ဆက်)**
**သတင်းအလုပ်ရုံ ဆွေးနွေးပွဲအဖွဲ့**

# စီးတီးတက္ကစီ မှတ်ပုံတင်ခြင်းနှင့် သက်တမ်းတိုးခြင်းလုပ်ငန်းများ ပျက်ကွက်သည့် အငှားယာဉ်များကို ဆက်လက်ဆောင်ရွက်ခွင့်ပေးသွားမည်

**ရန်ကုန် ဇူလိုင် ၃**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအနေဖြင့် တိုင်းဒေသကြီးအတွင်းရှိ စီးတီးတက္ကစီ မှတ်ပုံတင်ခြင်းနှင့် သက်တမ်းတိုးခြင်း လုပ်ငန်းများ ပျက်ကွက်သည့် အငှားယာဉ်များကို ဆက်လက်ဆောင်ရွက်ခွင့်ပေးသွားမည်ဖြစ်ကြောင်း ဇူလိုင် ၃ ရက်က ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ (YRTA) တွင် ပြုလုပ်သော မီဒီယာတွေ့ဆုံပွဲ၌ အဆိုပါအဖွဲ့မှ တွဲဖက်အတွင်းရေးမှူး ဦးလှအောင်က ပြောသည်။

စီးတီးတက္ကစီ မှတ်ပုံတင်ခြင်းနှင့် သက်တမ်းတိုးခြင်းလုပ်ငန်းများ ပျက်ကွက်သည့် အငှားယာဉ်အစီးရေမှာ ၅၀၀၀ ကျော်ရှိပြီး ယင်းအစီးရေ ၅၀၀၀ ကျော်ကို စီးတီးတက္ကစီမှတ်ပုံတင်ခြင်းနှင့် သက်တမ်းတိုးခြင်းလုပ်ငန်းများကို အချိန်ကာလတစ်ခုသတ်မှတ်ကာ ဆက်လက်ဆောင်ရွက်ခွင့် ပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါသတ်မှတ်သည့် အချိန်ကာလကိုလည်း နိုင်ငံပိုင်သတင်းစာများမှ တစ်ဆင့် ကြေညာပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ (YRTA)ထံမှ သိရသည်။

"ကျွန်တော်တို့က ဘာလုပ်မလဲဆိုတော့ အစိုးရကို တင်ပြီးပြီ။ အစိုးရကလည်း ခွင့်ပြုပြီးပြီ။ အဲဒီသက်တမ်းပျက်ကွက်နေတဲ့ ကားတွေကို ကျွန်တော်တို့ ကာလတစ်ခုပေးမယ်။ ဘယ်ကာလဆိုတာကတော့ အဆုံးအဖြတ်ယူထားတယ်။ အဲဒီကာလအထိ ဒီမှာလာရောက်ပြီးတော့ မှတ်ပုံတင်လုပ်ပါ။ သက်တမ်းတိုးခြင်းကို သူတို့ဆောင်ရွက်ပါ"ဟု ဦးလှအောင်က ပြောသည်။

ထို့သို့ စီးတီးတက္ကစီမှတ်ပုံတင်ခြင်းနှင့် သက်တမ်းတိုးခြင်းလုပ်ငန်းများ ပျက်ကွက်သည့် အငှားယာဉ်များကို ဆက်လက် ဆောင်ရွက်ခွင့်ပေးသွားမည်ဖြစ်သော်လည်း ပျက်ကွက်ဒဏ်ကြေးပေးဆောင်ရမည်ဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။

"ဆောင်ရွက်တဲ့ အခါမှာတော့ သာမန်အတူတူလုပ်နေတဲ့ ယာဉ်တွေနဲ့တော့ တူချင်မှတူမယ်။ ပြစ်ဒဏ်ဒဏ်ကြေးတော့ သူကပါလိမ့်မယ်။ ပျက်ကွက်တဲ့ဒဏ်ကြေး။ ဒါပေမယ့် အဲဒီပျက်ကွက်တဲ့ဒဏ်ကြေးက နှစ်သိပ်များတဲ့ကားတွေဆိုရင် ဖိစီးမှုဖြစ်သွားနိုင်တယ်။ အဲဒါကိုလည်း အစိုးရက ဖြေလျှော့ပေးထားတယ်။ အတတ်နိုင်ဆုံးတော့ စည်းကမ်းဘောင်ထဲ ဝင်လာအောင် အခုချိန်မှာ ဆွဲခေါ်မယ်။ တတ်နိုင်သမျှ ပူးပေါင်းအောင်လုပ်မယ်"ဟုဦးလှအောင်က ပြောသည်။

အဆိုပါ စီးတီးတက္ကစီမှတ်ပုံတင်ခြင်းကို ၂၀၀၂ ခုနှစ်မှစ၍ စီမံချက်ချကာ မြို့တော်အင်္ဂါရပ်နှင့်ညီသော အငှားယာဉ်များဖြစ်ရေး၊ အငှားယာဉ် စီးနင်းသူများကို အထောက်အပံ့ပြုနိုင်ရေးနှင့် အငှားယာဉ်များကို စည်းကမ်းထိန်းသိမ်းမှု လုပ်ဆောင်ပေးနိုင်ရေးတို့အတွက် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိ ရန်ကုန်တိုင်းဒေသကြီး အတွင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ အဆင်ပြေစေရန် လက်ရှိအစိုးရသစ် လက်ထက် ၂၀၁၆ ခုနှစ် ဇူလိုင် ၈ ရက်က ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ အမိန့်ကြေညာစာထုတ်ပြန်၍ YRTA ကို ဖွဲ့စည်းခဲ့ပြီး YRTA မှ စီးတီးတက္ကစီ မှတ်ပုံတင်ခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ YRTA အနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း အငှားယာဉ်အဖြစ် မှတ်ပုံတင်ထားသော တက္ကစီယာဉ်များကို ယာဉ်စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်းများ လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ရေးအတွက် စီးတီးတက္ကစီယာဉ်များအဖြစ် မှတ်ပုံတင်ခြင်း၊ သတ်မှတ်ကာလအလိုက် စီးတီးတက္ကစီ မှတ်ပုံတင် သက်တမ်းတိုးခြင်းလုပ်ငန်းများကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် နောက်ဆုံးထား၍ ဆောင်ရွက်ရန် အစိုးရသတင်းစာများတွင် အကြိမ်ကြိမ်သတိပေး အကြောင်းကြားခဲ့ပြီးဖြစ်သည်။

သို့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် အခက်အခဲရှိကြသော ယာဉ်ပိုင်ရှင်များ၊ ယာဉ်မောင်းများက တင်ပြလာသဖြင့် ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိ တိုးမြှင့်ဆောင်ရွက်ပေးခဲ့ပြီး ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် မှတ်ပုံတင်သည့် ကားများကို ဧပြီ ၆ ရက်အထိ လုပ်ဆောင်ရန် သတ်မှတ်ခဲ့သည်။

ထိုသို့ သတ်မှတ်ကာလအတွင်း လာရောက်ဆောင်ရွက်ခြင်း မရှိသည့် စီးတီးတက္ကစီယာဉ်များကို လုပ်ငန်းလိုင်စင် ဖျက်သိမ်းသည်အထိ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဟုလည်း YRTA အနေဖြင့် အသိပေးနှိုးဆော်ထားသည်။

လက်ရှိ ရန်ကုန်တိုင်းဒေသကြီး အတွင်း စီးတီးတက္ကစီ မှတ်ပုံတင်ထားသည့် ယာဉ်အစီးရေမှာ ဇွန်လကုန်အထိ ၆၆၆၇၃ စီးရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ (YRTA)၏ စာရင်းများအရ သိရသည်။ **ငြိမ်းငြိမ်း**




# Yangon Water Bus ကို အသုံးပြုစီးနင်းနေသော ခရီးသည် တစ်လလျှင် တစ်သိန်းနီးပါးရှိ

**ရန်ကုန် ဇူလိုင် ၃**

Yangon Water Bus ကို အသုံးပြုစီးနင်းနေသော ခရီးသည်မှာ တစ်လျှင် တစ်သိန်းနီးပါးရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ အဖွဲ့ဝင် မြန်မာ့ဆိပ်ကမ်း အာဏာပိုင် လက်ထောက် အထွေထွေမန်နေဂျာ ဦးဘိုစိုးက ပြောကြားသည်။

"ကျွန်တော်တို့ Water Bus ဟာ တစ်နှစ်တာကာလအတွင်းမှာ ခရီးသည်ပေါင်း တစ်လကို ပျမ်းမျှ တစ်သိန်းလျော့လျော့၊ စဆွဲတုန်းကတော့ တစ်သိန်းမပြည့်ခဲ့ဘူး။ ဒီဘက်နွေတုန်းကတော့ တစ်လကို ခရီးသည် တစ်သိန်းစွန်းစွန်းလောက်နဲ့ ပြေးနိုင်တဲ့ အခြေအနေ ရှိပါတယ်။ သို့သော်လည်း မိုးတွင်းမှာတော့ လျော့သွားပါတယ်"ဟု လက်ထောက် အထွေထွေမန်နေဂျာ ဦးဘိုစိုးက ပြောကြားခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ရုံးတွင် ယနေ့ပြုလုပ်သော တာဝန်ရှိသူများနှင့် သတင်းမီဒီယာများနှင့် တွေ့ဆုံပွဲ (၄/၂၀၁၉)တွင် ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

Yangon Water Bus ကို ၂၀၁၇ ခုနှစ် အောက်တိုဘာ ၇ ရက်တွင် စတင်ပြေးဆွဲခဲ့ပြီး ရန်ကုန်ဘက်ကမ်းတွင် ဗိုလ်တထောင်၊ နန်းသီတာ၊ လမ်းသစ်၊ ဈေးကြီးတံတား၊ လှိုင်ဘူတာရုံတံတားနှင့် အင်းစိန်တံတားအောက် နေရာဟူ၍ ဆိပ်ခံတံတား ခြောက်ခုနှင့် ဒလဘက်ကမ်းတွင် ဆာပါချောင်တံတား၊ အံကြီးသင်္ဘောကျင်း၊ သမ္မတကမ်းခြေ စုစုပေါင်း ဆိပ်ကမ်း ကိုးခုကို မြန်မာ့ဆိပ်ကမ်း အာဏာပိုင်မှ စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြန်မာ့ဆိပ်ကမ်း အာဏာပိုင်အနေဖြင့် ဗိုလ်တထောင် အမှတ်(၄)တံတားနှင့် လမ်းသစ်တံတားများအတွက်သာ ငှားရမ်းခအဖြစ် တစ်လငွေကျပ်ခုနှစ်သိန်း ရယူခဲ့ပြီး ကျန်တံတားများကို ခရီးစဉ်အောင်မြင်စေရန်အတွက် အခမဲ့ အသုံးပြုခွင့်ပေးခဲ့ကြောင်း သိရသည်။

ထို့ပြင် Yangon Water Bus ခရီးစဉ်တိုးချဲ့နိုင်ရေးအတွက် ပုဇွန်တောင်ချောင်းအတွင်း ပုဇွန်တောင်ဈေးနေရာ၊ ဒေါပုံမြို့နယ် ဗိုလ်ထွန်းဇံရပ်ကွက် ဗိုလ်လရောင်လမ်းနေရာ၊ ကြက်ဘဲဈေးနှင့် သံလျင်မြို့နယ် သီတာဆိပ်နေရာ၊ ခနောင်တိုချောင်းနေရာနှင့် ရွှေပြည်သာတံတားသစ်တင်သစ်ချ သင်္ဘောဆိပ်နေရာများတွင် ဆိပ်ခံတံတားများ ပြုလုပ်ရန် အကြံပြုတင်ပြထားကြောင်း သိရသည်။

ဆာပါချောင် - လမ်းသစ် - ဗိုလ်တထောင်ခရီးစဉ်သည် ယခုအချိန်အထိ အောင်မြင်သော ခရီးစဉ်အဖြစ် ဆက်လက်တည်ရှိနေပြီး ရုံးဖွင့်ရက်တွင် တစ်နေ့လျှင် ခရီးသည် ၃၀၀၀ နှင့် ၅၀၀၀ ကြား စီးနင်းလေ့ရှိကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ-အာကာစိုး**

# ရပ်ရွာလူထုအခြေပြု ကျေးရွာကတ္တရာလမ်းသစ်ဖွင့်လှစ်

**ပင်းတယ ဇူလိုင် ၃**

ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် မဲနယ်တောင်ကျေးရွာအုပ်စု ကုန်းဆုံ- မြေပြိုကျေးရွာချင်းဆက်လမ်း လူထုအခြေပြု ကျေးရွာကတ္တရာလမ်းသစ်ဖွင့်ပွဲ




အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အဆိုပါလမ်းသစ်ကို မဲနယ်တောင်ကျောင်းတိုက်ဆရာတော် အရှင်စန္ဒောဘာသ၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းနှင့် အဖွဲ့ဝင်များ၊ နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလှဖေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပြီး (ဝဲပုံ) ကမ္ပည်းမော်ကွန်းကျောက်စာကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ အခမ်းအနားတွင် ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းက ကျေးရွာနေပြည်သူများအား တွေ့ဆုံအမှာစကားပြောကြားရာတွင် မိမိဒေသဖွံ့ဖြိုးတိုးတက်စေရန် မိမိတို့ ရွာသူရွာသားတိုင်း၏ တာဝန်ဖြစ်ကြောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအစီအစဉ်များတွင် ကိုယ်ထူကိုယ်ထဆောင်ရွက်နိုင်ကြရန်နှင့် မိမိတို့ဒေသဦးစီးအဖွဲ့ထံ ချိတ်ဆက်ပေါင်းစပ်ဆောင်ရွက်နိုင်ရေးတို့ကို ပြောကြားခဲ့ပြီး ဒေသဦးစီးအဖွဲ့က လှူဒါန်းသော လမ်းပြုပြင်ထိန်းသိမ်းရေးအတွက် အလှူငွေကျပ် ၁၀ သိန်းကို ပေးအပ်ရာ ကျေးရွာတာဝန်ရှိသူက လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ရာ ကတ္တရာလမ်းသစ်ဖောက်ရာတွင် စက်ယန္တရား ကူညီထောက်ပံ့ပေးခဲ့သည့် ဒေသဦးစီးအဖွဲ့အားလည်းကောင်း၊ ကတ္တရာ ၂၄ တန် ထောက်ပံ့ပေးခဲ့သည့် နယ်စပ်ရေးရာဝန်ကြီးဌာနအားလည်းကောင်း၊ အလှူငွေကျပ်သိန်း ၃၀ လှူဒါန်းပေးသည့် ရွှေဥမင်ဘုရားဂေါပကအဖွဲ့အား လည်းကောင်း၊ လမ်းကြိုက်စက် ကူညီပေးသော T.P.Y Co. ltd အား လည်းကောင်း တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ ကတ္တရာလမ်းသစ်ကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာလမှ စတင်ခင်းကျင်းဖောက်လုပ်ခဲ့ပြီး လမ်းအရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ၊ ၁၀ လက်မထု ဖြစ်ကြောင်းနှင့် ရပ်ရွာလူထုမှ ကျောက်၊ သဲ၊ လုပ်အားတို့ဖြင့်လည်းကောင်း၊ ဒေသဦးစီးအဖွဲ့မှ စက်ယန္တရားအကူအညီဖြင့်လည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ကတ္တရာ ၂၄ တန် ထောက်ပံ့၍လည်းကောင်း ဖောက်လုပ်ခင်းကျင်းခဲ့ကြောင်း သိရသည်။

**ခင်မျိုးနွယ် (ပင်းတယ)**

# ယခုလ ၅ ရက်တွင် မြန်မာ-တရုတ် နှစ်နိုင်ငံ အဝင်၊ အထွက် မြန်ဆန်ရန်အတွက် ဂိတ်အသစ် တိုးချဲ့ဖွင့်လှစ်မည်

**မူဆယ် ဇူလိုင် ၃**

မြန်မာအလုပ်သမားများ၊ အလည်ပတ်ခရီးသည်များနှင့်နယ်စပ်ဒေသ မူဆယ်မြို့မှ တရုတ်နိုင်ငံဘက်သို့ အဝင်၊ အထွက်များ အဆင်ပြေချောမွေ့စေရန်နှင့် ပိုမိုလျင်မြန်စေရန်အတွက် တစ်ဖက်တရုတ်နိုင်ငံမှ အသစ်ဆောက်လုပ်ထားသည့် နှစ်နိုင်ငံ အဝင်၊ အထွက် ဂိတ်သစ်ကို ယခုလ ၅ ရက်တွင် ဖွင့်လှစ်၍ စတင်အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိ နယ်စပ်ဒေသ မူဆယ်မြို့မှ တရုတ်နိုင်ငံဘက်သို့ ဝင်ရောက်နိုင်ရန် အချိန်ကြာမြင့်စွာ စောင့်ဆိုင်းနေရခြင်းသည် တရုတ်နိုင်ငံဘက်ရှိ လက်ရှိ အဝင်၊ အထွက်ဂိတ်များတွင် စက်ပစ္စည်းတပ်ဆင်မှုနည်းပါးမှုကြောင့် လက်ဗွေအချက်အလက်များနှင့် မျက်နှာ (Scan) ရယူရာတွင် အချိန်ကြန့်ကြာနေရခြင်းဖြစ်သည်။ ယခုလတွင် ဂိတ်အသစ်တစ်ခု ထပ်မံဖွင့်လှစ်မည်ဖြစ်ပြီး တရုတ်နိုင်ငံဘက်သို့ ဝင်ရောက်ရာတွင် ၅၀ ရာခိုင်နှုန်း မြန်ဆန်တော့မည်ဖြစ်ကြောင်း သိရသည်။

ယခုဂိတ်အသစ်ကို နှစ်နိုင်ငံ အဝင်၊ အထွက်ဂိတ်(ဆင်ဖြူဂိတ်)တိုးချဲ့ဆောက်လုပ်ထားခြင်းဖြစ်ပြီး အသစ် ဖွင့်လှစ်မည်ဖြစ်ပြီး မူဆယ်မြို့မှ အထွက်ပေါက်တွင် စက်အသစ်ခုနစ်လုံးနှင့် အဝင်ဂိတ်တွင် စက်အသစ်ခြောက်လုံး ထပ်မံတိုးချဲ့ထားကြောင်း သိရသည်။ ယခုလတွင် အသစ်ထပ်မံတိုးချဲ့ဖွင့်လှစ်မည့် မြေနေရာအနေအထားနှင့် အဆင်ပြေချောမွေ့စွာ ဖွင့်လှစ်နိုင်ရေးအတွက် ဂိတ်အသစ်ကို ဇူလိုင် ၃ ရက် ညနေ ၂ နာရီ ၃၀ မိနစ်တွင် ကြိုတင်၍ မူဆယ်ခရိုင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးဥက္ကာ ဦးဆောင်သည့် တာဝန်ရှိသူများနှင့် တရုတ်နိုင်ငံ ဒုတိယမြို့တော်ဝန် မစ္စတာချန့်ရောက် ဦးဆောင်သည့်အဖွဲ့များက


တရုတ်နိုင်ငံဘက်သို့ သွားရောက်မည့်သူများ နယ်စပ်ဂိတ်၌ တွေ့ရစဉ်။

လေ့လာကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

နယ်စပ်ဒေသ မူဆယ်မြို့မှ တရုတ်နိုင်ငံဘက်သို့ အဝင်၊ အထွက် ပိုမိုမြန်ဆန်နိုင်ရန်အတွက် မြန်မာအလုပ်သမားများ၊ အလည်အပတ်ခရီးသည်များနှင့် ဒေသခံပြည်သူအပေါင်းတို့က မျှော်လင့်နေကြသည်။

**ဆလိုင်းဗန်ရိုးထန်(မြန်/ဆက်)**



# ပန်ဝါနယ်စပ်စစ်ဆေးရေးဂိတ်အနီး တရုတ်ဘက်ခြမ်း ၁၀ မီတာအတွင်း၌ ဘာဂျာသံတံခါး(ထိုးတံခါး) ကွန်ကရစ်အဆောက်အဦ ဆောက်လုပ်နေမှု ဖျက်သိမ်းရန် နှစ်ဖက်ညှိနှိုင်းရာ အောင်မြင်မှုရရှိ

**ပန်ဝါ ဇူလိုင် ၃**

မြစ်ကြီးနားခရိုင် ချီဖွေမြို့နယ် ပန်ဝါမြို့ နယ်စပ်စစ်ဆေးရေးဂိတ်အနီး တရုတ်ဘက်ခြမ်း ၁၀ မီတာအတွင်း၌ ဘာဂျာသံတံခါး(ထိုးတံခါး) အလျား ၁၀ ပေ၊ အနံသုံးပေ၊ အမြင့်ခြောက်ပေခန့်ရှိသော ကွန်ကရစ်အဆောက်အဦ (ဝဲပုံ) ဆောက်လုပ်နေကြောင်း သတင်းရရှိ၍ ပန်ဝါမြို့အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်၊ ပန်ဝါနယ်စပ်ဂိတ်မှူး ရဲအုပ်မောင်ဇော်နှင့် ပန်ဝါဒေသခံ တရုတ်စကားပြန်နှင့် သွားရောက်စုံစမ်းမေးမြန်းခဲ့သည်။

အဆိုပါဆောက်လုပ်နေသော အဆောက်အဦနှင့်ပတ်သက်၍ တရုတ်ဘက်ခြမ်းစစ်ဆေးရေးဂိတ်မှူး မစ္စတာလျူယုန်းချန်းနှင့် တွေ့ဆုံပြီး ဆောက်လုပ်နေသော အဆောက်အဦသည် တရုတ်ဘက်ခြမ်း နှစ်နိုင်ငံနယ်နိမိတ်မျဉ်းမှ ၁၀ မီတာအတွင်း သုံးမီတာခန့်ကျရောက်နေကြောင်းနှင့် ယင်းအဆောက်အဦကို သုံးမီတာခန့် နောက်ဆုတ်ပေးရန် ပြောဆိုညှိနှိုင်းခဲ့ရာ တရုတ်ဘက်ခြမ်းစစ်ဆေးရေးဂိတ်မှူးက အဆောက်အဦကို ဖျက်သိမ်းပြီး နောက်ဆုတ်၍ ဆောက်လုပ်မည်ဖြစ်ကြောင်း စေ့စပ်ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**ရဲညွှန့်(မြန်/ဆက်)**

# မိတ္ထီလာ၌ မူခင်းကျဆင်းရေး အသိပညာပေးဟောပြော

**မိတ္ထီလာ ဇူလိုင် ၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့မရဲစခန်းမှ မူခင်းကျဆင်းရေးအတွက် အသိပညာပေး ဟောပြောခြင်းကို ဇွန်လနောက်ဆုံးပတ်က ပြုလုပ်ခဲ့ကြောင်း မိတ္ထီလာမြို့မရဲစခန်းမှ သိရသည်။

မိတ္ထီလာမြို့မရဲစခန်းမှ ဒုရဲမှူးကျော်ထင် ဦးစီးသောရဲတပ်ဖွဲ့ဝင်များက မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး မူခင်းအသိပညာပေးခြင်းကို မိတ္ထီလာမြို့ အောင်ဆန်းရပ်ကွက် ကျောက်ဖူးဓမ္မစရိယကျောင်းဝင်းအတွင်းရှိ မဟာစည်သဒ္ဓမ္မဗိမာန်၌ မိတ္ထီလာတက္ကသိုလ်အနီးဝန်းကျင်ရှိ ကျောင်းသား ကျောင်းသူများထားရှိသော ဘော်ဒါဆောင်ပိုင်ရှင်များအား အသိပညာပေးဟောပြောခဲ့ကြသည်။

မူးယစ်ဆေးဝါးနှင့်ပတ်သက်သော ဆိုးကျိုးများနှင့် ပြစ်မှုပြစ်ဒဏ်များအကြောင်း အသိပညာပေးဟောပြောခြင်းသို့ ဘော်ဒါအဆောင်ပိုင်ရှင် ၇၀ ခန့်နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ စုစုပေါင်း ၈၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**

# ကသာမြို့နယ်တွင် ရဲတပ်ဖွဲ့ဝင်များက မူခင်းကျဆင်းရေးဟောပြော

**နေပြည်တော် ဇူလိုင် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် အင်းရွာအလယ်ရပ်ကွက်ရှိ မဇ္ဈိမသီရိဗိမာန်၌ ယနေ့ မွန်းလွဲ ၂ နာရီက ကသာမြို့နယ် အင်းရွာနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက မူခင်းကျဆင်းရေး ဟောပြောပွဲပြုလုပ်ခဲ့သည်။ **(ယာပုံ)**

အဆိုပါဟောပြောပွဲတွင် အင်းရွာနယ်မြေရဲစခန်းမှူး ရဲအုပ် စည်သူကျော် ဦးစီးသောတပ်ဖွဲ့ဝင်များက မူးယစ်ဆေးဝါးများ၏ ဆိုးကျိုးများနှင့် ပြစ်မှုပြစ်ဒဏ်များအကြောင်း၊ လူကုန်ကူးမှု၊ လူမှောင်ခိုမှုများနှင့် ပတ်သက်သည့် သိသင့်သိထိုက်သည့်အချက်များ၊ ယာဉ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရမည့်အချက်များနှင့် သက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရေးအတွက် သိသင့်သိထိုက်သည့်အချက်များကို ဟောပြောခဲ့သည်။

ဟောပြောပွဲသို့ အခြေခံပညာအထက်တန်းကျောင်း (အင်းရွာ)မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၆၅၀ တက်ရောက်ခဲ့ကြောင်းနှင့် တက်ရောက်လာသူများအား မူခင်းအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**



# ကိုပါအမေရိကဖလား အကြိုဗိုလ်လုပွဲ ဘရာဇီးတို့ အာဂျင်တီးနားကို အနိုင်ယူ

**ဘီလိုဟိုရီဇွန်တီ ဇူလိုင် ၃**

တောင်အမေရိကဇုန်မှ ဖလားတစ်လုံးဖြစ်သော ကိုပါအမေရိကဖလားပြိုင်ပွဲကြီးကို ဘရာဇီးနိုင်ငံတွင် ကျင်းပပြုလုပ်ပြီး ဇူလိုင် ၃ ရက် (ဗုဒ္ဓဟူးနေ့) နံနက်ပိုင်းတွင် အကြိုဗိုလ်လုပွဲအဖြစ် ဘရာဇီးနှင့် အာဂျင်တီးနားအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဘရာဇီးအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့သည်။

ယင်းပွဲတွင် ဘရာဇီးအသင်းသည် ၄-၂-၃-၁ ကစားကွက်ဖြင့် ဖာမီနိုကို အထောင်ထား ပွဲထွက်ခဲ့ပြီး အာဂျင်တီးနားသည် ၄-၃-၃ ကစားကွက်ဖြင့် အဂူရို၊ မာတီနက်ဇ်နှင့်မက်ဆီတို့ တိုက်စစ်အတွဲဖြင့် ပွဲထွက်လာသည်။ ပွဲချိန် ၁၉ မိနစ်တွင် ဖာမီနို၏ဖန်တီးမှုမှ တစ်ဆင့် ဂါဘရီရယ်ဂျီးဆပ်က အနီးကပ် ပိတ်သွင်းယူပြီး ဘရာဇီးတို့ ပထမပိုင်း အဖွင့်ဂိုးရရှိခဲ့သည်။ ဒုတိယပိုင်း ၇၁ မိနစ်တွင် ဘရာဇီးအတွက် ဒုတိယအနိုင်ဂိုးကို ဂျီးဆပ်ဖန်တီးမှုမှ ဖာမီနိုက သွင်းယူခဲ့သည်။ ယင်းပွဲတွင် အာဂျင်တီးနားအသင်း ချေပဂိုးရရှိရန် အခွင့်အရေးများ ရရှိခဲ့ပြီး ဘရာဇီးဂိုးသမား အလီဆန်ဘက်ခ်ကာ၏ လက်စွမ်းပြကာကွယ်မှုကြောင့် အခွင့်အရေးဆုံးရှုံးခဲ့ရသည်။ ဘောလုံးပိုင်ဆိုင်မှုမှာ အာဂျင်တီးနားက အနည်းငယ်အသာစီးရရှိခဲ့ပြီး ဂိုးကန်သွင်းခွင့် ၁၄ ကြိမ်ရရှိခဲ့ကာ ဘရာဇီးအသင်းသည် လေးကြိမ်သာ ကန်သွင်းခွင့်ရခဲ့သည်။

ဘရာဇီးအသင်းသည် ကိုပါအမေရိကဖလားဗိုလ်လုပွဲကို ၂၀၀၇တွင် နောက်ဆုံးတက်ရောက်ခဲ့ပြီး ယင်းဖလားကို ရှစ်ကြိမ်ဗိုလ်စွဲထားသည်။ ကိုပါအမေရိကဖလားကို ၁၅ ကြိမ်ဖြင့် အများဆုံးရရှိထားသည့် ဉရုဂွေးအသင်းသည် အအောင်မြင်ဆုံးအသင်းအဖြစ် ရပ်တည်နေပြီး ဒုတိယနေရာတွင် ၁၄ ကြိမ်ဖြင့် အာဂျင်တီးနားအသင်းက ရပ်တည်နေသည်။ ၂၀၁၆ ချန်ပီယံဟောင်း ချီလီအသင်းက နှစ်ကြိမ်ဗိုလ်စွဲထားသည်။ ကိုပါအမေရိကဖလားပြိုင်ပွဲကြီးကို ၁၉၁၆ ခုနှစ်တွင်စတင်ခဲ့ပြီး နှစ်ပေါင်း ၁၀၃ နှစ်တိုင်ခဲ့ပြီဖြစ်သည်။

၂၀၁၉ ကိုပါအမေရိကဖလားဗိုလ်လုပွဲကြီးကို ဇူလိုင် ၈ရက် နံနက် ၂နာရီခွဲတွင် မာရာကာနာကွင်းကြီးတွင် ယှဉ်ပြိုင်မည်ဖြစ်ပြီး တတိယနေရာလုပွဲကို ဇူလိုင် ၇ ရက် နံနက် ၁ နာရီခွဲတွင် ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ **သီဟ**




ကိုပါအမေရိကဖလား အကြိုဗိုလ်လုပွဲတွင် ဘရာဇီးမှ အဖွင့်ဂိုးကို ဂျီးဆပ်က အာဂျင်တီးနားအသင်းဘက်သို့ သွင်းယူပေးစဉ်။

# မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း ထားဝယ်မြို့၌ ခြေစမ်းပွဲကစား

**ရန်ကုန် ဇူလိုင် ၃**

၂၀၁၉ အာဆီယံ အမျိုးသမီးပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ပြည်တွင်းခြေစမ်းခရီးစဉ် သွားရောက်နေသည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ထားဝယ်မြို့၌ နောက်ဆုံးခြေစမ်းပွဲအဖြစ် ဇူလိုင် ၄ ရက် **(ယနေ့)** တွင် ထားဝယ်လက်ရွေးစင်အသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် မွန်ပြည်နယ် မော်လမြိုင်မြို့မှ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့သို့ သွားရောက်ခဲ့ပြီး ပထမဆုံးခြေစမ်းပွဲအဖြစ် ဇူလိုင် ၂ ရက်က တနင်္သာရီတိုင်းဒေသကြီး ယူ-၁၇ အမျိုးသားအသင်းနှင့် ယှဉ်ပြိုင်ကစားရာ တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ တနင်္သာရီတိုင်းဒေသကြီး ယူ-၁၇ လက်ရွေးစင်အသင်းသည် တိုင်းဒေသကြီးနှင့် ပြည်နယ် ယူ-၁၇ ပြိုင်ပွဲယှဉ်ပြိုင်မည့်အသင်းလည်း ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် ဇွန် ၂၈ ရက်က ပြည်တွင်းခြေစမ်းခရီးစဉ် စတင်ထွက်ခွာလာပြီး မော်လမြိုင်မြို့တွင် ခြေစမ်းပွဲနှစ်ပွဲကစားရာ တစ်ပွဲနိုင်၊ တစ်ပွဲသရေကျခဲ့သည်။ မြန်မာအမျိုးသမီးအသင်းသည် မော်လမြိုင်နှင့် ထားဝယ် ခြေစမ်း ခရီးစဉ်တွင် ခြေစမ်းပွဲသုံးပွဲကစားထားပြီး ဇူလိုင် ၅ ရက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာလာမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**



**အကြိမ်(၃၀)မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် စခန်းသွင်းလေ့ကျင့်နေသော ကရာတေးသမားများအား ထက်ပိုင်စိုးကုမ္ပဏီက အားဆေးများကို ဇူလိုင် ၂ ရက်က ကရာတေးအဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမသို့ သွားရောက်လှူဒါန်းစဉ်။** (ယင်းအလှူရှင်သည် ဆီးဂိမ်းပြိုင်ပွဲအထိ နှစ်လတစ်ကြိမ် လှူဒါန်းမည်ဖြစ်သည်။) **အာကာလင်း**

## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

**အမေရိကန်အသင်း အမျိုးသမီးကမ္ဘာ့ဖလားဗိုလ်လုပွဲသို့ တက်ရောက်**

၂၀၁၉ အမျိုးသမီးကမ္ဘာ့ဖလားအကြိုဗိုလ်လုပွဲအဖြစ် အင်္ဂလန်နှင့် အမေရိကန်အမျိုးသမီးအသင်းတို့ ဇူလိုင် ၃ ရက်နံနက်ပိုင်းက အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ရာ အမေရိကန်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး အမျိုးသမီးကမ္ဘာ့ဖလားဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။ ဂိုးများကို ပွဲချိန် ၁၀ မိနစ်တွင် ပရက်စ်က အမေရိကန်အတွက် သွင်းယူနိုင်ခဲ့သော်လည်း အင်္ဂလန်မှ အဲလင်းဗိုက်က ပွဲချိန် ၁၉ မိနစ်တွင် ချေပဂိုးပြန်လည်သွင်းယူပေးနိုင်ခဲ့သည်။ အမေရိကန်အတွက် အနိုင်သေချာစေမည့် ဂိုးကို ပွဲကစားချိန် ၃၁ မိနစ်တွင် အဲလက်စ်မော်ဂန်က သွင်းယူပေးခဲ့သည်။ ပွဲကစားချိန် ၈၄ မိနစ်တွင် အင်္ဂလန်အတွက် ပယ်နယ်တီရရှိခဲ့သော်လည်း ဂိုးအဖြစ် ပြောင်းလဲနိုင်ခြင်း မရှိခဲ့ပေ။ ထို့အပြင် ပွဲချိန် ၈၆ မိနစ်တွင် အင်္ဂလန်မှ ဘရိုက် နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံခဲ့ရသည်။

**အန်ဒွန်ဘီလီကို စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူလိုက်သည့် တော့တင်ဟမ်**

တော့တင်ဟမ်အသင်းသည် လိုင်ယွန်မှ အန်ဒွန်ဘီလီကို ကလပ်စံချိန်တင်ပြောင်းရွှေ့ကြေး ပေါင် ၅၃ ဒသမ ၈ သန်း (ယူရို သန်း ၆၀) ဖြင့် ခေါ်ယူလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ အသက် (၂၂ နှစ်)အရွယ် အဆိုပါကစားသမားသည် တော့တင်ဟမ်အသင်း နှင့် ၂၀၂၅ ခုနှစ်ရှိမည်ဖြစ်သော စာချုပ်တစ်ရပ်ကို ချုပ်ဆိုခဲ့ခြင်းဖြစ်ကြောင်းလည်း ဖော်ပြထားသည်။ **အောင်ဇော်**


**သက်ငယ်မုဒိမ်းမှုကင်းစင်ရေး အားလုံးပူးပေါင်းပါဝင်ပေး**

သက်ငယ်မုဒိမ်းမှုသည် ထောင်ဒဏ်နှစ် ၂၀ ချမှတ်နိုင်သော ပြစ်မှုဖြစ်သည်

အခြေအနေ အချိန်အခါ နေရာမရွေး သက်ငယ်မုဒိမ်းမှု ဖြစ်ပွားနိုင်သည်



သက်ငယ်မုဒိမ်းမှုဆိုသည်မှာ အသက် (၁၆) နှစ်အောက် ကလေးသူငယ်များအား လိင်ပိုင်းဆိုင်ရာ မုဒိမ်းမှုကျူးလွန်ခြင်းကိုဆိုသည်

**သတိပြုရန်အချက်များ**

- နေအိမ်အဆောက်အဦ မလုံခြုံခြင်း၊
- ပတ်ဝန်းကျင်၏ လူနေမှု/ လူမှုရေး အခြေအနေ နိမ့်ကျခြင်း၊
- အုပ်ထိန်းသူများကစောင့်ကြပ်ထိန်းသိမ်းမှု ကင်းကွာခြင်း၊
- အဖော်မဲ့ သွားလာနေထိုင်ခြင်း၊ (နေအိမ်၊ လမ်းခရီး၊ လူသူပြတ်လပ်ရာနေရာများ)



- အုပ်ထိန်းသူများမှ ပတ်ဝန်းကျင်၊မိတ်ဆွေ၊ ဆွေမျိုးသားချင်းများအားယုံကြည်မှု လွန်ကဲခြင်း၊
- အိမ်ထောင်သည်များနှင့် မိသားစုဝင်များ အကာအရံမရှိ အတူတကွနေထိုင်ခြင်း၊
- အရက်၊စိတ်ကြွဆေးများသုံးစွဲသူများပြားလာခြင်း၊
- ညစ်ညမ်းပုံ၊ ညစ်ညမ်းဓွေ၊ စာအုပ်ဇာတ်လမ်းများ၊ ညစ်ညမ်း (Website) များ အလွယ်တကူရရှိနေခြင်း။

**တိုင်းဒေသကြီး၊ ပြည်နယ်နှင့်ခရိုင်လူမှုဝန်ထမ်းရုံးများသို့ လိုအပ်ပါက ဆက်သွယ်အကူအညီတောင်းခံနိုင်ပါသည်**

| | |
|---|---|
| -ကချင်ပြည်နယ်လူမှုဝန်ထမ်းရုံး | ၀၇၄၂၂၃၇၃ |
| ခရိုင်လူမှုဝန်ထမ်းရုံး(ဗန်းမော်) | ၀၇၄၅၀၀၈၅ |
| -ကယားပြည်နယ်လူမှုဝန်ထမ်းရုံး | ၀၈၃၂၁၀၅၄ |
| -ကရင်ပြည်နယ်လူမှုဝန်ထမ်းရုံး | ၀၅၈၂၁၀၆၃ |
| ခရိုင်လူမှုဝန်ထမ်းရုံး(မြဝတီ) | ၀၅၈၅၁၃၉၆ |
| -ချင်းပြည်နယ်လူမှုဝန်ထမ်းရုံး | ၀၇၀၂၁၀၆၈ |
| ခရိုင်လူမှုဝန်ထမ်းရုံး(မင်းတပ်) | ၀၇၀၇၀၀၅၀ |
| -မွန်ပြည်နယ်လူမှုဝန်ထမ်းရုံး | ၀၅၇၂၇၂၁၅ |
| -ရခိုင်ပြည်နယ်လူမှုဝန်ထမ်းရုံး | ၀၄၃၂၂၀၁၇ |
| ခရိုင်လူမှုဝန်ထမ်းရုံး(ကျောက်ဖြူ) | ၀၄၃၄၆၁၅၀ |
| -ရှမ်းပြည်နယ်လူမှုဝန်ထမ်းရုံး (တောင်ကြီး) | ၀၈၁၂၁၂၁၁၆ |
| ခရိုင်လူမှုဝန်ထမ်းရုံး(လားရှိုး) | ၀၈၂၂၃၁၀၄ |
| ခရိုင်လူမှုဝန်ထမ်းရုံး(ကျိုင်းတုံ) | ၀၈၄၂၂၅၂၉ |
| -စစ်ကိုင်းတိုင်းဒေသကြီးလူမှုဝန်ထမ်းရုံး | ၀၇၁၂၂၈၇၂ |
| -ပဲခူးတိုင်းဒေသကြီးလူမှုဝန်ထမ်းရုံး | ၀၅၂၂၂၁၂၂၆ |
| ခရိုင်လူမှုဝန်ထမ်းရုံး(ပြည်) | ၀၅၃၂၄၉၁၈ |
| -မကွေးတိုင်းဒေသကြီးလူမှုဝန်ထမ်းရုံး | ၀၆၃၂၈၃၃၈ |
| -တနင်္သာရီတိုင်းဒေသကြီးလူမှုဝန်ထမ်းရုံး | ၀၅၉၂၃၄၉၇ |
| ခရိုင်လူမှုဝန်ထမ်းရုံး(မြိတ်) | ၀၅၉၄၁၆၅၈ |
| -ဧရာဝတီတိုင်းဒေသကြီးလူမှုဝန်ထမ်းရုံး | ၀၄၂၂၄၆၈၃ |
| ခရိုင်လူမှုဝန်ထမ်းရုံး(မြောင်းမြ) | ၀၄၂၇၀၅၆၃ |
| - မန္တလေးတိုင်းဒေသကြီးလူမှုဝန်ထမ်းရုံး | ၀၂၆၁၁၅၀ |
| ခရိုင်လူမှုဝန်ထမ်းရုံး(ညောင်ဦး) | ၀၆၁၆၅၁၂၉ |
| ခရိုင်လူမှုဝန်ထမ်းရုံး(မြင်းခြံ) | ၀၆၆၂၂၁၄၃ |
| - ရန်ကုန်တိုင်းဒေသကြီးလူမှုဝန်ထမ်းရုံး | ၀၁၅၅၂၉၂၇ |
| - နေပြည်တော်ကောင်စီနယ်မြေ လူမှုဝန်ထမ်းရုံး | ၀၆၇၅၅၀၂၂၅ |

**လူမှုဝန်ထမ်းဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်မည့် အဖွဲ့အစည်း**

- အမျိုးသမီးနှင့်ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီ (အမျိုးသားလွှတ်တော်)
- ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ (ပြည်သူ့လွှတ်တော်)
- ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ
- မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးရေးရာ ကော်မတီ
- အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
- မြန်မာနိုင်ငံရဲတပ်ဖွဲ့(မှုခင်း)
- မြန်မာနိုင်ငံရဲတပ်ဖွဲ့(နိုင်ငံဖြတ်ကျော်)
- မြန်မာနိုင်ငံရဲတပ်ဖွဲ့ (လူကုန်ကူးမှုတားဆီးကာကွယ်ရေး)
- ပြည်သူ့ကျန်းမာရေးဦးစီးဌာန
- ကုသရေးဦးစီးဌာန
- မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်
- မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း
- မြန်မာနိုင်ငံကြက်ခြေနီအသင်း
- ကျားမရေးရာတန်းတူညီမျှရေးကွန်ရက်
- အမျိုးသမီးအဖွဲ့များကွန်ရက်
- အခရာ အမျိုးသမီးအဖွဲ့
- မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်
- ယူနီဆက်ဖ်(မြန်မာ)

# မြန်မာမိန်းကလေးများအား တရုတ်နိုင်ငံသို့ပို့ဆောင်ရောင်းစားခဲ့သူများကို လူကုန်ကူးမှုဖြင့် ထောင်ဒဏ်နှစ် ၃၀ ချမှတ်

**နေပြည်တော် ဇူလိုင် ၃**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် စမ်းချောင်းရပ်ကွက်နေ မတင်တင်ခိုင်(ခ) မခိုင် (ဘ)ဦးညို၊ နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ပင်သောင်ရွာနေ မဌေးဌေး (ဘ) ဦးတင်မြင့်၊ နေပြည်တော် ဇေယျာသီရိမြို့နယ်နေ ကျော်မင်းဦး (ဘ)စိစစ်ဆဲနှင့် တရုတ်နိုင်ငံ ရွှေလီမြို့နေ မခင်မာလာသိန်း (ခ)နွယ်နီခိုင်တို့သည် ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁ ရက်က နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ပင်သောင်ရွာနေ မ----အား မူဆယ်မြို့ရှိ အထည်ဆိုင် တစ်ဆိုင်တွင် အလုပ်ရမည်ဟု လိမ်လည်စည်းရုံးပြီး တရုတ်အမျိုးသားတစ်ဦးထံ ရောင်းစားခဲ့သည်။

အဆိုပါတရားခံများကပင် လယ်ဝေးမြို့နယ် ပင်သောင်ရွာနေ မ----အား မူဆယ်မြို့ရှိ အထည်ဆိုင်တစ်ဆိုင်တွင် အလုပ်ရမည်ဟု လိမ်လည်စည်းရုံးပြီး တရုတ်အမျိုးသားတစ်ဦးထံ ရောင်းစားခဲ့မှုအားလည်းကောင်း၊ အလားတူ မတင်တင်ခိုင်(ခ) မခိုင်၊ မခင်မာလာသိန်း (ခ)နွယ်နီခိုင်နှင့် မဌေးဌေးတို့သည် လယ်ဝေးမြို့နယ် ပင်သောင်ရွာနေ မ---- အား မူဆယ်မြို့ရှိအထည်ဆိုင်တစ်ဆိုင်တွင် အလုပ်ရမည်ဟု လိမ်လည်စည်းရုံးပြီး တရုတ်အမျိုးသားတစ်ဦးထံ ရောင်းစားခဲ့မှုအားလည်းကောင်း သက်ဆိုင်ရာ ရဲစခန်းများက အမှုဖွင့်လှစ် တရားစွဲတင်ပို့ခဲ့ရာ ၂၀၁၉ ခုနှစ် ဇွန် ၂၈ ရက်တွင် ဒက္ခိဏခရိုင်တရားရုံးမှ မတင်တင်ခိုင် နှင့် မဌေးဌေးတို့ကို လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေပုဒ်မ - ၂၄ အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်စီဖြင့် သုံးမှုအတွက် အလုပ်နှင့်ထောင်ဒဏ် နှစ် ၃၀ ကို သီးခြားစီကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်းနှင့် တိမ်းရှောင်တရားခံများဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၃**

မူးယစ်တပ်ဖွဲ့စု(၃၀)တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂ ရက် ညနေ ၄ နာရီခွဲက တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာအုပ်စု ပါကွေ့(အောက်) ကျေးရွာလမ်းတွင် စိုင်းဆွန်ဖစ်အား ဆိုင်ကယ်နှင့်အတူတွေ့ရှိ၍ စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၅၀ နှင့် ဘိန်းဖြူ ၀ ဒသမ ၂ ဂရမ် တို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ပါကွေ့(အောက်) ကျေးရွာနေ မီရှဲ၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူ ၁၀ ဒသမ ၆ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၆၅၀၊ ထိုင်းနိုင်ငံသုံး ဘတ် ၃၀၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့မွန်းလွဲ ၁ နာရီခွဲတွင် မူးယစ်တပ်ဖွဲ့စု(၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပင်းတယမြို့နယ် မြေခြားချိုင့်ကျေးရွာအုပ်စု ကျောက်ဆောင်ကျေးရွာအနီးရှိ ကားလမ်းမတွင် သိန်းအောင် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၆၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး အလားတူ ဆီဆိုင်မြို့နယ် လွယ်ပွတ်ကျေးရွာအုပ်စု ထမ့်ဆိုင်းကျေးရွာအနီး ကားလမ်းမတွင် ကြူကြူဝင်း(ခ)အားဖန် မောင်းနှင်လာသည့် Alfa Romeo အမျိုးအစား မော်တော်ယာဉ်ကိုရပ်တန့် ရှာဖွေရာ ဘိန်းဖြူ ၁ ဒသမ ၄၃ ကီလို၊ အိုက်စ် ၁ ကီလိုနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

ထို့အတူ ယင်းနေ့ညနေပိုင်းက မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့အဝင် မူဆယ်-မန္တလေးသွား ပြည်ထောင်စုကားလမ်းမပေါ်တွင် ညီညီအောင် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၄၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲမြန်ကြား**

# မြန်မာ့ရုပ်မြင်သံကြား

၄-၇-၂၀၁၉ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၈း၃၀ - **လွတ်လပ်ရေးဖခင်ကြီး၏ မမေ့နိုင်သောမိန့်ခွန်းများ(၁)**
၈း၄၀ - "မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ၏ မြန်မာအမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဆောင်ရွက်ချက်များ"
၁၀း၃၅ - အလုပ်သမားရေးရာအစီအစဉ်
၁၁း၃၅ - ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ "မိန်းမတစ်ယောက်၏ သံသယ"
၁၂း၃၅ - မြန်မာဇာတ်လမ်းတွဲ "သူ" (အပိုင်း-၃၀) (ဇာတ်သိမ်း)
၁၅း၂၀ - မြန်မာနိုင်ငံရှိလူကုန်ကူးခံရသူများအတွက် အခွင့်အရေးနှင့် ပြစ်မှုတရားစီရင်ရေး လုပ်ထုံးလုပ်နည်းများ

**ညပိုင်း**

၁၆း၂၀ - အာရုံမစိုက်ဘဲမောင်းနှင်ခြင်း
၁၈း၃၀ - မျက်မှောက်ရေးရာအဖြာဖြာ
၁၉း၁၅ - **လွတ်လပ်ရေးဖခင်ကြီး၏ မမေ့နိုင်သောမိန့်ခွန်းများ(၂)**
၁၉း၂၀ - မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ စီစဉ်တင်ဆက်သော "ရှုတိုင်းယဉ် ဆင်တိုင်းလှ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ" (ဂီတဖျော်ဖြေပွဲကြီးနှင့် ပြဇာတ်)(အပိုင်း-၁)
၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- **လွတ်လပ်ရေးဖခင်ကြီး၏ မမေ့နိုင်သောမိန့်ခွန်းများ(၃)**
၂၀း၃၅ - ဥပဒေစကားဝိုင်း **"သက်ငယ်မုဒိမ်းအကြောင်း သိကောင်းစရာ"**
- မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် (အပိုင်း-၄) (ဒါရိုက်တာ-ကြည်စိုးထွန်း၊ အကယ်ဒမီ ဆွေဇင်ထိုက်)
- ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ (၃) ရက် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်၊ ဝတ်စားဆင်ယင် ထုံးဖွဲ့မှုပြပွဲ "သုံးရာသီအလှ သဘာဝ ခေတ်အဆင်နှင့် ယနေ့အသွင် သံစဉ်ဖလှယ်ကြ ဂီတညီအစ်မ" (အကယ်ဒမီ ရွှေပန်းချီအငြိမ့်ဖျော်ဖြေပွဲ) (အပိုင်း-၂)

# တာချီလိတ်မြို့နယ် ပါလိုင်ကျေးရွာအနီးမှ ထိုင်းနိုင်ငံသားများအပါအဝင် ရှစ်ဦးအား လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ

**တာချီလိတ် ဇူလိုင် ၃**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့နယ် မိုင်းဖုန်း(ခ) ကျေးရွာအုပ်စု ပါလိုင်ကျေးရွာအနီးရှိအဆောက်အဦအတွင်းမှ ဇူလိုင် ၂ ရက် ညနေပိုင်းက မြန်မာနိုင်ငံသားအမျိုးသား တစ်ဦး၊ အမျိုးသမီးတစ်ဦးအပါအဝင် ထိုင်းနိုင်ငံသားအမျိုးသား သုံးဦးနှင့် အမျိုးသမီး သုံးဦး စုစုပေါင်း ရှစ်ဦးကို လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိကြောင်း သိရသည်။

နယ်မြေခံတပ်နယ်မှ တပ်မတော်သားများပါဝင်သည့် ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် မိုင်းဖုန်း(ခ) ကျေးရွာအုပ်စု ပါလိုင်ကျေးရွာအနီးတွင် ထိုင်းနိုင်ငံသားများ တရားမဝင်နေထိုင်နေကြောင်း သတင်းအရ သွားရောက်စစ်ဆေးရာ မြန်မာနိုင်ငံသား အမျိုးသားတစ်ဦး၊ အမျိုးသမီးတစ်ဦး၊ ထိုင်းနိုင်ငံသား အမျိုးသား သုံးဦး၊ အမျိုးသမီး သုံးဦး စုစုပေါင်း ရှစ်ဦးကို တွေ့ရှိရပြီး ခြံဝင်းအတွင်း ဆက်လက်ရှာဖွေရာ ခြောက်လုံးပြူးသေနတ်နှစ်လက်၊ 9MM ပစ္စတိုသေနတ် သုံးလက်၊ AK-47 သေနတ် သုံးလက်၊ M-16 သေနတ် နှစ်လက်၊ ၁၂ ဗို့ တစ်လုံးထိုးသေနတ် သုံးလက်၊ MK-12 တစ်လက်၊ M-22 ရိုင်ဖယ်တစ်လက်၊ 9MM ကျည် ၂၄၈ တောင့်၊ ပွိုင့် ၃၅၇ ကျည် ၅၃ တောင့်၊ ပွိုင့် ၄၅ ကျည် ၁၆၁ တောင့်၊ ပွိုင့် ၂၂ ကျည် ၆၅၀၊ ၅ ဒသမ ၅၆ မမကျည် ၃၁၈ တောင့်၊ M-22 ကျည် ၄၀၀၊ ၁၂ဗို့ ကျည် ၁၂၀၊ စုစုပေါင်းကျည်မျိုးစုံ ၁၉၅၀၊ ဗီဂိုမော်တော်ယာဉ် သုံးစီး၊ Mark-X အမျိုးအစား မော်တော်ယာဉ် တစ်စီး၊ 9MM ကျည်အိမ် ငါးခု၊ M-16 ကျည်အိမ် ကိုးခု၊ ပွိုင့် ၂၂ ကျည်အိမ် ခုနစ်ခု စုစုပေါင်း ကျည်အိမ် ၂၁ ခုတို့ကို သိမ်းဆည်းရမိသည်။

အဆိုပါ လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိသူရှစ်ဦးကို အမှုဖွင့်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဖြိုးလေး(တာချီလိတ်)**



ဖမ်းဆီးရမိသူများကို လက်နက်ခဲယမ်းများနှင့်အတူ တွေ့ရစဉ်။

# ဝိုင်းမော်မြို့နယ်၌ တစ်သျှူးငှက်ပျောခြံ ဆေးဖျန်းအလုပ်သမားငါးဦး ပိုးသတ်ဆေးကြောင့် မူးဝေအော့အန်၍ ဆေးကုသမှုခံယူရ

**ဝိုင်းမော် ဇူလိုင် ၃**

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်၌ ဇူလိုင် ၁ ရက်က တစ်သျှူးငှက်ပျောခြံတွင် အလုပ်လုပ်ကိုင်နေသည့် ဆေးဖျန်းအလုပ်သမားငါးဦး ပိုးသတ်ဆေးကြောင့် မူးဝေအော့အန်ကာ ဆေးကုသမှုခံယူခဲ့ရကြောင်း သိရသည်။

ဇူလိုင် ၁ ရက် နံနက်ပိုင်းက ဝိုင်းမော်မြို့နယ် ဆွတ်ဘွမ် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းကုမ္ပဏီမှ တစ်သျှူးငှက်ပျောဆေးဖျန်း လုပ်သားများဖြစ်သည့် ပိုက်အေး(၂၅ နှစ်)၊ မိုးဒီ(၂၁နှစ်)၊ ဇင်ဖုန်းအောင်(၃၂ နှစ်) နှင့် မြင့်ဝေ(၃၅ နှစ်)တို့ လေးဦးသည် ငှက်ပျောစိုက်ခင်းအတွင်း နံနက် ၆ နာရီမှစတင်ကာ ချဆေးဖျန်းခြင်းလုပ်ငန်းလုပ်ကိုင်ပြီး မွန်းလွဲပိုင်းတွင် ရေချိုး၍ထမင်းစားမည်ပြုစဉ် မခံမရပ်နိုင်အောင် မူးဝေအော့အန်ခြင်းများ ဖြစ်ခဲ့သဖြင့် ကုမ္ပဏီဝန်ထမ်းများက သုံးဘီးယာဉ်ဖြင့် ဝိုင်းမော်မြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး ပိုက်အေးနှင့် မိုးဒီတို့နှစ်ဦးမှာ သတိမရသဖြင့် မြစ်ကြီးနားပြည်သူ့ဆေးရုံသို့ ဆေးကုသမှုခံယူရန် ဆက်လက်ပို့ဆောင်ခဲ့စဉ် ဆေးရုံသို့လိုက်ပါပို့ဆောင်သူ ဆန်းမင်း(၁၈ နှစ်)မှာလည်း ဆေးရုံအရောက်တွင် မူးဝေအော့အန်ခြင်းများဖြစ်လာသဖြင့် မြစ်ကြီးနားဆေးရုံတွင် ဆေးရုံတက်ရောက် ဆေးကုသမှု ခံယူခဲ့ရသည်။

ငှက်ပျောစိုက်ပျိုးရေးလုပ်သားငါးဦးမှာ ဇူလိုင် ၂ ရက်တွင် ကျန်းမာရေးပုံမှန်အတိုင်း ကောင်းမွန်ခဲ့ပြီး ထိုသို့ဖြစ်ပွားရခြင်းမှာ ပိုးသတ်ဆေးကိုင်တွယ်ရာတွင် ခေါင်းစွပ်၊ မျက်နှာဖုံး၊ လက်အိတ် အစရှိသည့် အကာအကွယ်များ မပါရှိခြင်း၊ ပိုးသတ်ဆေးကိုင်တွယ်အသုံးပြုချိန်တွင် ကွမ်းယာ၊ ဆေးလိပ် စသည်တို့ကို သုံးစွဲခြင်းကြောင့်ဖြစ်နိုင်ပြီး အလားတူဖြစ်စဉ်မျိုး မဖြစ်ပွားစေရန်အတွက် မှာကြားပေးသွားမည်ဖြစ်ကြောင်း ခုတင်(၅၀၀)ဆံ့ မြစ်ကြီးနား အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီး ဖျားနာကုသဆောင်မှ လက်ထောက်ဆရာဝန် ဒေါက်တာ ဇော်ထက်ကိုကိုထံမှ သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# ကွန်တိန်နာယာဉ်တိမ်းမှောက်၊ လူတစ်ဦးယာဉ်ပိသေဆုံး

**ကြို့ပင်ကောက် ဇူလိုင် ၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့ ရန်ကုန်-ပြည်ကားလမ်း သာယာကုန်းကျေးရွာအနီး မိုင်တိုင်အမှတ် ၁၁၉/၁ နှင့် ၁၁၉/၂ အကြားတွင် ဇူလိုင် ၃ ရက် နံနက် ၇ နာရီခွဲက ရန်ကုန်ဘက်မှပြည်ဘက်သို့ ယာဉ်မောင်းကိုနိုင်လင်းထွန်း (၂၂ နှစ်) မောင်းနှင်သော ယာဉ်အမှတ် 9p/---- ကွန်တိန်နာယာဉ်သည် စလစ်ဖြစ်၍ တိမ်းမှောက်ခဲ့သည်။

အဆိုပါယာဉ်တိမ်းမှောက်မှုကြောင့် လမ်းဘေးရှိစက်ဘီးစီးလာသူ အုတ်ဖိုမြို့နယ် ဝိုင်းကျေးရွာနေသူ ဦးဘကျော်မှာ ယာဉ်ပိ၍ နေရာတွင်သေဆုံးသွားသဖြင့် ယာဉ်မောင်း နိုင်လင်းထွန်းအား ကြို့ပင်ကောက်မြို့မ ရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဇေယျာထွန်း(ကြို့ပင်ကောက်)**

# ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် အရှိန်မထိန်းနိုင်သည့် ယာဉ်တစ်စီး လမ်းဘေးအကာအရံတန်းများဝင်တိုက်

**နေပြည်တော် ဇူလိုင် ၃**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၌ ယနေ့ ညနေပိုင်းက မော်တော်ယာဉ်တစ်စီး အရှိန်ပြင်းစွာ မောင်းနှင်မှုကြောင့် လမ်းဘေးရှိ အကာအရံတန်းများကို တိုက်မှုဖြစ်ပွားခဲ့သည်။

ဇူလိုင် ၃ ရက် ညနေ ၄ နာရီခွဲခန့်က နေပြည်တော်-ရန်ကုန် အမြန်လမ်းပိုင်း မိုင်တိုင် ၄၉/၀- ၄၉/၁ အကြားတွင် နေပြည်တော်ဘက်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း ကိုစောမင်းထွဋ် (၄၃ နှစ်) မြောက်ဒဂုံမြို့နယ်နေသူ မောင်းနှင်ပြီး ယာဉ်ပေါ်တွင် အမျိုးသားနှစ်ဦး လိုက်ပါလာသည့် YGN 9C/...... တိုယိုတာကရောင်း ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်ရှိ အကာအရံတန်းများကို တိုက်မိမှု ဖြစ်ပွားခဲ့သည်။ ယာဉ်တိုက်မှုကြောင့် လူများထိခိုက်မှုမရှိကြောင်း၊ အမြန်လမ်းမကြီး ရဲတပ်ဖွဲ့ဘောနီစခန်းက ယာဉ်မောင်းကို အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မင်းမင်းလတ်(ရှုပဗေဒ)**



# လျှပ်စစ်လိုင်းပြင်လုပ်သား ဓာတ်တိုင်ပေါ်မှ ပြုတ်ကျသေဆုံး

**ပုသိမ် ဇူလိုင် ၃**

ပုသိမ်မြို့နယ် လျှပ်စစ်မီးမှန်ကန်ရေးအတွက် လျှပ်စစ်ဓာတ်အားလိုင်းတာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၉ နာရီက အမှတ် ၂ နယ်မြေ မင်းကြီးလမ်း တစ်လျှောက် ဓာတ်အားလိုင်းကြိုးသွယ်တန်းရေးလုပ်ငန်းတွင် ရေကြည်ဦးရပ်ကွက် လမ်းမကြီး ၄ လမ်း လမ်းသွယ် ၁၄ နေ ဓာတ်အားကြိုးပြုပြင်ရေးလုပ်သား ကိုပန်းမွှေး (၂၇ နှစ်)သည် အဆိုပါမင်းကြီးလမ်း ရွှေကျွန်းသာလမ်းဆုံရှိ ဓာတ်တိုင်ပေါ်တက်ရောက် ပြုပြင်ရာတွင် ဓာတ်လိုက်၍မြေပြင်ပေါ်ပြုတ်ကျသေဆုံးခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ပုသိမ်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ပုသိမ် - လှကြည်**

# ရုရှားရေငုပ်သင်္ဘော မီးလောင်မှုကြောင့် သင်္ဘောသား ၁၄ ဦး သေဆုံး



အာတိတ်အခြေစိုက်စခန်း ဆီဗာရိုမော့တွင် တွေ့ရသည့် ရုရှားနျူကလီးယား ရေငုပ်သင်္ဘော။

**မော်စကို ဇူလိုင် ၃**

အာတိတ်သမုဒ္ဒရာအတွင်း၌ သုတေသနတစ်ခု ဆောင်ရွက်နေသည့် ရုရှားရေငုပ်သင်္ဘောတစ်စင်း မီးစွဲလောင်မှု ဖြစ်ပွားခဲ့ရာ သင်္ဘောအမှုထမ်း ၁၄ ဦး အသက်ဆုံးရှုံးခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ရုရှားနိုင်ငံ၏ ရေပိုင်နက်အတွင်း ရေငုပ်သင်္ဘောမီးလောင်မှု ဖြစ်ပွားကြောင်း ကာကွယ်ရေးဝန်ကြီးဌာန၏ ကြေညာချက်ကို ကိုးကားလျက် ရုရှားသတင်းမီဒီယာများက ဇူလိုင် ၂ ရက်က ဖော်ပြခဲ့ကြသည်။

ကာကွယ်ရေးဝန်ကြီးဌာန၏ဖော်ပြချက်အရ ရေငုပ်သင်္ဘောသည် မီးလောင်မှုဖြစ်ပွားချိန်တွင် ပင်လယ်ရေအောက်အနက်ကို တိုင်းတာမှုများ လုပ်ဆောင်နေခဲ့ကြောင်းနှင့် သင်္ဘောသားများသေဆုံးရမှုမှာ ကာဗွန်မိုနောက်ဆိုက် အဆိပ်သင့်မှုကြောင့် ဖြစ်ဖွယ်ရှိကြောင်း သိရသည်။

မီးများကို ငြိမ်းသတ်ပြီးပြီဖြစ်သောကြောင့် ရေငုပ်သင်္ဘောကို ဆီဗာရိုမော့ရှိ ရုရှားမြောက်ပိုင်း ရေတပ်သင်္ဘော ဌာနချုပ်ဆီသို့ ပြန်သွားပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။ ပြီးခဲ့သည့် ၂၀၀၀ ပြည့်နှစ်အတွင်းက ရုရှားနိုင်ငံ၏ နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောတစ်စင်းဖြစ်သည့် ကာ့စ်က်သည် ပေါက်ကွဲမှုတစ်ခုဖြစ်ပွားပြီးနောက် ဘာရင်းပင်လယ်အတွင်း နစ်မြုပ်သွားခဲ့ရာ သင်္ဘောပေါ်လိုက်ပါလာသည့် အမှုထမ်း ၁၁၈ ဦးလုံး သေဆုံးသွားခဲ့သည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် မတော်တဆဘေးအန္တရာယ်ကိစ္စတွင် ၎င်း၏ ကိုင်တွယ်ဆောင်ရွက်ပုံနှင့် ပတ်သက်၍ ဝေဖန်ခံခဲ့ရပြီးနောက် အလားတူကိစ္စမျိုး ထပ်မဖြစ်စေရန် ကာကွယ်တားဆီးသွားမည်ဖြစ်ကြောင်း ကတိပြုခဲ့သည်။

**အင်န်အိတ်ခ်ျကေ**

## ဖိလစ်ပိုင်သမ္မတဟောင်း၏ဇနီး မွေးနေ့ပါတီတွင် လူ ၈၀ ကျော် အစာအဆိပ်ဖြစ်

**မနီလာ ဇူလိုင် ၃**

ဖိလစ်ပိုင်သမ္မတဟောင်း၏ဇနီး အီမယ်လ်ဒါမားကို့စ်၏ နှစ် ၉၀ ပြည့် မွေးနေ့ညှော်ခံပွဲကို မက်ထရိုမနီလာမြို့တော်အရှေ့ဘက် ပါဆစ်မြို့တွင် ဇူလိုင် ၃ ရက်က ကျင်းပခဲ့ရာ တက်ရောက်လာကြသူများအနက် လူ ၈၀ ကျော် အစာအဆိပ်သင့်ခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

ပါတီတက်ရောက်လာကြသူများအနက် လူ ၈၀ ကျော်တို့မှာ ဗိုက်အောင့်ခြင်း၊ ပျို့အန်ခြင်းနှင့် အော့အန်ခြင်း ဝေဒနာများ ဖြစ်ပွားခဲ့ရာ ဆေးရုံများသို့ ပို့ဆောင်ခဲ့ရကြောင်း ပါဆစ်ရဲချုပ် ရီဇာလီတိုဂါပတ်စ်က ပြောသည်။

ညှော်ခံပွဲတွင် တည်ခင်းကျွေးမွေးသည့် ဝက်အသားပြား၊ ပဲပိစပ်ဆော့စ်၊ ရှာလကာရည်နှင့် နာမည်ကြီး ဖိလစ်ပိုင်အစားအစာတစ်မျိုး စားသုံးခဲ့ကြပြီးနောက် အစာအဆိပ်သင့်ခဲ့ကြခြင်းဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသည်။

ညှော်ခံပွဲတက်ရောက်လာသူများ အစာအဆိပ်သင့်ခြင်းဖြစ်ကြောင်း အတည်ပြုနိုင်ရန် စုံစမ်းစစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်နေကြောင်း သိရသည်။

သမ္မတဟောင်း၏ ဇနီးမွေးနေ့ကို အားကစားကွင်းတစ်ခုအတွင်း လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး လူ ၂၅၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

**ဆင်ဟွာ**

## အိန္ဒိယနိုင်ငံ မဟာရက်ရှ်ထရာပြည်နယ် ရေကာတာကျိုးပေါက်မှု သေဆုံးသူအရေအတွက်မြင့်တက်

**နယူးဒေလီ ဇူလိုင် ၃**

အိန္ဒိယနိုင်ငံ အနောက်ပိုင်း မဟာရက်ရှ်ထရာပြည်နယ် ရတနာဂီရိတွင် ဇူလိုင် ၂ ရက်ညပိုင်းက ဖြစ်ပွားခဲ့သည့် ရေကာတာကျိုးပေါက်မှုအတွင်း သေဆုံးသူများရှိခဲ့ရာ ယခုအခါ သေဆုံးသူအရေအတွက်ကိုးဦးအထိ မြင့်တက်လာခဲ့ကြောင်း သိရသည်။

ရေကာတာကျိုးပေါက်ခဲ့ပြီးနောက် လူ ၁၅ ဦး ပျောက်ဆုံးနေကြောင်း ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့က ဇူလိုင် ၃ ရက်တွင် ပြောကြားခဲ့သည်။ ပြီးခဲ့သည့် ဇူလိုင် ၂ရက် ညပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တမံအောက်ပိုင်းတွင်ရှိနေသည့် ကျေးရွာများနှင့် ရွာငယ်ခုနစ်ခုတို့ မိနစ်ပိုင်းအတွင်း ရေနစ်မြုပ်ခဲ့ပြီးနောက် ရေအားခံနိုင်ဝန် ၂ဒသမ ၄ ကုဗမီတာရှိသည့် ရေကာတာ ကျိုးပေါက်သွားခဲ့သည်။

ရေကာတာကျိုးပေါက်မှုကြောင့် အနီးအနားရှိ နေအိမ် ၁၂ လုံးထက် မနည်း ရေထဲမျောပါခဲ့သည်။ အမျိုးသား သဘာဝဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့က အဆိုပါနေရာသို့ ရောက်ရှိနေပြီး ကယ်ဆယ်ရေးနှင့် ရှာဖွေရေးဆက်လက်ဆောင်ရွက်နေကြောင်း သိရသည်။

**ဆင်ဟွာ**

## လစ်ဗျားရှိ ဒုက္ခသည်ထိန်းသိမ်းရေးဌာနကို လေကြောင်းတိုက်ခိုက်မှုကြောင့် ၄၀ နီးပါး သေဆုံး

**ထရီပိုလီ ဇူလိုင် ၃**

လစ်ဗျားနိုင်ငံ ထရီပိုလီမြို့ရှိ ရွှေ့ပြောင်းသွားလာသူများ ထိန်းသိမ်းရေးစခန်း ဇွန် ၂ ရက်က လေကြောင်းမှ တိုက်ခိုက်ခံရရာ ရွှေ့ပြောင်းသွားလာသူ အယောက် ၄၀ နီးပါး သေဆုံးသွားခဲ့သည်။ ထရီပိုလီမြို့ကို သိမ်းပိုက်ရန် သုံးလလုံးလုံး ကြိုးစားနေသည့် လစ်ဗျားစစ်အာဏာသိမ်းခေါင်းဆောင် ကာလီဖာဟက်ဖ်တာ၏အဖွဲ့က တိုက်ခိုက်မှုလုပ်ဆောင်ခဲ့ခြင်းဖြစ်သည်ဟု စွပ်စွဲထားကြောင်း သိရသည်။

တာဂျူရာရှိ ရွှေ့ပြောင်းသွားလာသူများ ထိန်းသိမ်းရေးစခန်းကို လေကြောင်းမှ တိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး ထိခိုက်ဒဏ်ရာရရှိသူ ၂၀ ထက် မနည်းရှိကြောင်း အရေးပေါ် ဝန်ဆောင်မှုအဖွဲ့ပြောရေးဆိုခွင့်ရှိသူက အေအက်ဖ်ပီသို့ ပြောကြားခဲ့သည်။

လက်ရှိသေပျောက်မှုစာရင်းမှာ ကနဦး ဖော်ပြချက်ဖြစ်ပြီး သေဆုံးသူ မြင့်တက်လာနိုင်သေးကြောင်း ပြောရေးဆိုခွင့်ရှိသူ အိုစမာအလီက ပြောသည်။ ရွှေ့ပြောင်းသွားလာသူ ၁၂၀ တို့အား ထိန်းသိမ်းထားရာ နေရာတည့်တည့်ကို လေကြောင်းမှ တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

ထိန်းသိမ်းရေးစခန်းရှိ ကြမ်းပြင်ပေါ်တွင် ရွှေ့ပြောင်းသွားလာသူများ၏ အလောင်းများ ပြန့်ကြဲနေခဲ့ကြောင်း အေအက်ဖ်ပီ သတင်းဓာတ်ပုံသမားတစ်ဦးက ပြောသည်။ အခင်းဖြစ်ပွားရာသို့ လူနာတင်ယာဉ်အမြောက်အမြား ချက်ချင်းရောက်ရှိလာခဲ့ပြီး အပျက်အစီးပုံများအောက်တွင် အသက်ရှင်လွတ်မြောက်သူများကို ကယ်ဆယ်ရေးအဖွဲ့ဝင်များက ရှာဖွေလျက်ရှိသည်။

လေကြောင်းတိုက်ခိုက်မှုကို ကာလီဖာဟက်ဖ်တာအဖွဲ့က လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ထရီပိုလီ၌ အခြေစိုက်ထားသည့် နိုင်ငံတကာအသိအမှတ်ပြု အမျိုးသားညီညွတ်ရေး အစိုးရ (GNA)အဖွဲ့က ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြခဲ့သည်။

**အေအက်ဖ်ပီ**



အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့ဝင်များက သေဆုံးသူတို့၏ အလောင်းများကို သယ်ယူနေစဉ်။



အီရန်သမ္မတ ဟတ်ဆန်ရိုဟာနီ

## ယူရေနီယံပမာဏ ကျော်လွန်ထုတ်လုပ်မည်ဖြစ်ကြောင်း အီရန်ကြေညာ

**တီဟီရန် ဇူလိုင် ၃**

အီရန်နိုင်ငံသည် အမေရိကန်ပြည်ထောင်စုနှင့် ဥရောပသမဂ္ဂတို့မှ သတိပေးမှုများ လုပ်ဆောင်နေသော်လည်း အမြင့်ဆုံး သတ်မှတ်ထားသည့် ယူရေနီယံပမာဏကို ကျော်လွန်ထုတ်လုပ်တော့မည်ဖြစ်ကြောင်း ကြေညာလိုက်သည်။ ၂၀၁၅ နျူကလီးယား သဘောတူစာချုပ်တွင် ပါဝင်သည့် အခြားနိုင်ငံများက အီရန်အပေါ် အရေးယူပိတ်ဆို့မှုများ ဖယ်ရှားပေးရေး အကူအညီပေးရန် ၎င်းတို့ပေးအပ်ထားသည့် ကတိကဝတ်များအတိုင်း လုပ်ဆောင်ရန် ပျက်ကွက်ခဲ့သည့်အတွက် တုံ့ပြန်သည့်အနေဖြင့် ယူရေနီယံထုတ်လုပ်မှုကို သတ်မှတ်ပမာဏထက် ကျော်လွန်ထုတ်လုပ်မည်ဖြစ်ကြောင်း ယခုရက်ပိုင်းတွင်ကြေညာလိုက်ခြင်းဖြစ်သည်။

ပြီးခဲ့သည့်နှစ်က နျူကလီးယားသဘောတူစာချုပ်မှ နုတ်ထွက်လိုက်သည့် အမေရိကန်က အီရန်အပေါ် အရေးယူပိတ်ဆို့မှုများ အကြီးအကျယ် ချမှတ်လာသည့်အပေါ် တုံ့ပြန်သည့်အနေဖြင့် အီရန်သည် သဘောတူစာချုပ်တွင် ပါရှိသည့် ကတိကဝတ်များကို လိုက်နာခြင်းမှ စွန့်လွှတ်တော့မည်ဖြစ်ကြောင်း ပြီးခဲ့သည့် မေ ၈ ရက်တွင် ခြိမ်းခြောက်ခဲ့သည်ဖြစ်ရာ ယခုအခါ ၎င်းခြိမ်းခြောက်ခဲ့သည့်အတိုင်း လုပ်ဆောင်လျက်ရှိသည်။

ဇူလိုင် ၇ ရက်မှစတင်ကာ သတ်မှတ်ထားသည့် ယူရေနီယံပမာဏဖြစ်သည့် ၃ဒသမ ၆၇ ရာခိုင်နှုန်းကို ကျော်လွန်ထုတ်လုပ်မည်ဖြစ်ပြီး လိုအပ်လာပါက မိမိတို့ဆန္ဒရှိသလောက် အတိုင်းအတာအထိ ထုတ်လုပ်မည်ဖြစ်ကြောင်း အီရန်သမ္မတ ဟတ်ဆန်ရိုဟာနီက ဇူလိုင် ၃ ရက်တွင် ကျင်းပသည့် အစိုးရအဖွဲ့အစည်းအဝေးတွင် ပြောကြားခဲ့ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

## နိုင်ငံတကာ သတင်းတိုထွာ

### တရုတ်နိုင်ငံက ဗင်နီဇွဲလားသို့ ဘတ်စ်ကားအစီး ၂၀၀၀ ပေးပို့

**ပေကျင်း ဇူလိုင် ၃**

တရုတ်နိုင်ငံမှ ဗင်နီဇွဲလားသို့ အကူအညီအဖြစ်ပေးပို့ခဲ့သည့် ဘတ်စ်ကားအစီး ၂၀၀၀ ကို အများပြည်သူ သယ်ယူပို့ဆောင်ရေး တိုးတက်စေရန် အသုံးပြုသွားမည်ဖြစ်ကြောင်း ဗင်နီဇွဲလားသမ္မတ နီကိုးလပ်စ်မာဒူရိုက ပြောကြားခဲ့သည်။

တောင်အမေရိကနိုင်ငံဖြစ်သည့် ဗင်နီဇွဲလားသည် စီးပွားရေးအကျပ်အတည်းနှင့် ရင်ဆိုင်နေရပြီး အစိုးရနှင့် အတိုက်အခံတို့အကြား အာဏာပြိုင်ဆိုင်မှု ပြင်းပြင်းထန်ထန် ဖြစ်ပွားလျက်ရှိသည်။ နိုင်ငံအတွင်း လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုကြောင့် မီးရထားပို့ဆောင်ရေးနှင့် လောင်စာဆီ ရှားပါးလာခဲ့ပြီး ကားများကို အသုံးပြုရန် ခက်ခဲလာခဲ့သည်။

အမေရိကန်ပြည်ထောင်စုက သမ္မတမာဒူရို၏သားဖြစ်သူကို အရေးယူပိတ်ဆို့မှုစာရင်းတွင် ထည့်သွင်းလိုက်ပြီဖြစ်ပြီး တရုတ်နိုင်ငံနှင့် ရုရှားနိုင်ငံတို့က သမ္မတမာဒူရိုကို ဆက်လက်အကူအညီ ပေးနေဆဲဖြစ်သည်။

မာဒူရိုသည် ကမ္ဘာ့ဒုတိယစီးပွားရေးအင်အားအကြီးဆုံးဖြစ်သည့် တရုတ်နိုင်ငံ၏ ကျောထောက်နောက်ခံ ပေးထားမှုကို ရရှိထားကြောင်း ပြသသည့်အနေဖြင့် ဘတ်စ်ကားများ ပေးပို့မှုကို ထုတ်ဖော်ပြောကြားခဲ့ဟန်ရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

### သုံးနှစ်အတွင်း ပလတ်စတစ်ပစ္စည်းလေးမျိုးကို ထိုင်းအစိုးရ ပိတ်ပင်မည်

**ဗန်ကောက် ဇူလိုင် ၃**

ထိုင်းအစိုးရအဖွဲ့သည် လာမည့်သုံးနှစ်အတွင်း ၃၆ မိုက်ခရွန်ထက် ပါးလွှာသည့် ပလတ်စတစ်အိတ်များ၊ ပလတ်စတစ်ဖော့ဖြင့် ပြုလုပ်ထားသည့် အစာထည့်ရန်ဘူးများ၊ ပလတ်စတစ်မှုင်များနှင့် ပလတ်စတစ်ခွက်များ အသုံးပြုခြင်းကို ပိတ်ပင်တားဆီးသွားမည်ဖြစ်ကြောင်း ထိုင်းဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာက ဇူလိုင် ၃ ရက်တွင် ပြောကြားလိုက်သည်။

ဇူလိုင် ၃ ရက်တွင် ကျင်းပသည့် နိုင်ငံတကာပလတ်စတစ်အိတ် ကင်းစင်ရေးနေ့ အထိမ်းအမှတ်အဖြစ် ထိုင်းအစိုးရ အိမ်တော်တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ ဝန်ကြီးချုပ်ပရာယွတ်က အလေးအနက် ပြောကြားခဲ့ခြင်းဖြစ်သည်။ အစိုးရအဖွဲ့သည် ပြီးခဲ့သည့် ၁၀ လအတွင်း ပလတ်စတစ်အိတ် အသုံးပြုမှုကို ၂ဒသမ ၇တန်အထိ လျှော့ချနိုင်ခဲ့ကြောင်းနှင့် ထိုသို့လျှော့ချနိုင်အောင် ပါဝင်ကူညီဆောင်ရွက်ခဲ့ကြသူများ အားလုံးကို ကျေးဇူးအထူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

ထို့အပြင် ဝန်ကြီးချုပ်က ပလတ်စတစ်လျှော့ချရေးအတွက် ပလတ်စတစ်ပစ္စည်းများနေရာတွင် သဘာဝပတ်ဝန်းကျင်ကိုထိခိုက်စေခြင်းမရှိသည့် ပစ္စည်းများ တိုးမြှင့်သုံးစွဲသွားနိုင်ရန် ကြိုးပမ်းမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# မကြာမီတွေ့မြင်ရတော့မည့် ဥရောပသမဂ္ဂအဖွဲ့ကြီးအတွင်းမှ ခေါင်းဆောင်ပိုင်း အပြောင်းအလဲများ

*ချူးစန္ဒီမွေး*



ဂျာမနီကာကွယ်ရေးဝန်ကြီး အာဆူလာဗွန်ဒါလီယန်ကို ဂျာမနီတပ်ဖွဲ့ဝင်များနှင့်အတူ တွေ့ရစဉ်။

အကျပ်အတည်းများကြားက ခက်ခက်ခဲခဲ ဆွေးနွေးညှိနှိုင်းပြီးတဲ့နောက်မှာတော့ ဥရောပသမဂ္ဂအဖွဲ့ကြီးရဲ့ အရေးပါတဲ့ခေါင်းဆောင်ပိုင်းနေရာမှာ ဘယ်သူတွေကို ထားမလဲဆိုတဲ့ အမည်စာရင်းတင်သွင်းဖို့ ဆုံးဖြတ်ချက်ကို ချလို့ရသွားပါပြီ။

### သမိုင်းဝင်မယ့်ဖြစ်ရပ်

လက်ရှိအခြေအနေအရ ဥရောပသမဂ္ဂအဖွဲ့ကြီးဟာ အရင်တုန်းက မကြုံဖူးတဲ့ စမ်းသပ်မှုတွေ၊ စိန်ခေါ်မှုတွေကြား ရုန်းကန်နေရပြီး ဒီလိုကာလမှာပဲ အဖွဲ့ကြီးရဲ့အရေးပါတဲ့ ခေါင်းဆောင်ပိုင်းနေရာမှာ အမျိုးသမီးနှစ်ဦးကို အမည်စာရင်းတင်သွင်းလိုက်တာဟာ သမိုင်းတွင်မယ့် ဖြစ်ရပ်တစ်ခုပါပဲ။ ခေါင်းဆောင်ပိုင်းနေရာအတွက် ဥရောပခေါင်းဆောင်တွေဟာ ကွန်ဆာဗေးတစ်နှစ်ဦးကို အမည်စာရင်းတင်သွင်းခဲ့ပါတယ်။ သူတို့ကတော့ ဂျာမနီကာကွယ်ရေးဝန်ကြီး အာဆူလာဗွန်ဒါလီယန်နဲ့ ပြင်သစ်နိုင်ငံမှ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ ဦးဆောင်ညွှန်ကြားရေးမှူး ခရစ်စတင်းလာဂါဒီတို့ပဲ ဖြစ်ပါတယ်။

ဂျာမနီကာကွယ်ရေးဝန်ကြီးဖြစ်တဲ့ အာဆူလာဗွန်ဒါလီယန်ကို ဥရောပကော်မရှင်ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ပြင်သစ်နိုင်ငံမှ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ခေါင်းဆောင် ခရစ်စတင်းလာဂါဒီကို ဥရောပဗဟိုဘဏ်အကြီးအကဲအဖြစ်လည်းကောင်း အမည်စာရင်းတင်သွင်းခဲ့ကြတယ်။

### မတူကွဲပြားမှုများ

ဥရောပပါလီမန်ရွေးကောက်ပွဲကို ကျင်းပပြီးတဲ့နောက်မှာတော့ အဖွဲ့ဝင်နိုင်ငံပေါင်း ၂၈ နိုင်ငံအတွင်း အုပ်စုတွေ ကွဲပြားနေတာကို တွေ့ရမှာပါ။ အရှေ့နဲ့အနောက်အကြားကွဲပြားမှုတွေ၊ ရှေးရိုးစွဲဝါဒီနဲ့ တိုးတက်ရေးဝါဒီတွေကြား ခြားနားမှုတွေ၊ ဥရောပဖက်ဒရယ်နဲ့ ပေါ်ပြူလစ်တွေကြားသဘောထားမတိုက်ဆိုင်တွေ အစရှိတာတွေကို တွေ့ရမှာပါ။ ဒီလိုမျိုး မတူကွဲပြားမှုတွေကို ကြိုတင်တွေးတောထားပြီး ညှိနှိုင်းမှုတွေကို လုပ်ဆောင်ခဲ့ကြတာပါ။

### အဓိကကြုံတွေ့နေရသည့် ပြဿနာများ

ဥရောပသမဂ္ဂအဖွဲ့ကြီးအတွင်းမှာ အဓိကကြုံတွေ့နေရတဲ့ ပြဿနာကတော့ ရွှေ့ပြောင်းနေထိုင်သူ ဒုက္ခသည်အရေးနဲ့ ရာသီဥတု ဖောက်ပြန် ပြောင်းလဲခြင်းတို့ပါပဲ။ ဒါတင်မကသေးပါဘူး။ ဥရောပမှာ နောက်ထပ်ပြဿနာတွေလည်း ရှိနေသေးပါတယ်။ အီရန်နိုင်ငံအရေးကို ဘယ်လိုကိုင်တွယ်မလဲဆိုတာကို အမေရိကန်သမ္မတ ထရမ့်နဲ့ ဥရောပသမဂ္ဂတို့ သဘောထားကွဲလွဲလျက် ရှိပါတယ်။ နောက်ပြီး သမ္မတထရမ့်ရဲ့ ကုန်သွယ်ရေးစစ်ပွဲခြိမ်းခြောက်မှုတွေ၊ အခွန်စည်းကြပ်မှုတွေကလည်း ဥရောပသမဂ္ဂအဖွဲ့ကြီးကို အကျပ်ရိုက်စေမယ့် အရာတွေပါပဲ။ ဒါတွေအပြင် ဥရောပသမဂ္ဂအဖွဲ့ကြီးအတွင်းက ဗြိတိန်နုတ်ထွက်မယ့် အရေးဟာလည်း နောက်ထပ် ခေါင်းခဲစရာကိစ္စတစ်ခုပါ။

### ဥရောပကော်မရှင်၏ အရေးပါပုံ

ဥရောပကော်မရှင်ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံရသူ မစ္စဗွန်ဒါလီယန်ဟာ အသက် ၆၀ ရှိပါပြီ။ သူ့ကို ဂျင်းကလောက်ဒီဂျန်ကာရဲ့နေရာမှာ အစားဝင်ယူဖို့ အမည်စာရင်း တင်သွင်းခဲ့တာ ဖြစ်ပါတယ်။ ဂျင်းကလောက်ဒီဂျန်ကာကတော့ လက်ရှိမှာ ဂျီ ၂၀ ထိပ်သီးအစည်းအဝေး တက်ရောက်ရင်း အမေရိကန်၊ တရုတ်အပါအဝင် အခြားသောအင်အားကြီးနိုင်ငံတွေနဲ့ ညှိနှိုင်းမှုတွေ ပြုလုပ်နေပြီး ဥရောပသမဂ္ဂရဲ့ အကျိုးစီးပွားအတွက် ကြိုးစားနေပါတယ်။ ဥရောပကော်မရှင်ဆိုတာကတော့ အဖွဲ့ကြီးအတွင်းမှာ အရေးပါတဲ့မူဝါဒတွေ အကောင်အထည်ဖော်တဲ့ နေရာမှာသော်လည်းကောင်း၊ ဥပဒေတွေ ချမှတ်တဲ့နေရာမှာသော်လည်းကောင်း အဓိကကျတဲ့အခန်းကဏ္ဍကနေ ပါဝင်ပါတယ်။

အဖွဲ့ကြီးအတွင်းမှာ ငွေကြေးသုံးစွဲမှုကစလို့ အခြားသောအရာတွေအထိပါ ဥရောပကော်မရှင်ရဲ့ လွှမ်းမိုးမှုက ကြီးမားလှပါတယ်။ အခုဆိုရင် ဥရောပသမဂ္ဂက ဗြိတိန်နုတ်ထွက်မယ့် ကိစ္စဟာလည်းအပြီးမသတ်နိုင်သေးပါဘူး။ ဒီကိစ္စကို လက်စသတ်ဖို့ မစ္စဗွန်ဒါလီယန်နဲ့ ဆက်လက်လုပ်ကိုင်ရမှာဖြစ်ပြီး သူဟာအခြားသော ကျယ်ပြန့်တဲ့ ကိစ္စရပ်တွေကို ဖြေရှင်းဖို့အတွက်လည်း အမေရိကန်သမ္မတထရမ့်က အပြန်အလှန် ညှိနှိုင်းလုပ်ဆောင်သွားရမှာပါ။

### ထူးချွန်တဲ့စီမံခန့်ခွဲသူတစ်ယောက်

မစ္စလာဂါဒီကတော့ အသက် ၆၃ နှစ်ရှိပါပြီ။ သူဟာရှေ့နေတစ်ဦးဖြစ်သလို ပြင်သစ်အစိုးရအဖွဲ့ရဲ့ ဝန်ကြီးဟောင်းတစ်ဦးလည်း ဖြစ်ပါတယ်။ သူဟာ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ကို ၂၀၁၁ ခုနှစ်ကတည်းက ဦးဆောင်နေခဲ့သူလည်း ဖြစ်ပါတယ်။ သေချာလေ့ကျင့်ထားတဲ့ စီးပွားရေးသမားတစ်ဦးမဟုတ်ပေမယ့် ကမ္ဘာတစ်ဝန်းလုံးက ကိစ္စရပ်တွေကို ဖြေရှင်းတဲ့အခါ ထူးချွန်တဲ့ စီမံခန့်ခွဲသူတစ်ယောက်အဖြစ် သူ့ကိုအသိအမှတ်ပြုထားပါတယ်။

### စိန်ခေါ်မှုတစ်ရပ်

အသက် ၄၃ နှစ်အရွယ် ဘယ်လ်ဂျီယံ ဝန်ကြီးချုပ် ချားလ်မိုက်ကယ်ကိုတော့ ဥရောပကောင်စီဥက္ကဋ္ဌအဖြစ် အမည်စာရင်းတင်သွင်းပြီး ဒေါ်နယ်တက်စ်ရဲ့နေရာမှာ အစားထိုးသွားမှာပါ။ နောက်ပြီး ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးဟောင်း ဂျိုးဆက်ဘော်ရယ်ဖရွန့်တယ်စ်ကို နိုင်ငံခြားရေးမူဝါဒဆိုင်ရာ အကြီးအကဲအဖြစ် အဆိုပြုထားပြီး ဖရီဒရီကာမိုဂရီနီနေရာမှာ အစားထိုးသွားမှာပါ။ အဖွဲ့ဝင်နိုင်ငံပေါင်း ၂၈ နိုင်ငံရဲ့ လွန်ခဲ့တဲ့လကလည်း အများသဘောဆန္ဒကို ထုတ်ပြန်ဖို့ပျက်ကွက်ခဲ့သလို ဇွန် ၃၀ နဲ့ ဇူလိုင် ၁ ရက်မှာ ပြုလုပ်ခဲ့တဲ့ အစည်းအဝေးမှာလည်း ထုတ်ပြန်ဖို့ နောက်တစ်ကြိမ် ပျက်ကွက်ခဲ့ပြန်ပါတယ်။ မတူညီကွဲပြားတဲ့ အုပ်စုတွေရှိနေတဲ့ ဥရောပသမဂ္ဂအဖွဲ့ကြီးအတွင်းမှာ အများသဘောတူညီချက်ကို ရောက်ရှိဖို့ဆိုတာ စိန်ခေါ်မှုတစ်ရပ်ပါပဲ။ ကွဲပြားမှုတွေကြားထဲမှာ အဆင်ပြေပြေပေါင်းစပ်ပေးနိုင်ဖို့ ခက်ခဲလှပါတယ်။ ပြင်သစ်နဲ့ ဂျာမနီတို့ကတော့ မူဝါဒတွေအပေါ်မှာ သဘောတူ ကြပါတယ်။

### ခါးသီးတဲ့မှတ်ချက်

ဥရောပသမဂ္ဂအဖွဲ့ကြီးကို အချိန်အတော်ကြာ လွှမ်းမိုးနိုင်တဲ့ ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်ဟာလည်း ယခုအခါမှာတော့သူ့ရဲ့ လွှမ်းမိုးနိုင်စွမ်းတွေဟာ အရင်တုန်းကလို မဟုတ်တော့ပါဘူး။ အဲဒီသက်ရောက်မှုကြောင့် အိန်ဂျလာမာကယ်နဲ့ ရင်းနှီးမှုရှိလှတဲ့ ပြင်သစ်သမ္မတအီမန်နျူရယ်မက်ခရွန်ဆီကလည်း ခါးသီးတဲ့ မှတ်ချက်တွေ ထွက်လာပါတယ်။ အဖွဲ့ကြီးအတွင်းက အချို့သောခေါင်းဆောင်တွေဟာ သူတို့ရဲ့ ကိုယ်ပိုင်အနာဂတ်နဲ့အမျိုးသားရေး ဂုဏ်သိက္ခာအပေါ်မှာ သာစိတ်ဝင်တစားရှိကြတယ်လို့ ပြောဆိုခဲ့ပါတယ်။ သမ္မတမက်ခရွန်ကတော့ ဥရောပသမဂ္ဂအဖွဲ့ကြီးအတွင်းမှာ သူ့ကိုယ်သူအများအကျိုးကို ကြည့်သူလို့ သတ်မှတ်ထားပေမယ့် သူလည်းပဲ အမျိုးသားအကျိုးစီးပွားကို အလေးထားတာပါပဲ။ ဘာလို့လဲဆိုရင် ဥရောပဗဟိုဘဏ်အကြီးအကဲ နေရာအစားဝင်ယူရမယ့်သူကို ပြင်သစ်တစ်ဦးကိုပဲ ဖြစ်စေချင်ခဲ့ပါတယ်။ ရှေးရိုးစွဲဝါဒီလို့ခေါ်တဲ့ ကွန်ဆာဗေးတစ်တွေဟာ မေလအတွင်းက ပြုလုပ်ခဲ့တဲ့ ရွေးကောက်ပွဲမှာ ဆုံးရှုံးမှုများခဲ့ပေမယ့် အဓိကအင်အားကြီးနေရာမှာ ယူနေဆဲပါပဲ။

### အတိုက်အခံပြုလုပ်ကြ


တစ်ချိန်ကအဖွဲ့ကြီးအတွင်းမှာ လွှမ်းမိုးမှုကို ပြုလုပ်နိုင်ခဲ့တဲ့ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်ကို ပြင်းပြင်းထန်ထန် အတိုက်အခံလုပ်ကြသူတွေကတော့ ပိုလန်နဲ့ဟန်ဂေရီတို့ပါပဲ။ ဒါကလည်း ရွှေ့ပြောင်းအခြေချနေထိုင်သူတွေကို ခွဲတမ်းနဲ့ လက်ခံရေးမှာ အိန်ဂျလာမာကယ်နဲ့ ပိုလန်၊ ဟန်ဂေရီတို့က နိုင်ငံခေါင်းဆောင်တွေ ဆိုးဆိုးရွားရွား သဘောထား ကွဲလွဲခဲ့ကြလို့ပါပဲ။ အဲဒီနောက်ပိုင်း သူတို့ရဲ့ ဆက်ဆံရေးဟာ အရင်ကလို မဟုတ်တော့ပါဘူး။ ဒီတော့ ဥရောပပါလီမန် ရွေးကောက်ပွဲမှာလည်း အမည်စာရင်းတင်သွင်းတဲ့အခါ သဘောထားမတိုက်ဆိုင်မှုတွေ ပေါ်ထွက်လာပါတော့တယ်။ နောက်ထပ် ထိပ်ပိုင်းရာထူးတွေအတွက် အမည်စာရင်း တင်သွင်းကြရာမှာလည်း အငြင်းပွားမှုတွေ၊ သဘောမတူနိုင်မှုတွေ ပေါ်ပေါက်ခဲ့ပါတယ်။

### ထူးခြားတဲ့အခြေအနေ

ဥရောပကော်မရှင်ဥက္ကဋ္ဌရာထူးနေရာနဲ့ နိုင်ငံခြားရေးမူဝါဒဆိုင်ရာအကြီးအကဲနေရာတို့အတွက် ပါလီမန်က အတည်ပြုခန့်အပ်သွားမှာပဲ ဖြစ်ပါတယ်။ ဥရောပသမဂ္ဂအဖွဲ့ကြီးအတွင်းမှာ အရင်ကနဲ့မတူတဲ့ စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်နေရတဲ့အချိန် ထိပ်ပိုင်းခေါင်းဆောင်တွေနေရာ အမည်စာရင်းတင်သွင်းမှုမှာ အမျိုးသမီးနှစ်ဦး ပါဝင်လာတာဟာ ထူးခြားတဲ့ အခြေအနေတစ်ရပ်ပါပဲ။ ။

**ကိုးကား - နယူးယောက်တိုင်းမ်**

> “ဥရောပသမဂ္ဂအဖွဲ့ကြီးဟာ အရင်တုန်းက မကြုံဖူးတဲ့ စမ်းသပ်မှုတွေ၊ စိန်ခေါ်မှုတွေကြား ရုန်းကန်နေရပြီး ဒီလိုကာလမှာပဲ အဖွဲ့ကြီးရဲ့အရေးပါတဲ့ ခေါင်းဆောင်ပိုင်းနေရာမှာ အမျိုးသမီးနှစ်ဦးကို အမည်စာရင်း တင်သွင်းလိုက်တာဟာ သမိုင်းတွင်မယ့် ဖြစ်ရပ်တစ်ခုပါပဲ”



# ရွှေဘိုမှာ လည်စရာ ပေါပါတယ်

## 72 Hours in Shwebo

**Thiha, the Traveller @ သီဟလုလင်**

> မြေပုံလေးတွေ နေရာတကာ ရှိနေတာ သဘောကျမိတယ်။ ရွာတွင်းလေ့လာရေး အတွက် သိပ်အထောက်အကူပြုတယ်။ အိမ်တွင်းရိုးရာ လုပ်ငန်းလေးတွေက စိတ်ဝင်စားစရာပါ။ ဒီမှာဆို ကုန်းတွင်း ဆားချက် လုပ်ငန်းရှိတယ်။ အိုးလေးတွေနဲ့ မြေနဲ့ သေချာချက်တာကို လေ့လာကြရမယ်။

*(ယခင်အပတ်မှ အဆက်)*

**ဟန်လင်းမြို့ဟောင်း**

ရွှေဘိုဝန်းကျင်မှာ နောက်ထပ်လည်ပတ်စရာကောင်းတာကတော့ ဟန်လင်းမြို့ဟောင်းပါ။ နောင်များ အဆင်ပြေရင် သီးသန့်ထပ်ပြီး တင်ပြပေးချင်ပါသေးတယ်။ ဟန်လင်းမြို့ဟောင်းဟာလည်း သီးသန့်ရေးသားတင်ပြဖို့ အတော်လေးများပြားလို့ပါ။ အခုတော့ ရွှေဘိုသွားလည်ရင်း လမ်းကြုံဝင်နိုင်ဖို့ ပြေးပြေးလွှားလွှား ပေါ့ပေါ့ပါးပါးလေး ဖော်ပြပေးလိုက်ပါတယ်။ ဟန်လင်းမြို့ဟောင်းကို နိုင်ငံခြားသားတွေလည်း အလာများပါတယ်။ ဝက်လက်မြို့ကနေ ခြောက်မိုင်အကွာမှာရှိပြီး ရွှေဘိုကနေ ၄၅ မိနစ်လောက် ကားနဲ့ သွားရပါတယ်။ ရှေးပျူမြို့ဟောင်းဖြစ်တဲ့ ဟန်လင်းမြို့ဟောင်းကို ၁၉၀၅ ခုနှစ်မှာ ကျောက်စာဝန်တော်စိန်ခိုကစပြီး တူးဖော်ခဲ့တာပါ။ ၁၉၆၁ - ၁၉၆၂ မှာ စနစ်တကျ မြေပုံထုတ်နိုင်ခဲ့ပါတယ်။ ၁၉၇၉ ခုနှစ်မှာ ကာဗွန်စစ်ဆေးတဲ့အဖြေအရ နောက်အကျဆုံး အေဒီ ၆ ရာစုအထိ ဖြစ်နိုင်တယ်လို့ ဖတ်မှတ်ခဲ့ရပါတယ်။

ဟန်လင်းမြို့ဟောင်းကို သွားတဲ့ လမ်းက ကျဉ်းပြီး တံတားတွေက ဟောင်းနွမ်းဆွေးမြည့်နေတာလေးတော့ ပြုပြင်စေချင်မိတယ်။ စေတီပုထိုးတွေကို ရှေးဟောင်းအတိုင်းလေး မြင်ရတာတော့ သဘောကျစရာပါ။ ဟန်လင်းမြို့ဟောင်းကို သွားလည်တဲ့အခါ လမ်းဘေးဝဲယာမှာတင် ပုဂံလို ဘုရားပုထိုးတွေ တွေ့မြင်ရတာကိုက ခရီးသွားတွေရဲ့ စိတ်ကို ဆွဲဆောင်သွားပါတယ်။ ခေတ်ပုံရိုက်ချင်စရာ မြင်ကွင်းတွေ ချည်းပါပဲ။ ပြီးတော့ ဟန်လင်းမြို့မှာ စိတ်ဝင်စားစရာ အိမ်တွင်းလုပ်ငန်းတွေလည်း ရှိနေတယ်။

**ရွှေကူကြီးစေတီတော်**

ဟန်လင်းမြို့ဟောင်းရောက်ရင် ဖူးမြင်ကြရမယ့် ဒီစေတီကြီးမှာ ဈေးရောင်းတဲ့ အစ်ကို၊ အစ်မတွေဟာလည်း ဖော်ဖော်ရွေရွေ ခင်ခင်မင်မင်နဲ့ ရောင်းကြတာ သတိပြုမိတယ်။ သူတို့စကားဆိုပုံကလည်း ပွင့်လင်းရိုးသားကြတယ်။ ဘာရယ်မဟုတ်ဘူး ညနေခင်းလေး သူတို့ ဈေးသိမ်းချိန်မှ ရောက်သွားတော့ သူတို့လည်း သက်သောင့်သက်သာနဲ့ ကိုယ်တွေကို ရယ်မော စကားပြော ဈေးရောင်းကြရှာတယ်။ မာလကာသီးတွေ အားပေးဖြစ်ခဲ့သေးတယ်။ အတွင်းဘက်က ခေါင်းလောင်းကြီးကလည်း စိတ်ဝင်စားစရာကောင်းသလို ရှေးရှေးက ဆင်းတုတော်ကြီးငယ် ဟူသမျှလည်း မှန်ပေါင်သွင်းပြထားတာ တွေ့ရပါတယ်။

**ကမ္ဘာ့အမွေအနှစ် အမှတ်အသား**

ဒီအမှတ်အသားကျောက်စာရှိရာနေရာကိုလည်း ဓာတ်ပုံလာရောက်ရိုက်ကူးကြသလို မြို့ဟောင်းရဲ့အုတ်ရိုးတွေကိုလည်း ဒီနေရာမှာ တွေ့မြင်လေ့လာကြရပါတယ်။

**ဟန်လင်းမြို့ဟောင်းအနီးက လေ့လာစရာလုပ်ငန်းများ**

မြေပုံလေးတွေ နေရာတကာ ရှိနေတာသဘောကျမိတယ်။ ရွာတွင်းလေ့လာရေးအတွက် သိပ်အထောက်အကူပြုတယ်။ အိမ်တွင်းရိုးရာလုပ်ငန်းလေးတွေက စိတ်ဝင်စားစရာပါ။ ဒီမှာဆို ကုန်းတွင်းဆားချက် လုပ်ငန်းရှိတယ်။ အိုးလေးတွေနဲ့ မြေနဲ့ သေချာချက်တာကို လေ့လာကြရမယ်။ ထန်းလုပ်ငန်း၊ ပန်းပဲလုပ်ငန်း၊ လှည်းဘီးလုပ်ငန်း၊ ရက်ကန်း၊ ရွှေချည်ထိုး၊ ပုတ်နဲ့ ထရံလုပ်ငန်းစတာတွေကို လေ့လာနိုင်လို့ ကျွန်တော်က ဒီဒေသကို သိပ်သဘောကျတာ။







မြို့ဟောင်းရဲ့အုတ်ရိုးများကို တွေ့ရစဉ်။

**ရေပူကန်နဲ့ ရေပူတွင်းငယ်လေးများ**

ထူးခြားတဲ့ ဒီအရပ်မှာ ရေပူကန်တွေရှိတယ်။ အများအတွက် ဖွင့်ပေးထားတဲ့ ရေပူကန်ကို ဆောင်းတွင်းဆို ရွာခံတွေရော ဧည့်သည်တွေရော မပြတ်စည်ကားနေတာ။ အမျိုးသားနဲ့ အမျိုးသမီး ကန်ခွဲပေးထားတယ်။ ရေက ဆင်းဆင်းချင်းဆို အတော်ပူပါတယ်။ နောက်မှ ဒေသခံတွေ ဆင်းတဲ့နေရာကို ကြည့်ပြီး လိုက်ဆင်းတော့ အဆင်ပြေသွားတယ်။ မိုးတွင်းဆိုရင်တော့ ရေများရင် ရေပူမရတတ်ပေမယ့် မိုးနည်းသွားတာနဲ့ ရေပူက ရှိနေပြီးသားဖြစ်ပါတယ်။ ဒီမှာလည်း ရေပူလာစိမ်နိုင်ပါတယ်။

နောက်ထူးခြားတာက ရေတွင်းငယ်လေးတွေပါ။ ရွာတွေရဲ့ ရှေ့မှာ ရေချိုးဖို့ ရေတွင်းငယ် သေးသေးတွေ အပေါက် ငါးပေါက် ဖောက်ပြီး ဖော်ထားပေးတယ်။ ရေတွင်းငယ်က သိပ်မနက်ဘူး ရေအိုးတစ်အိုးစာလောက်ပဲ။ ထူးခြားစွာ ရေက သူ့အလိုလို ပြန်ပြည့်တယ်။ နောက်ထူးခြားတာက ရေတွင်း ငါးတွင်းမှာ တစ်တွင်းဆီရဲ့အပူချိန်က မတူညီဘူး။ အဲ့ဒီတော့ ရေချိုးမယ်ဆို ဘယ်အပူချိန်နဲ့ ချိုးမလဲ ချိန်ညှိလို့ရသွားရော။ ကိုယ်တွေ မြို့ပြမှာလို လျှပ်စစ်စက် အကူအညီမလိုဘူး။ သဘာဝက ချိန်ညှိပေးထားတာကို ချိုးကြရတာပေါ့လေ။ ဆန်းကြယ်တဲ့ သဘာဝတရားကြီးပါပဲ။



ရေချိုးရန်အတွက် ရေတွင်းငယ်လေးများ အပေါက် ငါးပေါက် ဖောက်ထားသည်ကို တွေ့ရစဉ်။

**အပြန်လက်ဆောင်**

"ရွှေဘို သနပ်ခါးတုံးများ ရန်ကုန်လိမ်းဖို့ယူ" ဆိုတဲ့ သီချင်းလေးအတိုင်း ခရီးထွက်တာများတဲ့ ကျွန်တော်လည်း ရွှေဘိုသနပ်ခါးတုံးတွေ ဝယ်ဖြစ်ပါတယ်။ ရွှေတန်ဆာဘုရားနားက ဆိုင်လေးမှာ ဝယ်တာ၊ လက်ဆောင်တွေ ဘာတွေလည်းရလို့ ပျော်တာပေါ့နော်။

ရွှေဘိုမြို့ဟာ ဦးအောင်ဇေယျရဲ့ အောင်မြေလည်းဖြစ်လို့လား မသိ၊ ဘော်ဒါတွေလည်းများသလို၊ အောင်မြေနင်း စာကျက်သူတွေလည်း မနည်း။ ကိုယ်ရောက်သွားချိန်က စာမေးပွဲရာသီဆိုတော့ ပိုသိသာတယ်။ အရင်က လည်ပတ်စရာ မရှိပါဘူးလေလို့ ထင်ထားရာကနေ တကယ်ကို လည်ပတ်လေ့လာစရာ ပေါများတဲ့ ဒီအရပ်ကို ကျွန်တော် နောက်ထပ်လည်း လာလည်ချင်မိနေတာတော့ အသေအချာပါပဲဗျာ။ ။ အားလုံး အစဉ်ဘေးကင်းလုံခြုံ၊ ကျန်းမာပြည့်စုံ ပျော်ရွှင်စွာ ခရီးသွားနိုင်ကြပါစေ။

■

# အာဇာနည်နေ့ ဗိုလ်ချုပ်ပြတိုက်တွင် အထူးပြင်ဆင်ထား ပြတိုက်အပေါ်ထပ်သို့ လေ့လာကြည့်ရှုခွင့် ရရှိမည်

**ရန်ကုန် ဇူလိုင် ၃**

မြန်မာ့လွတ်လပ်ရေးဖခင် ဗိုလ်ချုပ်အောင်ဆန်းနှင့် မိသားစုနေထိုင်ခဲ့သော ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဗိုလ်ချုပ် ပြတိုက်လမ်း (ယခင် တာဝါလိန်းလမ်း) ရှိ ဗိုလ်ချုပ်နေအိမ်ကို ဇူလိုင် ၁၉ ရက် (အာဇာနည်နေ့)တွင် အထူးပြင်ဆင်ထားမှု နှစ်ရပ်နှင့် ပြတိုက်အပေါ်ထပ်သို့ လေ့လာကြည့်ရှုခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် မိသားစုနှင့်အတူ ယခုပြတိုက်နေအိမ်တွင် ၁၉၄၅ခုနှစ် မေလမှ ၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက် နံနက်ပိုင်းထိ နေထိုင်ခဲ့ပြီး ကျဆုံးပြီးနောက် ဇနီးဖြစ်သူ ဒေါ်ခင်ကြည်နှင့် မိသားစုတို့ နေထိုင်ခဲ့ရာ ညှော်ခန်းတွင် ထိုအချိန်က ပုံစံအတိုင်း ပြင်ဆင်ထားရှိမည် ဖြစ်ကြောင်း၊ အပေါ်ထပ်ရှိဗီရိုအတွင်း ပြသခဲ့သော ဗိုလ်ချုပ်အောင်ဆန်းဝတ်စုံကို ယခုနှစ်တွင် ထုတ်ယူပြသမည့် အထူးပြင်ဆင်မှုနှစ်ရပ်နှင့်အတူ ပြတိုက်အပေါ်ထပ်ကြံ့ခိုင်မှုကို ပြင်ဆင်ခဲ့၍ ပိတ်ထားခဲ့ရာမှ ယခုနှစ် အာဇာနည်နေ့တွင် တစ်ကြိမ်လျှင် လူ ၅၀ ဖြင့် အပေါ်ထပ်သို့ အလှည့်ကျလေ့လာကြည့်ရှုခွင့်ရရှိမည် ဖြစ်သည်။

"ပြီးခဲ့တဲ့နှစ်က အပေါ်ထပ်ကိုတက်ရောက်ခွင့်ပိတ်ထားခဲ့ပေမယ့် လေ့ကားကြံ့ခိုင်မှုပြီးစီးသွားပြီဖြစ်လို့ တစ်ကြိမ်ကို လူ ၅၀ လေ့လာကြည့်ရှုလို့ရပါပြီ။ အောက်ထပ်အပန်းဖြေဝိုင်းနဲ့ ထမင်းစားခန်းကိုကြည့်ရှုပြီးတော့ ၁၉၄၇ ခုနှစ်က ပုံစံအတိုင်းညှော်ခန်းကိုလေ့လာရမှာပါ။ အပေါ်ထပ်က ဗိုလ်ချုပ်အိပ်ခန်းက ခုတင်ခြေရင်းမှာ ဗိုလ်ချုပ်ဝတ်ဆင်ခဲ့တဲ့ ဝတ်စုံကို ပြသပါ့မယ်။ ကလေးတွေအိပ်ခန်းနဲ့ အထူးစည်းဝေးခန်းကိုကြည့်ရှုပြီးတော့ ခြံထဲက စိုက်ခင်းကိုလေ့လာနိုင်အောင် ဆောင်ရွက်ထားပါတယ်"ဟု အမျိုးသားပြတိုက် (ရန်ကုန်) မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်စိုးက ပြောသည်။



ဗိုလ်ချုပ်အောင်ဆန်း နေအိမ် ပြတိုက်ကို တွေ့ရစဉ်။

**နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ ဖွင့်လှစ်ပြသမည်**

ယမန်နှစ်က ပြတိုက်အတက်လမ်းတစ်လျှောက်တွင် ဗိုလ်ချုပ်၏ အဆိုအမိန့်များကိုပြသခဲ့ပြီး ယခုနှစ်တွင် ဗိုလ်ချုပ်ပုံပါသော တံဆိပ်ခေါင်းများကို ဘုတ် ၁၈ ခုဖြင့် ပြသွားမည် ဖြစ်ကြောင်း၊ ဗိုလ်ချုပ်စိုက်ခင်းစိမ်းလန်းစိုပြည်မှုကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်ဌာနနှင့် လာရောက်လေ့လာကြည့်ရှုသူများ မိုးမစိုစေရန်ပြတိုက်တက်လမ်းတစ်လျှောက်ပေါင်းမိုးများကို အင်ဂျင်နီယာဌာနများက ဖြည့်ဆည်းဆောင်ရွက်ထားပြီး အာဇာနည်နေ့တွင် နံနက် ၆ နာရီမှညနေ ၆ နာရီအထိ ဖွင့်လှစ်ပြသမည်ဖြစ်သည့်အပြင်ကျန်နှစ်ရက်တွင်လည်း နံနက် ၈ နာရီမှညနေ ၅ နာရီအထိပြသသွားမည်ဖြစ်ကြောင်း၊ ပုံမှန်ရက်များ၌ တနင်္လာနေ့နှင့် ပြန်တမ်းဝင်ရုံးပိတ်ရက်မှအပ နံနက် ၉ နာရီခွဲမှ ညနေ ၄ နရီခွဲအထိ အခမဲ့ပြသလျက်ရှိကာ နိုင်ငံခြားသားတစ်ဦးလျှင် ကျပ်ငါးထောင် ဝန်ဆောင်မှုဖြင့် ပြသလျက်ရှိသည်။

**ညှော်ခန်းပြင်ဆင်မှု ဇူလိုင် ၁၆ ရက်တွင် ပြီးစီးမည်**

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်ပြည်ထောင်စုဘတ်ဂျက်ဖြင့် တိုင်းဒေသကြီး အစိုးရအဖွဲ့၏လမ်းညွှန်မှုနှင့်အတူ ဗိုလ်ချုပ်အောင်ဆန်း ပြတိုက်အထွေထွေ မွမ်းမံခြင်းလုပ်ငန်းကို အပိုင်းသုံးပိုင်း၊ လုပ်ငန်းစဉ်ကိုးခုဖြင့် လုပ်ဆောင်လျက်ရှိရာ အဆောက်အအုံကြံ့ခိုင်မှုကို ဦးစားပေးလုပ်ဆောင်ခဲ့၍ ညှော်ခန်းပြင်ဆင်မှုကိုဇူလိုင် ၁၆ ရက်တွင် ပြီးစီးမည်ဖြစ်ကြောင်း၊ ပြတိုက်ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် စိမ်းလန်းစိုပြည်သာယာလှပရေးကို မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံဗိသုကာ ပညာရှင်များအသင်း၊ ရန်ကုန်ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့နှင့်ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ပြတိုက်မွမ်းမံမှုကို ဆက်လက်လုပ်ဆောင်သွားမည်ဟု သိရသည်။

**၁၉၄၇ ခုနှစ်က ညှော်ခန်းပုံစံအတိုင်း ပြင်ဆင်ထား**

ယမန်နှစ်က ပြည်သူ နှစ်သောင်းကျော်နှင့် နိုင်ငံခြားသား ၉၇ ဦး သုံးရက်အတွင်း လာရောက်ကြည့်ရှုလေ့လာခဲ့ပြီး ယခုနှစ်တွင် ၁၉၄၇ ခုနှစ်က ညှော်ခန်းပုံစံအတိုင်း ပြင်ဆင်ထားရှိမှုနှင့် ဗိုလ်ချုပ်အောင်ဆန်း ဝတ်ဆင်ခဲ့သည့်အင်္ကျီကိုလည်းအပြင်တွင် ပြသသွားမည်ဖြစ်သည့်အပြင် ပြတိုက်အပေါ်ထပ်ကို ကြည့်ရှုလေ့လာခွင့်ရရှိမည်ဖြစ်ရာ ယမန်နှစ်ထက်ကြည့်ရှုလေ့လာသူ ပိုမိုများပြားစည်ကားနိုင်ကြောင်း သိရသည်။

**သန်းထိုက်၊ ဓာတ်ပုံ - သန်းစိုး**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၃-၇-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၂၀၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၅၄၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၂၀၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၅၄၆၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၈၅/၉၃၀ ကျပ် | ၉၄၀/၉၅၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၉၅/၉၄၀ ကျပ် | ၉၅၅/၉၆၅ ကျပ် |
| အောက်တိန်း ၉၂ | ၇၇၀/၈၁၅ ကျပ် | ၈၅၀/၈၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၈၅၀/၉၀၅ ကျပ် | ၉၅၅/၉၆၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၁၀ · ၇ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၀၅ · ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၁၄ · ၅ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၀၀ · ၁ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၄၀၂ · ၈ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၅၉ · ၆ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၉ · ၅၈ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ · ၉၄၃ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၉ · ၂၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၅ · ၁၂ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၉ · ၄၅၈ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄)နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန


မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)



mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



MYANMAR Digital News
Presented by NPE
www.mdn.gov.mm


## မော်လမြိုင်ကျွန်းမြို့နယ်၌ ရေငန်တားတာတည်ဆောက်မှု ပေ ၂၀၀၀ ကျော် ပြီးစီး

**မော်လမြိုင်ကျွန်း ဇူလိုင် ၃**

ပင်လယ်နှင့် နီးကပ်နေသော မော်လမြိုင်ကျွန်းမြို့နယ် မဘောကျေးရွာအုပ်စုတွင် ၁၉ မိုင် ၆ ဖာလုံ ရှည်လျားသော ကျေးရွာ ၁၁ ရွာ တောင်သူအကျိုးပြု ရေငန်တားတာတည်ဆောက်ခြင်းနှင့် ကိုယ့်အားကိုယ်ကိုး ကျေးရွာ ၁၁ ရွာ ကျေးရွာချင်းဆက် တာလမ်းများ တည်ဆောက်ခြင်းကို ဖေဖော်ဝါရီ ၁၁ ရက်မှ စတင်ပြီး စက်ယန္တရားများဖြင့် ရေငန်တားတာ တည်ဆောက်ခဲ့ကြရာ ယနေ့နံနက်တွင် ရေငန်တားတာ ခြောက်မိုင် ခြောက်ဖာလုံ ပေပေါင်း ၂၂၀၀ ပေ တည်ဆောက်ပြီးစီးသွားပြီဖြစ်သည်။

ယင်းရေငန်တားတာ အချိန်မီ တည်ဆောက်ပြီးစီးနိုင်ရေးအတွက် မြို့နယ်တာဝန်ခံ ဦးခင်စိန်၊ မဘောကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးခင်မောင်မြင့်နှင့် ကျေးရွာခွဲအလိုက်တာဝန်ခံများက ကြီးကြပ်၍ တည်ဆောက်ခဲ့ကြရာ မဘော၊ ရှောက်ချောင်း၊ ပန်းဖူးချောင်း၊ ကွမ်းသီးချောင်းလေးနှင့် ကွင်းချောင်းကျေးရွာများအထိ တည်ဆောက်ပြီးစီးသွားပြီဖြစ်သည်။ ယင်းကျေးရွာ ၁၁ ရွာ ရေငန်တားတာနှင့် ကျေးရွာ ၁၁ ရွာ ကျေးရွာချင်းဆက်တာလမ်းများတည်ဆောက်ခြင်းလုပ်ငန်းတွင် ကျန်ရှိနေသော ရေငန်တားတာ ၁၃ မိုင်ကျေးရွာ ခြောက်ရွာတို့ကို ဒီဇင်ဘာလကုန် လုပ်ငန်းများပြီးစီးရန် သတ်မှတ်လျာထားပြီး တာလမ်းဖို့ တည်ဆောက်သွားမည်ဖြစ်သည်။

အဆိုပါ မော်လမြိုင်ကျွန်းမြို့နယ် မဘောကျေးရွာအုပ်စုတွင် တောင်သူအကျိုးပြု ရေငန်တားတာတည်ဆောက်ပြီးစီးသွားပါက အကျိုးပြုလယ် ၅၄၄၈ ဧကမှာ နွေရာသီဆားငန်ရေ ဝင်ရောက်ခြင်းမှ ကာကွယ်ပေးနိုင်မည့်အပြင် နွေစပါးနှင့် ဆောင်းသီးနှံများပါ စိုက်ပျိုးနိုင်ရေး အကျိုးပြုမည်ဖြစ်သည်။ မဘောကျေးရွာအုပ်စု ရေငန်တားတာမှာ အောက်ခြေအကျယ် ၂၄ ပေ၊ အပေါ်မျက်နှာစာ အကျယ် ၁၈ ပေနှင့် ထု ၆ ပေ ရှိသည်။

**မော်ကျွန်း - မြင့်အောင်**

## ခိုင်ကမ်းမြို့၌ သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါကြိုတင်ကာကွယ်ရေးဆောင်ရွက်

**ခိုင်ကမ်း ဇူလိုင် ၃**

ချင်းပြည်နယ် ခိုင်ကမ်းမြို့၌ ယမန်နေ့က တီးတိန်မြို့နယ် ကျန်းမာရေးဦးစီးမှူး ဒေါက်တာဇော်မြင့်နိုင် ဦးဆောင်ပြီး သွေးလွန်တုပ်ကွေးရောဂါနှင့် ငှက်ဖျားရောဂါကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲများပြုလုပ်ကာ ရေတွင်း ရေကန်များကိုလည်း ကြည့်ရှုစစ်ဆေးခဲ့သည်။

တီးတိန်မြို့နယ်ကျန်းမာရေးဦးစီးမှူးနှင့်အဖွဲ့သည် ၂၀၁၈ ခုနှစ် ဇူလိုင် ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ခိုင်ကမ်းမြို့ အမှတ်(၄)ရပ်ကွက်ရှိ လိုင်ဘုန်အခြေခံပညာအလယ်တန်းကျောင်း၏ ကျောင်းသားကျောင်းသူ ၂၇ ရာခိုင်နှုန်း နာမကျန်းဖြစ်နေသည့် အခြေအနေစစ်ဆေးရန် ၂၀၁၈ ခုနှစ် ဇူလိုင် ၁၈ ရက်က အဖွဲ့လိုက် လာရောက်ခဲ့ဖူးပြီး ယခုအခါ ဒုတိယအကြိမ်မြောက်လာရောက်ကြောင်း၊ ခိုင်ကမ်းမြို့သည် ပြည်နယ်အတွင်းရှိ မြို့များအနက် သဘာဝအနေအထားအရ သွေးလွန်တုပ်ကွေးရောဂါနှင့် ငှက်ဖျားရောဂါ ဖြစ်ပွားနိုင်ခြေအများဆုံးထဲတွင် တစ်ခုအပါအဝင်ဖြစ်ပြီး ကျန်းမာရေးအသိပညာပေးလုပ်ငန်းများ အထူးလိုအပ်နေသည့် နေရာဒေသဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ထာဝရ ကျေးဇူးရှင်

အပိုင်း(၂)

**သိပ္ပံစာရေးဆရာကိုကိုအောင်**



(ယခင်အပတ်မှ အဆက်)

### သစ်ပင်နှင့် အစာကွင်းဆက်ဖြစ်စဉ်

သစ်ပင်များသည် သတ္တဝါတို့၏ အစာကွင်းဆက် ဖြစ်စဉ်ကို အခြေခံအဆင့်မှပင် အကျိုးပြုလျက်ရှိနေသည်။ အပင်နှင့် အရွက်စား သတ္တဝါတို့၏ အစာအာဟာရသည် အပင်ကြီး အပင်ငယ် အသွယ်သွယ်တို့ပင် ဖြစ်ကြသည်။ အပင်နှင့် အရွက်စားသတ္တဝါတို့ကို အသားစားသတ္တဝါများနှင့် အစုံစားသတ္တဝါတို့က ထပ်ဆင့် စားသောက်ကြခြင်းအားဖြင့် သတ္တလောက၏ ဂေဟစနစ်ကို ကောင်းစွာ ဖြစ်ထွန်းစေသည်။

လူသားတို့သည် အပင်များကို အစာအာဟာရအဖြစ် မှီဝဲစားသုံးကြသလို အပင်စားသတ္တဝါများနှင့် အစုံစားသတ္တဝါများ၏ အသားများကိုလည်း အာဟာရနှင့် စွမ်းအင် ရရှိရန် ချက်ပြုတ်စားသောက်ကြသည်။ ကျန်းမာရေးချွတ်ယွင်းသည့်အခါများ၌လည်း ရောဂါများကို ပျောက်ကင်းအောင် ကုသရန်အတွက် ဘယဆေးပင်မျိုးစုံတို့ကို ဆေးဝါးများအဖြစ် ဖော်စပ်အသုံးပြုကြသည်။

အလားတူပင် တိရစ္ဆာန်များသည်လည်း ရောဂါများ ကပ်ငြိကျရောက်သည့်အခါ ဆေးဖက်ဝင်အပင်များကို ရှာဖွေစားသုံးကြရသည်။ တိရစ္ဆာန်များ၌ ရောဂါများ ကပ်ငြိကျရောက်လာသည့်အခါ မည်သည့် ဆေးဖက်ဝင် အသီး၊ အပွင့်၊ အရွက်အခေါက်တို့ စားသုံးရမည်ကို အလိုအလျောက်သိရှိကြသည့် စွမ်းအားကို သဘာဝတရားကြီးက ပေးအပ်ထားသည်။ ဤနည်းအားဖြင့် သစ်ပင်ကြီးငယ် အသွယ်သွယ်တို့သည် လူနှင့်သတ္တဝါတို့ ရှင်သန်ရပ်တည်နိုင်ရေးအတွက် အဓိကကျသော အခန်းကဏ္ဍမှ ဖြည့်ဆည်းပံ့ပိုးပေးလျက်ရှိနေကြသည်။

ထို့ကြောင့်ပင် လူသားတို့အပါအဝင် သက်ရှိအားလုံးတို့၏ ၈၀ ရာခိုင်နှုန်းသည် သစ်ပင်များပေါ်၌လည်းကောင်း၊ သစ်ပင်များ၏ အနီးအနား၌လည်းကောင်း ရှင်သန်ရပ်တည်နေကြရခြင်းဖြစ်သည်။ သက်ရှိအများတို့သည် သစ်ပင်ကို အမှီသဟဲပြုကာ ရှင်သန်နေထိုင်လျက်ရှိနေကြသည်ကို သာမန်အားဖြင့် ဂရုပြုမိလေ့မရှိကြပေ။

သိပ္ပံပညာရှင်တို့သည် ပီရူးနိုင်ငံ၏ သစ်တောများအတွင်း၌ သစ်ပင်တစ်ပင်တည်းကို အမှီသဟဲပြုကာ ရှင်သန်နေထိုင်လျက်ရှိသော ပုရွက်ဆိတ် မျိုးစိတ်ပေါင်း ၄၃ မျိုးကို ရှာဖွေတွေ့ရှိလိုက်ကြခြင်းဖြင့် သက်ရှိတို့၏ ရှင်သန်မှုအတွက် သစ်ပင်များ၏ အရေးပါပုံကို ဥပေက္ခာပြု၍ မရနိုင်ကြောင်း ကမ္ဘာကသိအောင် မီးမောင်းထိုးပြခဲ့ကြသည်။

ကမ္ဘာ့ ဇီဝမျိုးစုံမျိုးကွဲ အားလုံးတို့၏ ၆၅ ရာခိုင်နှုန်းသည် ဂေဟစနစ်ကောင်းမွန်သော သစ်တောများ၌ ရှင်သန်ရပ်တည်လျက်ရှိနေကြသည်။ ဇီဝမျိုးစုံမျိုးကွဲ အားလုံးတို့သည် ကမ္ဘာ့ရာသီဥတုကို ဟန်ချက်ညီညီ ထိန်းကျောင်းပေးလျက် ရှိနေသောကြောင့် သစ်တောဂေဟစနစ် ကောင်းမွန်စေရေးအတွက် သစ်တောကဏ္ဍကို ဖွံ့ဖြိုးအောင် လုပ်ဆောင်ပေးခြင်းဖြင့် ကမ္ဘာ့ရာသီဥတုကို ကောင်းမွန်မျှတစေလိမ့်မည်ဖြစ်သည်။

### မျက်မှောက်ခေတ် သစ်တောပြုန်းတီးမှုများ

သို့ရာတွင် မျက်မှောက် ကမ္ဘာကြီး၌ သစ်တောပြုန်းတီးမှုများ ကျယ်ပြန့်စွာ ဖြစ်ပေါ်နေသည့်အပြင် သစ်တောပြုန်းတီးမှုနှုန်းမှာလည်း ကြောက်ခမန်းလိလိ အနေအထားသို့ ရောက်ရှိနေပြီဖြစ်သည်။ သစ်တောပြုန်းတီးမှု ဖြစ်ပေါ်ရခြင်းမှာ ဇီဝမျိုးစုံမျိုးကွဲတို့၏ ရှင်သန်ရပ်တည်မှုအတွက် အစာနှင့် ခိုလှုံစရာအဖြစ် အသုံးပြုမှုကြောင့်မဟုတ်ဘဲ လူသားတို့၏ အကျိုးစီးပွားအတွက် ခုတ်လှဲဖျက်ဆီးမှုများကြောင့် သစ်ပင်သစ်တောများ ယုတ်လျော့ကျဆင်းလာခြင်းသာ ဖြစ်သည်။

ကမ္ဘာ့ သစ်တောပြုန်းတီးမှုသည် ဖွံ့ဖြိုးဆဲနိုင်ငံများ၌ အများဆုံး ဖြစ်ပေါ်လျက်ရှိနေပြီး တစ်ကမ္ဘာလုံး သစ်တောပြုန်းတီးမှု၏ ထက်ဝက်ခန့်မျှပင် ရှိနေသည်။ စီးပွားရေးအတွက် အလွန်အကျွံ ခုတ်လှဲခြင်း၊ သစ်ထုတ်လုပ်မှု နည်းစနစ် လွဲမှားနေခြင်း၊ စိုက်ပျိုးမြေများ တိုးချဲ့ခြင်း၊ မြို့သစ်များ ဖော်ထုတ်ခြင်း၊ သစ်တောများ မီးလောင်ခြင်း၊ သစ်တော ထိန်းသိမ်းစောင့်ရှောက်မှု အားနည်းခြင်းနှင့် ဂေဟဗေဒဆိုင်ရာ ကျွမ်းကျင်မှုမရှိခြင်းများသည် သစ်တောပြုန်းတီးမှုကို ဖြစ်စေသော အကြောင်းရင်းများပင် ဖြစ်ကြသည်။

ကမ္ဘာ့သစ်တောကြီးများအလိုက် ပြုန်းတီးမှု အများဆုံး ဖြစ်ပေါ်နေသောနေရာမှာ တောင်အမေရိကတိုက်အတွင်းရှိ အမေဇုန်သစ်တောကြီးပင် ဖြစ်သည်။ အမေဇုန် သစ်တောကြီးသည် ဘရာဇီး၊ ကိုလံဘီယာ၊ အီကွေဒေါ၊ ဂိုင်ယာနာနှင့် ပီရူး စသော နိုင်ငံများတွင် ဖြန့်ကျက်တည်ရှိနေသည်။ အကျယ်အဝန်း စတုရန်းမိုင် တစ်သန်းခွဲရှိသော အမေဇုန် သစ်တောအတွင်းရှိ သက်တမ်းရင့် အပင်ကြီးများသည် ၂၀၀၈ ခုနှစ် တစ်နှစ်တည်းအတွင်းမှာပင် စတုရန်းကီလိုမီတာပေါင်း ၁၂၀၀၀ ခုတ်လှဲခံခဲ့ရသည်။

ဘရာဇီးနိုင်ငံ တစ်နိုင်ငံတည်း၌ပင်လျှင် နိုင်ငံပိုင် သစ်တောဧရိယာ စုစုပေါင်း၏ ၄၀ ရာခိုင်နှုန်းကို နှစ်ပေါင်း ၄၀ အတွင်းမှာပင် ခုတ်လှဲခံခဲ့ရသည်။ အာဖရိကတိုက်အတွင်းရှိ ကွန်ဂိုဒေသ၌လည်း သစ်ပင် သစ်တော ပြုန်းတီးမှု အကြီးအကျယ် ဖြစ်ပေါ်ကာ ကမ္ဘာ့ ဒေသအလိုက် သစ်တောပြုန်းတီးမှုအဆင့်တွင် ဒုတိယနေရာသို့ ရောက်ရှိနေပြီဖြစ်သည်။

### အာရှ မိုးသစ်တောများ ပြုန်းတီးမှု

ကမ္ဘာပေါ်၌ သက်တမ်းအရင့်ဆုံးသော သစ်ပင်များသည် အရှေ့တောင်အာရှ ဒေသအတွင်း၌ တည်ရှိနေကြသည်။ ကမ္ဘာ့ မိုးသစ်တောများအားလုံး၏ ၁၀ ရာခိုင်နှုန်းဖြစ်သည့် အာရှ မိုးသစ်တောများသည်လည်း အလွန်လျင်မြန်သော နှုန်းဖြင့် ပြုန်းတီးလျက်ရှိနေကြသည်။ မြန်မာ၊ ဗီယက်နမ်၊ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှားနှင့် ပါပူဝါနယူးဂီနီ နိုင်ငံများရှိ မိုးသစ်တောများ၏ ၄၀ ရာခိုင်နှုန်းမှာ ပြုန်းတီးသွားခဲ့ပြီဖြစ်ပြီး ပြုန်းတီးမှုအများဆုံးဖြစ်ခဲ့သည့်ဒေသမှာ အင်ဒိုနီးရှားနိုင်ငံ ဖြစ်သည်။

တစ်ကမ္ဘာလုံးအတိုင်းအတာအားဖြင့် သစ်တောပြုန်းတီးမှုနှုန်းမှာ တစ်နှစ်လျှင် ဧကပေါင်း ၃၂ သန်းနီးပါး ရှိနေသည့်အတွက် အကယ်၍ သစ်ပင်သစ်တောများကို ထိန်းသိမ်းစောင့်ရှောက်နိုင်မှုမရှိဘဲ တရားမဝင် သစ်ခုတ်ခြင်း၊ ကောက်ပဲသီးနှံများ စိုက်ပျိုးရန်အတွက် သစ်ပင်သစ်တောများကို ခုတ်လှဲဖြိုဖျက်ပြီး လယ်ယာစိုက်ခင်းများ ဖော်ထုတ်ခြင်း၊ စီးပွားရေးအတွက် သစ်ပင် သစ်တောများကို အလွန်အကျွံ ခုတ်လှဲခြင်း၊ လွဲမှားနေသော သစ်ထုတ်လုပ်နည်းများကို ဆက်လက် စွဲကိုင်ကျင့်သုံးနေခြင်းနှင့် သစ်တော ဂေဟစနစ်ကို နားလည်ကျွမ်းကျင်မှု မရှိဘဲ သစ်တောများကို စီမံခန့်ခွဲနေခြင်း စသည်တို့ ဆက်လက်ဖြစ်ပေါ်နေဦးမည်ဆိုပါက လာမည့် နှစ်ပေါင်း ၁၀၀ အတွင်း တစ်ကမ္ဘာလုံးရှိ မိုးသစ်တောများ အားလုံး ပျောက်ကွယ်သွားလိမ့်မည် ဖြစ်သည်။

သာဓကအားဖြင့် လွန်ခဲ့သော နှစ်ပေါင်း ၆၀ က လယ်ယာစိုက်ခင်းများဖော်ထုတ်ရန် သစ်တောဧက အများအပြားကို ခုတ်ထွင်ရှင်းလင်းခဲ့သည့် ဟေတီနိုင်ငံ၌ အပေါ်ယံမြေဆီလွှာ ကုဗမီတာပေါင်း ကိုးသောင်းကျော် တိုက်စားပျက်စီးမှုဖြစ်ပြီး ကောက်ပဲသီးနှံများ စိုက်ပျိုး၍မရတော့သဖြင့် အငတ်ဘေးအကြီးအကျယ် ဆိုက်ရောက်သွားခဲ့သည်။ သစ်ပင် သစ်တောများ အကြီးအကျယ် ပြုန်းတီးခဲ့သောကြောင့် ကာလရှည် မိုးခေါင်မှုကြီးပါ ဖြစ်ပေါ်ခဲ့သည့်အတွက် ယနေ့အချိန်တွင် ဟေတီနိုင်ငံသည် ငတ်မွတ်ခေါင်းပါးမှုအဆင့် အမြင့်ဆုံးသော နိုင်ငံအဖြစ်သို့ ရောက်ရှိနေသည်။

### သစ်ပင် သစ်တောများ၏ စွမ်းဆောင်ရည်

သစ်ပင်သစ်တောများသည် ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့လည်းဖြစ်၊ အဆိပ်ဓာတ်ငွေ့လည်းဖြစ်သည့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များကို စုပ်ယူဖယ်ရှား၍ အောက်ဆီဂျင်ဓာတ်ငွေ့များကို အဆက်မပြတ် ထုတ်လွှတ်ပေးနေသည့်အတွက် လူတို့အပါအဝင် သက်ရှိများအားလုံး ရှင်သန်နေထိုင်နိုင်ကြခြင်းဖြစ်သည်။

ဤကဲ့သို့ သက်ရှိများ ရှင်သန်နေထိုင်နိုင်ရန်အတွက် သစ်ပင် သစ်တောများက သဘာဝအလျောက် နေ့စဉ် စွမ်းဆောင်ပေးနေကြသော လုပ်ငန်းဆောင်တာများအားလုံးကို စက်မှုနှင့် အီလက်ထရောနစ် နည်းပညာရပ်များဖြင့် အစားထိုး လုပ်ဆောင်ရမည်ဆိုပါက အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၅ ဘီလီယံခန့် ကုန်ကျမည်ဖြစ်သည်။

အကယ်၍ စက်မှုနှင့် အီလက်ထရောနစ် နည်းပညာများဖြင့် အစားထိုး လုပ်ဆောင်ခဲ့လျှင်သော်မှ ထိုစက်ကိရိယာများ၏ စွမ်းဆောင်မှုများသည် သဘာဝတရားကြီး၏ လက်ဆောင်မွန်ဖြစ်သော သစ်ပင် သစ်တောများ၏ စွမ်းဆောင်ရည်အားလုံးကို အမှီလိုက်နိုင်လိမ့်မည် မဟုတ်ပေ။

အဘယ်ကြောင့်ဆိုသော် သစ်ပင် သစ်တောများသည် ကာဗွန်ဒိုင်အောက်ဆိုက်ကို စုပ်ယူပြီး အောက်ဆီဂျင်ဓာတ်ငွေ့ ထုတ်လွှတ်ပေးသည့် လုပ်ငန်းဆောင်တာ တစ်ခုတည်းသာမကဘဲ ကမ္ဘာ့လေထုထဲရှိ ရေငွေ့ပါဝင်မှုနှုန်းကို အမြဲမပြတ် ချိန်ညှိပေးနေခြင်း၊ ရေသံသရာလည်ခြင်း ဖြစ်စဉ်ကို အဓိက အထောက်အပံ့ပြုနေခြင်း၊ မြေဆီလွှာကို ထိန်းသိမ်းပေးထားခြင်း၊ ကမ္ဘာ့မြေမျက်နှာပြင်နှင့် လေထု၏ အပူချိန်ကို အမြဲမပြတ် ချိန်ညှိပေးနေခြင်း၊ သက်ရှိအားလုံးတို့၏ ဇီဝယန္တရားလည်ပတ်မှုအတွက် အစာကွင်းဆက်ဖြစ်စဉ်၏ အခြေခံအကျဆုံးအဆင့်မှ အကျိုးပြုနေခြင်း၊ လူနှင့် တိရစ္ဆာန်တို့ သက်ရှည်ကျန်းမာရေးအတွက် ဖော်စပ်စားသုံးရသော ဘယဆေးများကို အလျဉ်မပြတ် ထုတ်လုပ်ပေးနေခြင်း စသည့် တန်ဖိုးဖြတ်၍မရနိုင်သော စွမ်းဆောင်ချက်များကိုပါ တစ်ပြိုင်တည်း လုပ်ဆောင်ပေးနေသောကြောင့် ဖြစ်သည်။

### အနာဂတ်ကမ္ဘာအတွက် ခြိမ်းခြောက်မှု

ထို့ကြောင့်ပင် သစ်ပင်သစ်တောများ ပြုန်းတီးလာနေခြင်းသည် ဇီဝမျိုးစုံမျိုးကွဲတို့၏ အနာဂတ်ကမ္ဘာကြီးကို ခြိမ်းခြောက်နေခြင်းပင်ဖြစ်သည်။ သစ်ပင်သစ်တောများ ပြုန်းတီးမှုသည် သက်ရှိတို့၏ အစာကွင်းဆက်ဖြစ်စဉ်ကို ပြတ်တောက်သွားစေသည်။ လူတို့အပါအဝင် ကမ္ဘာ့သက်ရှိ အနည်းစုတို့ကသာလျှင် ဖန်တီးတည်ဆောက်ထားသော အမိုးအကာများအောက်၌ ခိုလှုံနေထိုင်နိုင်ကြသော်လည်း သက်ရှိအများစုတို့မှာ သဘာဝ သစ်ပင် သစ်တောများကိုသာ ခိုလှုံနေထိုင်ပြီး ရှင်သန်နေကြရသည်။

သစ်ပင် သစ်တောများ ပြုန်းတီးပျောက်ကွယ်သွားသည့်အခါ ရွှေ့ပြောင်းသွားလာနိုင်သော မျိုးစိတ်များက စားကျက်ရွှေ့ပြောင်းရင်း ဆက်လက် ရှင်သန်နိုင်ကြသေးသော်လည်း ရွှေ့ပြောင်းနိုင်ခြင်းမရှိသည့် မျိုးစိတ်များမှာ သေဆုံးသွားကြရသည်။ ထိုမှတစ်ဆင့် မျိုးသုဉ်းပျောက်ကွယ်သွားသည်အထိ ဖြစ်ပွားကြရသည်။

သစ်ပင် သစ်တောများ၏ တန်ဖိုးကို တွက်ချက်သည့်အခါ သစ်၏တန်ဖိုး တစ်ခုတည်းကိုသာ တွက်ချက်မည်ဆိုပါက နည်းလမ်းကျမည်မဟုတ်ပေ။ သစ်ပင်တစ်ပင် သို့တည်းမဟုတ် သစ်တောတစ်အုပ် ပြုန်းတီးသည့်အခါ သစ်များ၏ တန်ဖိုးအပြင် ရေဝေရေလဲဒေသထိန်းသိမ်းမှု စရိတ်စကများ၊ ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့ကို စုပ်ယူသည့် စွမ်းဆောင်ရည်၊ ရေသံသရာလည်ခြင်းကို အကျိုးပြုမှု၊ အစာကွင်းဆက်၏ အခြေခံ စသော တန်ဖိုးများကိုပါ ထည့်သွင်းတွက်ချက်ရမည် ဖြစ်သည်။ ဤနည်းအတိုင်း တွက်ချက်သည့်အခါ သစ်တောပြုန်းတီးမှုကြောင့် ဖြစ်ပေါ်ရသော ဆုံးရှုံးမှုပမာဏသည် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ နှစ်ထရီလီယံမှ ငါးထရီလီယံအထိပင် ရှိနေသည်ကို သတိပြုသင့်ကြသည်။

### မြေကမ္ဘာ၏ အနာဂတ်ကံကြမ္မာ

အချုပ်အားဖြင့်ဆိုရသော် ကမ္ဘာ့စီးပွားရေး ကျဆင်းမှုကြောင့် ဆုံးရှုံးရသော ငွေပမာဏသည်ပင်လျှင် သစ်တောပြုန်းတီးမှုများကြောင့် ဖြစ်ရသော ဆုံးရှုံးမှုပမာဏလောက်များပြားခြင်းမရှိသည်ကို ဆင်ခြင်သုံးသပ်လျက် ဤမြေကမ္ဘာကြီး၏ အနာဂတ်ကံကြမ္မာအား မည်သို့မည်ပုံ ဖန်တီးသင့်ကြသည်ကို ရွေးချယ်သတ်မှတ်ကြဖို့ အချိန်အခါ ကျရောက်နေပြီဖြစ်ပေသည်။ ။

## ငမြောင်တောင်ပိုးအန္တရာယ် ကြိုတင်ကာကွယ်ရေး တောင်သူများအား အသိပညာပေး

**လယ်ဝေး ဇူလိုင် ၃**

နေပြည်တော် လယ်ဝေးမြို့နယ်အတွင်းရှိ ဖူးစားပြောင်းနှင့် အစေ့ထုတ်ပြောင်းစိုက်ပျိုးမှုအများဆုံးကျေးရွာများမှ တောင်သူများအား ငမြောင်တောင်ပိုးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် စနစ်တကျ နှိမ်နင်းနည်းများ ပညာပေးခြင်းကို နေပြည်တော်တိုင်းစိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဝင်းဦး၊ ပိုးမွှားတာဝန်ခံ ဒေါ်ခင်မြမြလွင်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးတို့က ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၃ ရက်တွင် သဲကောလေးကျေးရွာမှ တောင်သူများအား ဟောပြောခဲ့ပြီး ပိုးမွှားနှိမ်နင်းနည်းကိုလည်း ကွင်းထဲတွင် လက်တွေ့ပြသခဲ့ကြောင်း သိရသည်။

နေပြည်တော်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းကို ရေရှိသောဒေသများ၌ တစ်နှစ်ပတ်လုံး စိုက်ပျိုးလျက်ရှိကြောင်း၊ ဒေသတွင်းတောင်သူများ ဝင်ငွေမပြတ်ရရှိသောကြောင့် ဖူးစားပြောင်းကိုလည်း သက်တမ်းတိုမျိုးများ ပြောင်းလဲစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။ အဆိုပါပြောင်းစိုက်ခင်းများမှ အချို့တွင် ယခင်နှစ် ဆောင်းရာသီမှစတင်၍ ပြောင်းရွက်များကို ကိုက်ဖြတ်စားသောက်သော ဖောင်မြောင်တောင်ဖျက်ပိုး စတင်ကျရောက်ခဲ့ပြီး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် တောင်သူအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကြောင့် အချိန်မီ ကာကွယ်နိုင်ခဲ့သည်။ ထို့ကြောင့် ယခုနှစ် ပြောင်းစိုက်ရာသီတွင်လည်း ဖောင်မြောင်တောင်ပိုး ကာကွယ်ရေးလုပ်ငန်းများကို ဌာနနှင့် တောင်သူများ ပူးပေါင်း၍ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားခြင်းဖြင့် ပိုးကျသည့်အခါ ပျက်စီးဆုံးရှုံးမှု သက်သာစေသည့်အပြင် အခြားစိုက်ခင်းများသို့ မကူးစက်စေကြောင်း သိရသည်။ လယ်ဝေးမြို့နယ်တွင် နှစ်စဉ် ပြောင်းစိုက်ဧရိယာ ဧက ၁၂၀၀၀ ကျော်ရှိရာ ဘက်စုံ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းနည်းစနစ်များ အသုံးပြုခြင်းဖြင့် စိုက်ပျိုးရေး အောင်မြင်အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မေမိုးသဲ**



သဲကောလေးရွာမှ တောင်သူများအား ငမြောင်တောင်ပိုးကာကွယ်ရေး ဟောပြောစဉ်

# ဒေသငါးမျိုးတိုးပွားရေး အအေးပိုင်းဒေသ ကျောက်ငါးလူးများ ပူတာအိုငါးလုပ်ငန်းစခန်း၌ စမ်းသပ်သားဖောက်

**ပူတာအို ဇူလိုင် ၃**

ကချင်ပြည်နယ် ပူတာအိုမြို့၌ အအေးပိုင်းဒေသ ငါးမျိုးများ မျိုးသုဉ်း ပျောက်ကွယ်မည့် အန္တရာယ်ကာကွယ်ထိန်းသိမ်းရေးနှင့် ငါးမျိုးတိုးပွားမှုနှုန်း တိုးတက်မြင့်မားလာစေရေး ငါးလုပ်ငန်း ဦးစီးဌာနက အောက်ဆန်ဂေါင်ကျေးရွာရှိ ငါးလုပ်ငန်းစခန်း ၌ ဒေသငါးမျိုးဖြစ်သော ကျောက်ငါးလူးများ သားပေါက် ဖောက်လုပ်ထားကြောင်း ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူးရုံးမှ သိရသည်။

“ငါးလုပ်ငန်းစခန်းမှာ ဒေသငါးမျိုးတွေ ငါးသားပေါက် ဖောက်ရတာဟာ ပူတာအိုဒေသငါးမျိုးတွေ ပြုန်းမသွားစေဘဲ မျိုးပွားလာစေဖို့ဖြစ်ပါတယ်။ အခု သားဖောက်နေတဲ့ ငါးမျိုးက ဒီဒေသမှာပဲ တွေ့ရတဲ့ ရှားပါးငါး ဒေသအခေါ် ကျောက်ငါးလူးဆိုတဲ့ ငါးမျိုးပါ။ ဒီငါးမျိုးဟာ ငါးထီးအလွန်ရှားပါးတဲ့ ငါးမျိုးဖြစ်လို့ ငါးသားဖောက်တဲ့နေရာမှာ ငါးထီးရှာရတာခက်တာမျိုးတော့ရှိတယ်။ ရာသီဉတုကလည်းမမှန်ဘူးလေ။ ကန်ရေ အပူချိန် ၂၃ ဒီဂရီနဲ့ ပုံမှန်ဆိုသားပေါက်ဖို့အချိန် ၂၄ နာရီလောက်ပဲလိုပေမယ့် ဒီဒေသမှာက ၂၈ နာရီလောက် အချိန် ပေးရတယ်။ ဒါပေမယ့် အခုသားပေါက် ပြုစုကန်ထဲမှာ အကောင်ရေ ၁၀၀ ကျော် လောက်တော့ သားပေါက်ဖောက်ထားပြီးပြီဖြစ်တယ်”ဟု ခရိုင် ငါးလုပ်ငန်းဦးစီးဌာနဦးစီးမှူး ဦးမြသိန်းက ပြောသည်။

ပူတာအိုငါးလုပ်ငန်းစခန်းက “မြစ်ချောင်းအင်းကန် ငါးပြည့်လျှံအောင် စွမ်းဆောင်ကြိုးပမ်း ငါးလုပ်ငန်း” ဆောင်ပုဒ်နှင့်အညီ ဒေသမျိုးငါး ကျောက်ငါးလူးအပြင် ရွှေဝါငါးကြင်း၊



ပူတာအိုငါးလုပ်ငန်းစခန်း၌ ငါးသားဖောက်နေစဉ်။

ငါးခုံးမ၊ တီလားဗီးယားငါး များ သားဖောက်ခြင်းများ ဆောင်ရွက်နေကြောင်း၊ ယင်းဒေသ ကျောက်ငါးလူး များသည် ပူတာအိုဒေသ ရာသီဉတုနှင့်ကိုက်ညီပြီး အခြားဒေသများတွင် မရှင်သန်နိုင်ဘဲ ပူတာအို ဒေသ၌သာတွေ့ရသော ငါးမျိုးဖြစ်ကြောင်း၊ အအေးပိုင်းဒေသမျိုးငါးများ ရှာဖွေ စုဆောင်းသား ဖောက်ကာ မျိုးငါးများချန်၍ မျိုးပွားနှုန်းတိုးတက်စေရန် မြစ်ချောင်းများသို့ ပြန်လည်၍ မျိုးစိုက် ထည့်ပေးလျက်ရှိကြောင်း သိရသည်။

**ဆန်းညွန့်(ပူတာအို)**

# မတ္တရာမြို့နယ် ဆင်ကျွန်းကျေးရွာတွင် ဝါးအခြေခံလက်မှုထည်များကို ရောင်းချနိုင်ရေးဆောင်ရွက်

**မတ္တရာ ဇူလိုင် ၃**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ဆင်ကျွန်းကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန တိုင်းဒေသကြီး အသေးစားစက်မှု လက်မှုလုပ်ငန်းဦးစီးဌာနမှ ကြီးမှူးကျင်းပ သော ဝါးအခြေခံလက်မှုထည်သင်တန်း ဆင်းပွဲကို ယမန်နေ့က အဆိုပါကျေးရွာ ရှိ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် တိုင်းဒေသ ကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမင်းမင်းက သင်တန်းပြီးသွားသော် လည်း ဆက်လက်လုပ်ကိုင်ဆောင်ရွက်ကြ ရန်လိုအပ်ကြောင်း ၊ ဈေးကွက်ရရှိရေး အတွက် တွင်ကျယ်စွာ ကြိုးပမ်းဆောင် ရွက်ကြရန်လိုအပ်ကြောင်း၊ မိမိတို့ဘက်မှ လည်း ဈေးကွက်ရရှိရေး ချိတ်ဆက်ပေး မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ သင်တန်းတွင် ထူးချွန် ဆုရရှိသူများအား တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန တိုင်း ဒေသကြီးဦးစီးမှူး ဦးအောင်သင်းနှင့် မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးဇော် ဝင်းကြိုင်တို့က ဆုများပေးအပ်ချီးမြှင့် ခဲ့ကြသည်။ ထို့နောက် တိုင်းဒေသကြီး ဦးစီးမှူးက သင်တန်းသားများအား



ဝါးအခြေခံလက်မှုထည်သင်တန်း ပို့ချနေစဉ်။

သင်တန်း လက်မှတ်များပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းတွင် ဝါးအခြေခံ လက်မှုထည် ကိုးမျိုးကို အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန (နေပြည် တော်)မှ ဦးစီးအရာရှိ ဒေါ်သန်းသန်းဌေး နှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီး ဌာန (မန္တလေး) တို့မှ နည်းပြများက ဇွန် ၁၈ ရက်မှ ဇူလိုင် ၂ ရက်အထိ ဆင်ကျွန်းကျေးရွာမှ သင်တန်းသား ၂၀ အား သင်ကြားပို့ချပေးခဲ့ပြီး ဝါးထည် လုပ်ငန်းတွင် လိုအပ်သောပစ္စည်းကိရိယာ ၁၀ မျိုးကိုလည်း ထောက်ပံ့ပေးအပ်ခဲ့ သည်။

အဆိုပါ ဆင်ကျွန်းကျေးရွာသည် ဧရာဝတီမြစ်အတွင်းတည်ရှိပြီး လူထု အခြေပြု ခရီးသွားလုပ်ငန်းစီမံကိန်းဝင် ကျေးရွာဖြစ်သည့်အတွက် ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များ ဝင်ရောက် လည်ပတ်ကာ ကျေးရွာ၏ အဓိကလုပ်ငန်း ဖြစ်သော ဝါးခမောက်လုပ်ငန်း၊ ဧရာဝတီ လင်းပိုင်ကြည့်ရှု လေ့လာကြသဖြင့် ဝါးအခြေခံလက်မှုထည်များကို မိမိတို့ ကျေးရွာ၌ပင် ရောင်းချနိုင်ရေးဆောင်ရွက် သွားမည်ဖြစ်ကြောင်း သိရသည်။

**စိုးကျော်သူထွေး (မတ္တရာ)**

# ဂန့်ဂေါမြို့နယ်အတွင်း နှမ်းသီးနှံမှိုရောဂါများ ကာကွယ်နှိမ်နင်းနိုင်ရေးဆောင်ရွက်

**ဂန့်ဂေါ ဇူလိုင် ၃**

ဂန့်ဂေါမြို့နယ်အတွင်း မိုးရာသီတွင် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့် ကောင်းများစနစ်ဖြင့် စိုက်ပျိုးထားသည့် မိုးနှမ်းခင်းများတွင် နှမ်းရိုးမည်း အပါအဝင် မှိုရောဂါများကို ကာကွယ် နှိမ်နင်းနိုင်ရန် ထရိုင်ကိုဒါးမား အကျိုးပြု အဏုဇီဝမှိုကို စမ်းသပ်အသုံးပြုသွားမည် ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီး ဌာနမှ သိရသည်။

ထိုသို့ဆောင်ရွက်နိုင်ရန် အကျိုးပြု အဏုဇီဝမှို ထရိုင်ကိုဒါးမားကို နွားချေး၊ ဖွဲနုတို့ဖြင့် ရောစပ်၍ ပွားများခြင်းကို ဇူလိုင် ၂ ရက်က နှမ်းခါးကျေးရွာ၊ တောင်ယာပြင် ကျေးရွာ၊ ရေရှင်မကျေးရွာတို့တွင် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ဆောင်ရွက်ပေးကြသည်။



နှမ်းခင်းအတွင်း မှိုရောဂါကာကွယ်ရေး ဆောင်ရွက်နေစဉ်။

“နောက်တစ်ပတ်ကြာရင် အခု ပွားများထားတဲ့ ထရိုင်ကိုဒါးမား မြေဆွေး တွေကို နှမ်းပင်တန်းတွေကြား မြေကြီးထဲ ထည့်သွင်း အသုံးပြုသွားမှာဖြစ်ပါ တယ်။ ထရိုင်ကိုဒါးမားမှိုရဲ့ နှမ်းရိုးမည်း အပါအဝင် မှိုရောဂါ ကာကွယ်နှိမ်နင်း နိုင်စွမ်းကို လက်တွေ့သိမြင်ပြီး တောင်သူ တွေ သုံးစွဲတတ်လာစေဖို့ စမ်းသပ်စံပြ ကွက်တွေအဖြစ် ဆောင်ရွက်ပြသရတာ ဖြစ်ပါတယ်”ဟု မြို့နယ်စိုက်ပျိုးရေး ဦးစီးမှူး ဦးထင်အောင်ကြွယ်က ပြောသည်။

ဂန့်ဂေါမြို့နယ် ကျေးရွာအုပ်စု ၂၁ အုပ်စုတွင် နှမ်းနက်သီးနှံ ၁၇၇၂ ဧက ကို စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်း များစနစ်နှင့်အညီ စိုက်ပျိုးထားရာ မြောက်ခင်ရန်းရွာ၊ နှမ်းခါးရွာ၊ ရေရှင်မရွာ၊ တောင်ယာပြင်ရွာနှင့် မြောက်ကုန်း ရပ်ကွက်တို့မှ မိုးနှမ်း စံပြကွက် ၂၅ ဧကရှိ စိုက်ခင်းများတွင် ထရိုင်ကိုဒါးမားမှိုကို စမ်းသပ်အသုံးပြုသွားမည် ဖြစ်သည်။

**ခရိုင် (ပြန်/ဆက်)**

## အမြို့မြို့အနယ်နယ်၌ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**တနိုင်း**

ကချင်ပြည်နယ် တနိုင်းမြို့နယ် သစ်တောဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ဇူလိုင် ၃ ရက်က တနိုင်းမြို့ မုန့်ဒိန်ရပ်ကွက် သာယာ(၁) အမကကျောင်း၌ ကျင်းပသည်။ သစ်ပင်စိုက်ပျိုးပွဲတွင် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးလင်းလင်းဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနော်ငန်ဂျာတန်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်လွင်နှင့် တာဝန်ရှိသူတို့က ကျွန်း၊ ပျဉ်းကတိုး၊ မဲဇလီ၊ ပိတောက်၊ နံ့သာနီ၊ စွယ်တော်၊ ကနစိုး၊ ယမနေ စုစုပေါင်း ပျိုးပင် ၃၀၀ ကျော်ကို မုန့်ဒိန်ရပ်ကွက် သာယာ(၁) အမကကျောင်းဝင်းအတွင်း စိုက်ပျိုး ခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

**ဝက်လက်**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်၌ မြန်မာအမျိုးသမီးများနေ့ အထိမ်း အမှတ် သစ်ပင်စိုက်ပျိုးပွဲတော်ကို ဇူလိုင် ၃ ရက်က ရွာသာကြီး-ဝက်လက်လမ်း မိုင်တိုင်အမှတ် (၄/၂)ကြား ခေါ်တောကျေးရွာ ရေကျော်တံတားအနီးတွင် ကျင်းပ သည်။ အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတော်သို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့် သိန်း၊ အမှတ် (၁) မဲဆန္ဒနယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင် မောင်ဝင်း၊ အမှတ် ( ၂ ) မဲဆန္ဒနယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းထွန်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးမှူး ဦးစိုးလှိုင်မောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မဲဇလီ၊ ယင်းမာ ၊ လျှော်ဖြူ၊ မဟော်ဂနီ ၊ ပဲချယ်ရီ၊ မန်ကျည်း စုစုပေါင်း သစ်ပင် ၄၅၀ စိုက်ပျိုးခဲ့ကြသည်။

**စိုးစိုးလှိုင် (ဝက်လက်)**

**ပွင့်ဖြူ**

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မိုးရာသီစုပေါင်းသစ်ပင် စိုက်ပျိုးပွဲတော်ကို ဇူလိုင် ၃ ရက်က ပွင့်ဖြူမြို့နယ် ညောင်ပင်ဇောက် - မုန်းဇလဲ ကျေးရွာချင်းဆက်လမ်း တစ်လျှောက်တွင် စုပေါင်းစိုက်ပျိုးသည်။ အဆိုပါ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော် ကို မြို့နယ်သစ်တောဦးစီးဌာနနှင့် ညောင်ပင်ဇောက်ကျေးရွာ သာမဂ္ဂီသုခ လူမှု ကူညီရေး ပရဟိတအသင်းတို့ ပူးပေါင်း၍ ကျင်းပခြင်းဖြစ်ပြီး သစ်ပင်စိုက်ပျိုးပွဲ တော်သို့ မြို့နယ်သစ်တောဦးစီးမှူး ဦးအောင်မော်နှင့် ဝန်ထမ်းများ၊ မြို့နယ်စိမ်းလန်း စိုပြည်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်ဝင်းထွေးနှင့် တာဝန်ရှိသူများက မြို့နယ် အတွင်း အပူဒဏ်ကာကွယ်နိုင်ရေးအတွက် အရိပ်ရပင်များဖြစ်သည့် ကျွန်း၊ ယူကလစ်၊ ခရေ၊ ကံ့ကော်၊ အရိပ်ရပျိုးပင် ၄၃၀ စိုက်ပျိုးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

**ကာလိ**

ရှမ်းပြည်နယ်တောင်ပိုင်း ကွန်ဟိန်းမြို့နယ် ကာလိမြို့ အမှတ်(၁)ရပ်ကွက် ပြည်ထောင်စုလမ်းမဘေး၌ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၃ ရက်က ကျင်းပသည်။ ယင်းနောက် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများက ကျွန်း၊ စိန်ပန်းပြာ၊ စိန်ပန်းနီ၊ မဲဇလီ၊ ရေသင်းဝင်၊ ထောပတ် ၊ သရက် စုစုပေါင်း အပင် ၆၇၀ တို့ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ဝင်းကျော်(ပြန်/ဆက်)**

**ရမည်းသင်း**

ရမည်းသင်းမြို့ ကျီးနီကန်အနီး ဇူလိုင် ၃ရက်က မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြု အထိမ်းအမှတ်အဖြစ် စုပေါင်းသစ်ပင်စိုက်ပွဲအခမ်းအနားကျင်းပရာ ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့မိမြို့ဖ များ၊ အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်သည်။ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် မဲဇလီ၊ ကုက္ကား၊ မန်ဂျန်ရှား၊ ပန်းတမာ၊ မန်ကျည်းပင် စုစုပေါင်းအပင် ၁၄၀၀ စိုက်ပျိုးခဲ့ ကြောင်း သိရသည်။ **တင်ဦး (ရမည်းသင်း)**

**ကာမိုင်း**

မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ်အဖြစ် ဖားကန့်မြို့နယ် ကာမိုင်းမြို့ မြို့မ ရပ်ကွက် အမက(ဇီးကျွန်း)ကျောင်းရှေ့၌ ဇူလိုင် ၃ ရက်က စုပေါင်းသစ်ပင်စိုက်ပျိုး ပွဲ ကျင်းပသည်။ သစ်ပင်စိုက်ပျိုးပွဲတွင် မြို့အုပ်ချုပ်ရေးမှူး ဦးသန်းထိုက် ဦးဆောင်၍ အရိပ်ရနှစ်ရှည်ပင်များဖြစ်သော ကျွန်းနှင့် မအူပင်စုစုပေါင်းပျိုးပင် ၅၀ ကို မြို့နယ် အမျိုးသမီးရေးရာအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ ပညာရေးဝန်ထမ်းများ၊ နိုင်ငံရေးပါတီ ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၊ ပြည်သူများစုပေါင်း၍ စိုက်ပျိုးခဲ့ကြောင်း သိရသည်။ **ဇွဲသူရအောင်(ပြန်/ဆက်)**

**ခင်ဦး**

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်သစ်တောဦးစီးဌာနမှ ကြီးမှူးကျင်းပ၍ မြန်မာ အမျိုးသမီးများနေ့အထိမ်းအမှတ်အဖြစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော် ကို ဇူလိုင် ၃ ရက်က ကျွန်းပင်ကန်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းအတွင်း၌ ကျင်းပသည်။ အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတော်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝင်းအောင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းထွန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်သင်းသင်းကြူ၊ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဉက္ကဋ္ဌ ဦးသိန်းဇော်နှင့် တာဝန်ရှိသူတို့က ကျွန်း၊ ပျဉ်းကတိုး၊ မန်ဂျန်ရှား၊ လျှော်ဖြူ၊ ယူကလစ်စုစုပေါင်း အပင် ၇၀၀ တို့ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ချစ်စံ(ခင်ဦး)**

# ကျူးကျော်ပြဿနာ၊ တန်ဖိုးနည်းအိမ်ရာနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်မှု

ကျော်လင်း (ဆောက်လုပ်ရေး)

ကမ္ဘာ့လူဦးရေ၏ ၅၀ ရာခိုင်နှုန်းသည် ယနေ့အချိန်တွင် မြို့ကြီးများ၌ နေထိုင်နေကြပြီး ၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘာ့လူဦးရေ၏ သုံးပုံ နှစ်ပုံ (သန်း ၆၀၀၀) သည် မြို့ကြီးများတွင် နေထိုင်ကြမည်ဟု ကုလသမဂ္ဂအဖွဲ့က ခန့်မှန်းလိုက်ပါသည်။ ယနေ့ ကမ္ဘာတွင် လူဦးရေသန်း ၇၀၀၀ အနက် လူဦးရေ သန်း ၁၀၀၀ သည် ဆင်းရဲနွံ့ချာသော ကျူးကျော်ရပ်ကွက်နှင့် ဆင်းရဲသားရပ်ကွက်များတွင် ဖြစ်သလိုနေထိုင်နေကြသည်။ ၂၀၃၀ Slum Upgrading အတွက် ရည်မှန်းချက်ထား၍ ၁ နာရီတိုင်းတွင် လူနေအိမ် (သို့မဟုတ်) အိမ်ခန်း ၄၀၀၀ တည်ဆောက်ရန်လိုနေကြောင်း UN-Habitat ၏ နိုင်ရိုဘီအစည်းအဝေးက တိုက်တွန်းခဲ့သည်။

မြန်မာနိုင်ငံတွင် ယနေ့မြို့ပြလူဦးရေ ၃၀ ရာခိုင်နှုန်းနှင့် ကျေးလက်နေလူဦးရေ ၇၀ ရာခိုင်နှုန်းအချိုးအစားသည် သင့်တင့်မျှတမှုရှိသည်ဟုဆိုနိုင်သော်လည်း ရန်ကုန်ကဲ့သို့ အလုပ်အကိုင်အခွင့်အလမ်းပေါ်များသော မြို့ကြီးသို့ပြောင်းရွှေ့၍ ကျပန်းအလုပ်လုပ်ကိုင်ရင်း ကျူးကျော်၍ရနိုင်သော အစိုးရမြေပေါ်တွင် ကျူးကျော်အိမ်ရာများ များပြားလာမှုသည် စနစ်ကျသော မြို့ပြဖွံ့ဖြိုးမှုစီမံကိန်းအတွက် အဟန့်အတားတစ်ခုဖြစ်နေပါသည်။ လွန်ခဲ့သောနှစ် ၃၀ က လူဦးရေနှင့် ယနေ့လူဦးရေအချိုး နှိုင်းယှဉ်ထားသော အောက်ပါဇယားကိုကြည့်၍ ရွှေ့ပြောင်းလုပ်သားများ၏ လားရာနှင့် အခြေအနေကို သိနိုင်ပါသည်။

မြန်မာနိုင်ငံ၏ ၁၉၈၃ ခုနှစ် လူဦးရေနှင့် ၂၀၁၄ ခုနှစ် လူဦးရေအား နှိုင်းယှဉ်ပြထားသောဇယား

(နမူနာ)

| စဉ် | မြို့နယ် | လူဦးရေ | | မှတ်ချက် |
|---|---|---|---|---|
| | | ၁၉၈၃ ခုနှစ် | ၂၀၁၄ ခုနှစ် | |
| ၁။ | မြစ်ကြီးနား | ၁၅၃၀၆၁ | ၃၀၆၉၄၉ | |
| ၂။ | ဖားကန့် | ၃၅၆၁၂ | ၃၁၂၂၇၈ | |
| ၃။ | မချမ်းဘော | ၁၁၁၈၆ | ၈၈၅၈ | |
| ၄။ | မြဝတီ | ၁၂၆၀၁ | ၁၉၅၆၂၄ | |
| ၅။ | ဖလမ်း | ၄၉၄၆၅ | ၄၁၄၅၇ | |
| ၆။ | ရွှေဘို | ၂၀၆၁၄၂ | ၂၃၅၅၄၂ | |
| ၇။ | ကလေးဝ | ၄၂၈၄၇ | ၅၆၄၃၂ | |
| ၈။ | တမူး | ၅၇၀၇၄ | ၅၉၃၄၃ | |
| ၉။ | ထားဝယ် | ၁၃၉၆၁၂ | ၁၂၅၆၀၅ | |
| ၁၀။ | ကော့သောင်း | ၄၃၁၁၄ | ၁၁၆၉၈၀ | |
| ၁၁။ | လက်ပံတန်း | ၁၅၈၈၀၃ | ၁၇၇၄၀၇ | |
| ၁၂။ | သရက် | ၉၂၇၂၂ | ၁၀၄၃၄၇ | |
| ၁၃။ | မိုးကုတ် | ၁၁၂၃၇၆ | ၁၆၇၁၄၉ | |
| ၁၄။ | မြင်းခြံ | ၂၆၀၁၀၃ | ၂၇၆၀၉၆ | |
| ၁၅။ | ကျောက်တော် | ၁၅၄၅၆၅ | ၁၇၃၁၀၀ | |
| ၁၆။ | ကျိုင်းတုံ | ၁၆၇၆၅၇ | ၁၇၁၆၂၀ | |
| ၁၇။ | မူဆယ် | ၃၈၀၇၂ | ၁၁၇၅၀၇ | |
| ၁၈။ | တာချီလိတ် | ၆၇၇၀၀ | ၁၄၈၀၂၁ | |
| ၁၉။ | လေးမျက်နှာ | ၁၀၀၀၆၆ | ၁၀၃၀၂၄ | |


ကျူးကျော်ရပ်ကွက်များ

အလုပ်အကိုင်အခွင့်အလမ်းနှင့် စားဝတ်နေရေးအတွက် မြို့ကြီးများသို့ ပြောင်းရွှေ့လာရာမှ အစိုးရမြေပေါ်တွင် ကျူးကျော်နေထိုင်သည့် မိသားစုများ ပြဿနာသည် ယနေ့ အမြန်ဆုံးဖြေရှင်းရမည့်ကိစ္စဖြစ်ပါသည်။

**ပျံ့ကျရပ်ကွက်**

UN-Habitat နှင့် Cities Alliance တို့၏ စစ်တမ်းအရ ရန်ကုန်မြို့တွင် မြေဧရိယာ ၁၈၂၂ ဧက မြို့တော်ဧရိယာ၏ ၁ ဒသမ ၂၃ ရာခိုင်နှုန်း၌ ပျံ့ကျရပ်ကွက် ၄၃၂ ကွက်သည် မြို့နယ်ပေါင်း ၂၁ မြို့နယ်တွင် ပျံ့နှံ့တည်ရှိနေပါသည်။ ရန်ကုန်မြို့ရှိ ပျံ့ကျရပ်ကွက်များသည် တည်နေရာနှင့် အနေအထားအရ ခွဲခြားလေ့လာရာတွင် အောက်ပါအတိုင်း အမျိုးအစား ခုနစ်မျိုး တွေ့ရှိပါသည် -

(က) ပျံ့ကျရပ်ကွက် ၁၃၁ ခု
(ခ) ချောင်း/မြောင်းမြစ်ဘေးကျူးကျော် ၇၉ ခု
(ဂ) လမ်းဘေးကျူးကျော် ၁၄၇ ခု
(ဃ) ရွာမြေကွက်စိတ်ကျူးကျော် ၂၇ ခု
(င) Resettlement Area Subdivision ၁၈ ခု
(စ) Peri - urban Area Subdivision ၈ ခု
(ဆ) မြို့တွင်းနေကျူးကျော် (Infill) ၁၃ ခု

အိန္ဒိယနိုင်ငံတွင် Slum Clearance Board ထူထောင်၍ မြို့ပြနေဆင်းရဲသားလူဦးရေများအတွက် အိမ်ရာဖြေရှင်းခြင်းကို နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်နေသော်လည်း မြို့ပေါ်တွင် အလုံးအရင်းနှင့် လူအများ ပျံ့ကျနေထိုင်မှုများအပေါ် တားဆီးကာကွယ်နိုင်ခြင်းမရှိပါ။ ထို့ကြောင့် အိန္ဒိယတွင် (၂၅ ရာခိုင်နှုန်းမှ ၃၅ ရာခိုင်နှုန်း) လူဦးရေသည် Slum ရပ်ကွက်များတွင် နေထိုင်လျက်ရှိပြီး ဘုံဘေမြို့တွင် Slum Population မှာ လူဦးရေ၏ ၅၅ ရာခိုင်နှုန်းကျော် ရှိနေပါသည်။ အိန္ဒိယနိုင်ငံတွင် ငါးနှစ်စီမံကိန်းအစီအစဉ်ဖြင့် မြို့ပြနေဆင်းရဲသားလူဦးရေများအတွက် Appropriate Technology များသုံး၍ တန်ဖိုးနည်းအိမ်ရာများ တည်ဆောက်ဖြန့်ဖြူးခြင်းတို့ ဆောင်ရွက်ပေးသော်လည်း လူအများစုမှာ တတ်နိုင်စွမ်းမရှိကြပါ။

လက်ရှိ ရန်ကုန်မြို့တွင် ကျူးကျော်တဲအိမ် ၁၅၀၀၀၀ ခန့်ရှိမည်ဟု ခန့်မှန်းထား၍ လူဦးရေ လေးသိန်းခွဲမှ ငါးသိန်းအတွင်း ရှိနိုင်သည်ဟု ခန့်မှန်းထားပါသည်။ ၁၉၈၃ ခုနှစ်တွင် တစ်စတုရန်းကီလိုမီတာတွင် လူဦးရေ ၃၈၇ ဦး နေထိုင်ခဲ့ရာမှ ၂၀၁၄ ခုနှစ်တွင် (သန်းခေါင်စာရင်းအရ) ၇၁၆ ဦးအထိရှိလာခဲ့ရာ နှစ် ၃၀ အတွင်း နှစ်ဆနီးပါး တိုးလာပါသည်။ ရန်ကုန်လူဦးရေသိပ်သည်းမှု ၇၁၆ ဦးကို ဒုတိယလိုက်သော ဧရာဝတီတိုင်းဒေသကြီး၏ တစ်စတုရန်းကီလိုမီတာတွင် လူဦးရေ ၂၀၀ ရှိသည့်နှုန်းနှင့် မန္တလေးတိုင်းဒေသကြီး၏ တစ်စတုရန်းကီလိုမီတာတွင် လူဦးရေ ၁၇၇ ဦးရှိသည့်နှုန်းတို့နှင့် နှိုင်းယှဉ်၍ ရန်ကုန်မြို့၏ ကျူးကျော်ပြဿနာကို အမြန်ဆုံးဖြေရှင်းရန် စဉ်းစားကြရပါမည်။

**ဖြေရှင်းနိုင်မည့် နည်းလမ်းများ**

အာရှနိုင်ငံများ (ထိုင်း၊ အိန္ဒိယ၊ သီရိလင်္ကာ၊ အင်ဒိုနီးရှား စသည်) နှင့် လက်တင်အမေရိကနိုင်ငံများတွင် ၂၀ ရာစုနှောင်းပိုင်း၌ လျင်မြန်စွာ မြို့ပြဖြစ်ထွန်းမှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ အကျိုးဆက်ကြောင့် မြို့ကြီးများတွင် လူအများ ပြောင်းရွှေ့နေထိုင်သည့်အတွက် မြို့ပြနေဆင်းရဲသားလူဦးရေ များပြားလာပြီး ပျံ့ကျနေထိုင်သူမိသားစုများ သိသာထင်ရှားစွာ တိုးတက်များပြားလာခဲ့ပါသည်။ ကမ္ဘာလုံးဆိုင်ရာ အသိအမှတ်ပြုကျင့်သုံးလက်ခံသည့် Urban Poor မိသားစုများ၏ နေထိုင်ဖြေရှင်းသည့် နည်းလမ်းများတွင် -

(က) Urban Poor များအတွက် အခြေခံအကျဆုံးဝန်ဆောင်မှုဖြစ်သည့် အခြေခံအဆောက်အအုံ (ရေ၊ လမ်း၊ လျှပ်စစ်မီး) ပေးဝေ၍ နေထိုင်မှုအဆင့် မြှင့်တင်ပေးခြင်း။
(ခ) မြို့သစ် (သို့မဟုတ်) မြို့ပြနှင့်အနီးဆုံး Peri - urban Area တွင် အလုပ်အကိုင်အခွင့်အလမ်းနှင့်အတူ Site and Service မြေကွက်ပေး၍ ပြန်လည်နေရာချထားခြင်း။
(ဂ) အထပ်မြင့် လူနေအိမ်ရာတိုက်ခန်းများတွင် ပြန်လည်နေရာချထားခြင်း။ (တဲပေါ်မှ တိုက်ပေါ်တင်ခြင်း)
(ဃ) Social Rental Housing အငှားချအိမ်ရာများ ယာယီရွှေ့ပြောင်းနေထိုင်ရေးအတွက် ဖြန့်ဖြူးခြင်း။
(င) Slum Communityများ ဖွဲ့စည်းပြီး စုပေါင်းမြေပိုင်ဆိုင်နိုင်ရေးနှင့် မိမိနေအိမ် အဆင့်မြှင့်တင်ပြုပြင်ခြင်းအတွက် အစိုးရ (NGO , INGO) အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အိမ်ရာချေးငွေစနစ် ဆောင်ရွက်ခြင်း စသည်ဖြင့် နည်းလမ်းများစွာ ရှိပါသည်။

ဝင်ငွေနည်းပြည်သူများအတွက် အိမ်ရာလိုအပ်ချက်ကို ဖြေရှင်းနိုင်ခြင်းသည် မြို့ပြ၏ ဆင်းရဲချမ်းသာကွာဟမှုနှင့် မမျှတမှုကို လျှော့ချနိုင်ပြီး ဆင်းရဲမှုပြဿနာကိုလည်း ဖြေရှင်းနိုင်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် World Bank, ADB, JICA, UN - Habitat တို့မှ ပျံ့ကျရပ်ကွက်များအတွက် အခြေခံအဆောက်အအုံ လိုအပ်ချက်များတွင် ပံ့ပိုးကူညီခြင်း၊ ကျူးကျော်အိမ်ရာပြဿနာ ဖြေရှင်းသည့် နည်းလမ်းများအတွက် နည်းပညာအကူအညီပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

ဝင်ငွေအလွန်နည်းပြည်သူများအတွက် နိုင်ငံတကာမှသတ်မှတ်သော အိုးအိမ်အဆောက်အအုံစံနှုန်းများနှင့် ကိုက်ညီခြင်းမရှိသော်လည်း လုံခြုံသန့်ရှင်းသော အိမ်ရာများကို ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် ဆောက်လုပ်နေထိုင်ရန် "လူမှုအခြေပြု စုပေါင်းအိမ်ရာစီမံကိန်း" များကိုလည်း ရန်ကုန်မြို့ ဆင်ခြေဖုံးမြို့နယ်များတွင် Women for the World (NGO) နှင့် အသေးစားငွေချေးလုပ်ငန်းများ ပူးပေါင်းအကောင်အထည်ဖော်လျက်ရှိပါသည်။ ယင်းစနစ်သည် ဝိုင်းကြီးချုပ်စနစ်ဖြင့် အိမ်ရာတည်ဆောက်နိုင်ရန် ငွေချေးပေးခြင်းဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရမှ ဦးဆောင်၍ မိသားစု ၆၀၀၀၀ ခန့်ကို ယင်းအစီအစဉ်အရ လုံခြုံစိတ်ချရသော တန်ဖိုးနည်းအိမ်ရာများကို ဖန်တီးပေးနိုင်ရန် ကြိုးပမ်းလျက်ရှိပါသည်။

ပုံမှန်ဈေးကွက်မှ တန်ဖိုးနည်းအိမ်ရာများကို စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်ရန် အစိုးရမှ မြေနှင့် အခြေခံအဆောက်အအုံကို ပံ့ပိုးပေးခြင်း၊ ပုဂ္ဂလိကကဏ္ဍမှ ရေရှည်ခိုင်ခံ့သော အိမ်ရာများ ရင်းနှီးမြှုပ်နှံ ထုတ်လုပ် တည်ဆောက်ခြင်း၊ ပြည်သူများ ဝယ်ယူနိုင်စွမ်းအတွက် ဘဏ္ဍာငွေပံ့ပိုးပေးခြင်း (အတိုးနှုန်းသက်သာသော အိမ်ရာချေးငွေစနစ်နှင့် အိမ်ရာအသေးစားချေးငွေစနစ်) အား ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

**တန်ဖိုးနည်းအိမ်ရာ**

ဝင်ငွေနည်းနှင့် ဝင်ငွေအလယ်အလတ်ရှိသော မိသားစုများအတွက် ဝယ်ယူနိုင်စွမ်းရှိသည့် ဈေးသက်သာသော အိမ်ရာများကို ဆိုလိုသည်။ မိသားစုနည်းသည့် ပြည်သူများသည် လူအများစုဖြစ်ပြီး ယင်းအုပ်စုအတွက် သင့်လျော်ကောင်းမွန်သည့် အိမ်ရာများ ဖြည့်ဆည်းပေးနိုင်ရန် နိုင်ငံအသီးသီးတွင် အိမ်ရာမူဝါဒများ ချမှတ်ဆောင်ရွက်လေ့ရှိသည်။

လစဉ် မိသားစုဝင်ငွေ၏ ၃၀ ရာခိုင်နှုန်းခန့်သာ သုံးစွဲရသော အိမ်ရာများကို တန်ဖိုးနည်းအိမ်ရာဟု သတ်မှတ်နိုင်ပါသည်။ (ဥပမာ- လစဉ်ဝင်ငွေ ကျပ်သုံးသိန်းရှိသူမိသားစုသည် အိမ်ငှားခ/အိမ်ရာချေးငွေဆပ်ခြင်းအတွက် ကျပ်တစ်သိန်းဝန်းကျင်သာ သုံးစွဲရလျှင် ဝယ်ယူနိုင်စွမ်းရှိသည်ဟု သတ်မှတ်ခြင်းဖြစ်ပါသည်။) အိမ်တန်ဖိုးသည် နှစ်စဉ်မိသားစုဝင်ငွေ၏ ဆယ်ဆရှိလျှင် ဝယ်ယူနိုင်စွမ်းရှိသည့် အိမ်ရာဟု သတ်မှတ်ပါ သည်။ မြန်မာနိုင်ငံ Per Capita GDP အရ တစ်နှစ်လျှင် ငွေကျပ် ၁၈ သိန်းနှုန်းခန့်ဖြစ်ရာ ငွေကျပ်သိန်း ၁၈၀ အောက် အိမ်ရာများကို တန်ဖိုးနည်းအိမ်ရာများဟု သတ်မှတ်နိုင်မည် ဖြစ်ပါသည်။ ယနေ့အခြေအနေတွင် ကျပ်သိန်း ၁၂၀ အောက် အိမ်ရာများကိုသာလျှင် တန်ဖိုးနည်းအဖြစ် သတ်မှတ်ထားပါသည်။

ရန်ကုန်မြို့၏ မိသားစုဝင်ငွေစစ်တမ်းအရ လစဉ်မိသားစုဝင်ငွေ ကျပ်သုံးသိန်းအောက် ရှိသူများသည် လူများစု (၆၀ ရာခိုင်နှုန်းကျော်) ဖြစ်သည့်အတွက် ယင်းဝင်ငွေအုပ်စုနှင့် ဝင်ငွေအလွန်နည်းပါးသူ သက်ကြီးရွယ်အိုများ၊ ဒုက္ခိတများ၊ မုဆိုးမများ ဦးဆောင်သည့် မိသားစုများအတွက် ပုံမှန်ဈေးကွက်မှ အိမ်ရာများ ဖြည့်ဆည်းပေးနိုင်ရန် လိုအပ်ပါသည်။ အိမ်ဖြည့်ဆည်းရာတွင် ဝယ်လိုအား (Demand Side) ဘက်မှ ဘဏ္ဍာငွေအရင်းအမြစ် ပံ့ပိုးသည့်နည်းလမ်းဖြင့်လည်းကောင်း၊ ရောင်းလိုအား (Supply Side) ဘက်မှ နည်းပညာ/မြေ/အခြေခံအဆောက်အအုံ ပံ့ပိုးသည့် နည်းလမ်းဖြင့်လည်းကောင်း ဖြေရှင်းပေးလျက်ရှိပါသည်။

မြန်မာနိုင်ငံ၏ ပွင့်လင်းလာသည့် စီးပွားရေးအခွင့်အလမ်းများကြောင့် မြို့ပြနှင့် ကျေးလက်ဒေသအသီးသီးမှ လူအမြောက်အမြားသည် ရန်ကုန်၊ မန္တလေးမြို့ကြီးများသို့ ပြောင်းရွှေ့နေထိုင်မှု များပြားလာပါသည်။ အဆိုပါ တိုးပွားဝင်ရောက်လာသူများအတွက် နေထိုင်ရန် အိမ်ရာ၊ မြေကွက်တို့ကို လက်လှမ်းတမီ ဖြန့်ဖြူးပေးဝေခြင်း မရှိသည့်အတွက် လူအများစုသည် အလုပ်ရရာနေရာတွင် ပျံ့ကျနေထိုင်ရင်း မြို့ကြီးများ၌ စံမမီသည့် ပျံ့ကျကျူးကျော်ရပ်ကွက်များ ကြီးထွားများပြားလာပါသည်။ ပျံ့ကျကျူးကျော်ရပ်ကွက်များ၏ သဘောလက္ခဏာသတ်မှတ်ချက်သည် လူနေထူထပ်သိပ်သည်းလွန်းခြင်း၊ ခိုင်ခံ့မှုမရှိသော သစ်၊ ဝါး ယာယီအိမ်ရာများဖြစ်ခြင်း၊ လမ်းနှင့် ရေမြောင်းမရှိခြင်း၊ ရေဖြန့်ဖြူးစနစ်နှင့် မိလ္လာစနစ်မရှိခြင်း၊ ဘေးအန္တရာယ်ရှိပြီး ထိခိုက်ပျက်စီးလွယ်သောနေရာဖြစ်ခြင်း၊ မြေပိုင်ဆိုင်မှု မရှိခြင်းတို့ ဖြစ်ကြပါသည်။ ကောက်ယူရရှိသည့် စာရင်းများအရ ရန်ကုန်မြို့တွင် လူဦးရေ ၅ ဒသမ ၁၄ သန်းခန့်ရှိသည့်အနက် ပျံ့ကျရပ်ကွက်များတွင် နေထိုင်သူများသည် လူဦးရေစုစုပေါင်း၏ ၆ ဒသမ ၈ ရာခိုင်နှုန်းခန့်ဖြင့် လူဦးရေ လေးသိန်းကျော်အထိ ရှိလာပါသည်။

*စာမျက်နှာ ၂၁ သို့*

*စာမျက်နှာ ၂၀ မှ*

**အိမ်ရာလိုအပ်ချက်**

ရန်ကုန်မြို့သည် မြန်မာနိုင်ငံလူဦးရေ၏ ၁၀ ရာခိုင်နှုန်းဖြစ်သော လူဦးရေ ခြောက်သန်းခန့်နေထိုင်သည့် အကြီးဆုံးမြို့ပြဒေသဖြစ်၍ အိမ်ရာလိုအပ်ချက် အများဆုံးဖြစ်ပါသည်။ ရန်ကုန်မြို့ လူဦးရေတွင် ဝင်ငွေနည်းပြည်သူများက လူအများစု ဖြစ်နေခြင်းသည်လည်း အိမ်ရာကဏ္ဍဖွံ့ဖြိုးရေးအတွက် စိန်ခေါ်ချက် ဖြစ်နေပါသည်။ မိသားစုများ၏ ဝင်ငွေနည်းပါးမှုတို့ကြောင့် စံမီသောအိမ်ရာသစ် များကို ဝယ်ယူနိုင်စွမ်း လွန်စွာနည်းပါးလျက်ရှိကြပါသည်။

၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းဒဏ်ခံစားခဲ့ရသော ဧရာဝတီတိုင်းဒေသကြီးမှ မြို့တော်ရန်ကုန်သို့ အလုံးအရင်း ရွှေ့ပြောင်းအခြေချနေထိုင်မှုကြောင့် ၁၉၉၀ နောက်ပိုင်း တိုးချဲ့ထားသော ဒဂုံမြို့သစ် (၄) မြို့နယ်၊ လှိုင်သာယာ၊ ရွှေပြည်သာ မြို့သစ်များတွင် ကျူးကျော်တဲအိမ်များ အဆမတန်တိုးပွားလာခဲ့ပါသည်။ ရန်ကုန် တိုင်းဒေသကြီးအစိုးရအဖွဲ့က ၂၀၁၆ ခုနှစ်တွင် မြို့နယ်ပေါင်း ၃၃ မြို့နယ်၊ ကျူးကျော် တဲအိမ်များ စာရင်းကောက်ယူခဲ့ပြီး ကျူးကျော်တဲအိမ်မှတ်ပုံတင်ကတ်များ ထုတ်ပေးခဲ့ရာ စုစုပေါင်းကျူးကျော်တဲနေ အိမ်ထောင်စုပေါင်း ၁၅၀၀၀၀၊ လူဦးရေ ၄ ဒသမ ၇ သိန်း မှတ်တမ်းရှိနေပါသည်။

**အိမ်ရာသစ်များဖန်တီးနိုင်ရေးအတွက် နည်းလမ်းများ**

အိမ်ရာလိုအပ်ချက်ကြီးမားသော ဝင်ငွေနည်းပြည်သူများအတွက် လက်လှမ်းမီ စေမည့် သင့်လျော်သော မဟာဗျူဟာရွေးချယ်ရာတွင် တန်ဖိုးနည်းအိမ်ရာများ ဆောက်လုပ်ပေးခြင်းနှင့် အိမ်လခသက်သာမှုရှိသော Low Rent Housing များ ဆောက်လုပ်၍ အငှားချထားပေးခြင်း နည်းလမ်း နှစ်ခုလုံးကို တစ်ပြိုင်တည်း အကောင်အထည်ဖော်နိုင်လျှင် အကောင်းဆုံးဖြစ်ပါသည်။

ပြည်သူလူထု၏ ဝင်ငွေနည်းပါးမှုကြောင့် အိမ်ရာဝယ်ယူနိုင်စွမ်း နည်းပါးနေ ချိန်တွင် အစိုးရ၏ ဘဏ္ဍာရန်ပုံငွေဖြင့် ထောက်ပံ့ကူညီပေးရန် သင့်လျော်ကြောင်း သိမြင်ပါသော်လည်း Deficient Budget အနေအထားဖြင့် ရင်းနှီးမြှုပ်နှံပေး ခြင်း၊ ထောက်ပံ့ကူညီပေးခြင်း ဆောင်ရွက်ရန် မလွယ်ကူပေ။ သို့ဖြစ်၍ ဝင်ငွေနည်း ပြည်သူအား တန်ဖိုးနည်းအိမ်ရာ ဝယ်ယူနိုင်စွမ်းရှိလာအောင် ကူညီပေးမည့် Housing Finance Mechanism လိုအပ်ပါသည်။

လိုအပ်ချက်နှင့်ကိုက်ညီစွာပင် ဆောက်လုပ်ရေးဝန်ကြီးဌာနက အိမ်ရာမူဝါဒ ချမှတ်ခဲ့ရာတွင် ဝင်ငွေနည်းပြည်သူများအတွက် အစိုးရကပံ့ပိုးပေးထားသော တန်ဖိုး နည်းအိမ်ရာစီမံကိန်းနှင့် အိမ်ရာချေးငွေစနစ် တွဲဖက်ထားသော အိမ်ရာအစီအစဉ်ကို ဦးစားပေးသတ်မှတ်၍ အကောင်အထည်ဖော်ခဲ့ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကလည်း ဝင်ငွေနည်းပြည်သူများတွင် ပါဝင် နေသော အစိုးရဝန်ထမ်း၊ ကုမ္ပဏီ၊ အလုပ်ရုံ၊ စက်ရုံ၊ အလုပ်ဌာနဝန်ထမ်း၊ ပင်စင်စား နှင့် သာမန်ပြည်သူအုပ်စု လေးမျိုးခွဲခြား၍ တန်ဖိုးနည်းအိမ်ရာများကို စနစ်တကျ ရောင်းချပေးနိုင်ရန် ပြည်သူ့အိမ်ရာစီမံကိန်းတိုက်ခန်းများ ရောင်းချရေးကော်မတီ ဖွဲ့စည်းပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက ဆောက်လုပ်ထားသော တန်ဖိုးနည်း/တန်ဖိုးသင့်အိမ်ရာ တိုက်ခန်းပေါင်း ၂၂၀၈ ခန်းကို မဲနှိုက်ရောင်းချပေးခြင်းဖြင့် အိမ်ရာမူဝါဒကို စတင်အကောင်ထည်ဖော်ခဲ့ပါ သည်။

**ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ခြင်း**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ကျူးကျော်တဲအိမ်မှတ်ပုံတင်စာရင်း ဝင် အိမ်ထောင်စုပေါင်း ၁၅၀၀၀၀ အတွက် တန်ဖိုးနည်းအိမ်ရာများ ဖန်တီးပေးနိုင်ရန် အောက်ပါစီမံကိန်းများကို လျာထားရေးဆွဲလျက်ရှိပါသည် -

(က) ရန်ကုန်အနောက်ပိုင်း လှိုင်သာယာတွင် လူမှုအဖွဲ့အစည်း အခြေပြု အိမ်ရာစီမံကိန်း တန်ဖိုးနည်းအိမ်ယူနစ် ၁၀၀၀၀ အကောင်အထည် ဖော်ရန်

(ခ) ရန်ကုန်အရှေ့ပိုင်း ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်တွင် လူမှုအဖွဲ့အစည်း အခြေပြုအိမ်ရာစီမံကိန်း တန်ဖိုးနည်းအိမ်ယူနစ် ၁၀၀၀၀ အကောင် အထည်ဖော်ရန်

(ဂ) လှိုင်သာယာ-တွံတေးကားလမ်းဘေး၊ ပဒါန်ရေကျော်တွင် မြေဧရိယာ ၂၀၀၀ ခန့်တွင် Berjaya Land Company က အကောင်အထည် ဖော်ရန် အဆိုပြုထားသောစီမံကိန်း၌ တန်ဖိုးနည်းအိမ်ရာယူနစ်ပေါင်း ၂၈၀၀၀ အထိ အဆင့် ငါးဆင့်ခွဲ၍ ဆောက်လုပ်ပြီး၊ အိမ်ဝယ်ချေးငွေ နှစ် ၃၀၊ အရစ်ကျ တစ်လ ၅၆ ဒေါ်လာပေးဆပ်ရသည့်စနစ်ဖြင့် ရောင်းချပေးသွားရန်

(ဃ) ရန်ကုန်မြို့သစ်စီမံကိန်းတွင် ဝင်ငွေနည်းပြည်သူများအတွက် တန်ဖိုး နည်းအိမ်ရာစီမံကိန်းများ ထည့်သွင်းအကောင်အထည်ဖော်ရန်

(င) ဒဂုံမြို့သစ် (တောင်ပိုင်း) ရွာသာကြီးအနီး ယခင် စံပြစက်မှုဇုန်လယ်ယာ ခွင့်ပြုခဲ့သောမြေဧက ၉၀၀၀ အား ၂၀ : ၈၀ မူဝါဒဖြင့် မြို့ပြစီမံကိန်း ရေးဆွဲရာတွင် တန်ဖိုးနည်းအိမ်ရာစီမံကိန်းများ ထည့်သွင်း အကောင် အထည်ဖော်ရန်

Pilot Project အနေဖြင့် လှိုင်သာယာမြို့နယ် ထိန်ပင်အမှိုက်ပုံဧရိယာ၏ မြောက်ဘက် ကွင်းအမှတ် (၁၀၄)၊ မြေဧရိယာ ၅၄၃ ဧက၏ တစ်စိတ်တစ်ဒေသ ၁၉၅ ဒသမ ၅၉ ဧကခန့်တွင် Women for the World ပျိုမေ့အိမ် ငွေစုအိမ် ဆောက်စည်းရုံးလှုပ်ရှားမှု NGO အဖွဲ့၏ အကူအညီဖြင့် တစ်ထပ်လုံးချင်းအိမ်ငယ် ယူနစ် ၁၀၀၀၀ ဆောက်လုပ်နိုင်ရန် ၂၀၁၉ ခုနှစ် ဧပြီလတွင် လုပ်ငန်းများ စတင် အကောင်အထည်ဖော်လျက်ရှိပါသည်။

Women for the World အဖွဲ့၏ Community Architect များက အိမ်ရာယူနစ် ၁၀၀၀၀ အတွက် Master Plan ရေးဆွဲတင်ပြထားပြီး ပထမအဆင့် အနေဖြင့် ရန်ကုန်-ပုသိမ်ကားလမ်းမကြီးတစ်လျှောက် တဲအိမ်များကို ရွှေ့ပြောင်း နေရာချထားရန် Women for the World အဖွဲ့က မြေပြင်ကွင်းဆင်းစည်းရုံး ထားပြီး ဖြစ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရက လမ်းဖောက်လုပ်ပေးခြင်း၊ ရေနုတ် မြောင်းများ ဖောက်လုပ်ပေးခြင်း၊ လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ခြင်း စသည့် Basic Infrastructure များ ပံ့ပိုးတည်ဆောက်ပေးမည် ဖြစ်ပါ သည်။

Community-based Housing တစ်ထပ်လုံးချင်းအိမ်ငယ်များကို အိမ်ထောင်စု ၃၀ လျှင် တစ်ဖွဲ့ ဝိုင်းကြီးချုပ်စနစ်ဖြင့် စုဆောင်းငွေနည်းလမ်းဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရ၏ အကူအညီဖြင့် အသေးစားချေးငွေ နည်းလမ်းဖြင့်လည်းကောင်း၊ Kookmin Bank (Yangon Branch) ၏ အသေးစားချေးငွေနည်းလမ်းဖြင့်လည်းကောင်း (တစ်ဦးလျှင် အများဆုံး ကျပ်သိန်း ၃၀ အထိ သက်သာသောအတိုးနှုန်းဖြင့်) တည်ဆောက်သွားကြမည် ဖြစ်ပါသည်။ (မိမိနေမည့်အိမ်ကို မိမိ၏ စုဆောင်းငွေ (သို့မဟုတ်) အသေးစားချေးငွေဖြင့် ဆောက်လုပ်ကြမည့် အစီအစဉ်ဖြစ်ပါသည်။)

နိဂုံးချုပ်အနေဖြင့် တင်ပြရပါလျှင် အစိုးရသစ်လက်ထက် ၃ နှစ်တာကာလ အတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ UN-Habitat တို့နှင့် ပူးပေါင်း၍ ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျူးကျော်အိမ်ရာ ပြဿနာများဖြေရှင်းရေးတွင် နည်းလမ်းပေါင်းစုံကို ရေးဆွဲဆောင်ရွက်နေပြီး စနစ် ကျစွာ ဖွံ့ဖြိုးတိုးတက်လာသည့် မြို့တော်ကြီးဖြစ်လာရန် ကြိုးပမ်းဆောင်ရွက်နေပါ ကြောင်း တင်ပြလိုက်ရပါသည်။ ။



တန်ဖိုးနည်းအိမ်ရာများ

# စဉ့်ကူးမြို့၌ မန္တလေးတိုင်းဒေသကြီး ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့နှင့် မိတ်ဆက်တွေ့ဆုံပွဲ ကျင်းပ

**စဉ့်ကူး ဇူလိုင် ၃**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့၌ တိုင်းဒေသကြီး ဥပဒေဆိုင်ရာ အထောက် အကူပေးရေးအဖွဲ့နှင့် မြို့နယ်ဌာနဆိုင်ရာ များ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် မိတ်ဆက် တွေ့ဆုံပွဲအခမ်းအနားကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



မန္တလေးတိုင်းဒေသကြီး ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့နှင့် စဉ့်ကူးမြို့နယ် တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ်။

မိတ်ဆက်တွေ့ဆုံပွဲ အခမ်းအနား တွင် တိုင်းဒေသကြီး ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ အဖွဲ့ဝင် ဦးမျိုးဆွေက ဖွဲ့စည်းပုံသတ်မှတ်ချက်အရ တိုင်းဒေသကြီး ဥပဒေဆိုင်ရာ အထောက် အကူပေးရေးအဖွဲ့တွင် ဝန်ထမ်း ၁၆ ဦး ရှိကြောင်း၊ တိုင်းအဖွဲ့ဝင် ၁၁ ဦးရှိကြောင်း ပြောကြားခဲ့သည်။

အဆိုပါ မိတ်ဆက်တွေ့ဆုံပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးနိုင်၊ မြို့နယ် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ မြို့နယ် ဥပဒေဆိုင်ရာ အထောက်အကူပေးရေး အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရှေ့နေ များအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ် အမျိုးသမီးကော်မတီဝင်များ၊ ရင်ခွင်မဲ့ ကလေးငယ်များလျှော့ချရေးနှင့် ကာ ကွယ်စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ် ရေးမှူးများ တက်ရောက်ခဲ့ကြောင်း သိရ သည်။ **မင်းဇော်ဦး (ပြန်/ဆက်)**

# သက်ငယ်မုဒိမ်းနှင့် ပတ်သက်၍ အသိပညာပေးဟောပြော

**ဆင်ပေါင်ဝဲ ဇူလိုင် ၃**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ ယနေ့ နံနက်က သက်ငယ်မုဒိမ်းနှင့် ပတ်သက်သော အသိပညာပေးဟောပြောပွဲ ပြုလုပ်သည်။

အသိပညာပေးဟောပြောပွဲတွင် တက်ရောက်လာသော မူလတန်းကျောင်းသူလေးများနှင့် မိဘများအား အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်မော်က အုပ်ထိန်းသူမိဘများ သတိပြုရန်အချက်များနှင့် ကလေးငယ် များ သတိပြုရန်အချက်များကို ပြောကြားပြီး မြို့နယ်ဥပဒေအရာရှိ ဒေါ်စုစုကျော်က သက်ငယ်မုဒိမ်းမှု ပိုမိုဖြစ်ပွားရခြင်း အခြေခံ အကြောင်းအရင်းများ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **နေခြည် (ဆင်ပေါင်ဝဲ)**

# စာပေဗိမာန်စာမူဆု (၂၀၁၈) ဘာသာပြန်စာမူပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်စာမူပြဋ္ဌာန်း

**ရန်ကုန် ဇူလိုင် ၃**

၂၀၁၈ ခုနှစ်အတွက် စာပေဗိမာန်စာမူပြိုင်ပွဲတွင် ဘာသာပြန်စာမူဆုအတွက် "MATTHEW KIERAN" တည်းဖြတ်သည့် "MEDIA ETHICS" စာအုပ်မှ "Journalism and ethics can they co-exist? "၊ "objectivity, impartality and good journalism"၊ "Journalism, politics and public relations: an ethical appraisal"၊ "Sex and violence in fact and fiction"၊ "Censorship and the media" အခန်းငါးခန်းကို ထုတ်နုတ်၍ ပြဋ္ဌာန်းလိုက်သည်။ (Suggested Readings များကို ပြန်ဆိုရန် မလိုပါ) ယင်းစာအုပ်ကို ရန်ကုန်မြို့ရှိ ကုန်သည်လမ်း၊ အမှတ် (၅၂၉-၅၃၁)၊ စာပေဗိမာန်အရောင်းဆိုင်၊ ဖုန်း-၀၁-၃၈၁၄၄၈၊ နေပြည်တော်ရှိ သပြေကုန်းအရောင်း ဆိုင် ဖုန်း ၀၆၇-၃၄၀၄၁၆၈၊ မန္တလေးမြို့ ၈၆ လမ်း၊ ၂၁×၂၂ ကြား၊ အောင်မြေ သာစံမြို့နယ်ရှိ စာပေဗိမာန်စာအုပ်အရောင်းဆိုင် ဖုန်း ၀၂-၄၀၃၀၁၈၆ တို့တွင် တန်ဖိုးငွေကျပ် ၇၀၀ ဖြင့် ဇွန်လ တတိယပတ်မှ စတင်ရောင်းချလျက်ရှိရာ ဝယ်ယူ ပြန်ဆို၍ ပြိုင်ပွဲဝင်နိုင်ကြောင်း သိရသည်။

ပြိုင်ပွဲဝင် စာမူတင်သွင်းရာတွင် သတ်မှတ်ထားသည့်ပြိုင်ပွဲဝင်ပုံစံဖြင့် တင်သွင်း ခြင်းကိုသာ လက်ခံမည်ဖြစ်သည်။ ပြိုင်ပွဲဝင်ပုံစံနှင့် စည်းကမ်းချက်များကို စာပေ ဗိမာန်ရုံးတွင် ငွေကျပ် ၂၀၀ ဖြင့် ဝယ်ယူနိုင်ပြီး နယ်မှပြိုင်ပွဲဝင်လိုသူများသည် စာအုပ်တန်ဖိုးနှင့် စာအုပ်ပို့ခအပါအဝင် စုစုပေါင်းငွေကျပ် ၂၅၀၀ ကို ငွေပို့လွှာဖြင့် ဥက္ကဋ္ဌ၊ စာပေဆုများ အုပ်ချုပ်ထောက်ပံ့မှုကော်မတီ၊ စာပေဗိမာန်ရုံး၊ အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၃၈၁၄၄၉ သို့ လိပ်မူ၍ မှာယူနိုင်သည်။ ပြိုင်ပွဲဝင်စာမူကို ၂၀၁၉ ခုနှစ် ဩဂုတ် ၃၁ ရက် နောက်ဆုံးထား၍ အထက်ဖော်ပြပါ လိပ်စာအတိုင်းလိပ်မူ၍ ပေးပို့ယှဉ်ပြိုင်နိုင် ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာအမျိုးသမီးတို့ဂုဏ်သတင်း ပန်းတစ်ခင်းကဲ့သို့ မွှေးပါစေ

**ဝတ်ရည်ခင်(ပဲခူး)**

**အမျိုးသမီးများ၏ စွမ်းဆောင်မှု**

နိုင်ငံတော်၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာသော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးတွင် အမျိုးသမီးများ၏ စွမ်းဆောင်ချက်၊ ဆောင်ရွက်ချက်နှင့် အခန်းကဏ္ဍသည် အရေးပါလှပါသည်။ အမျိုးသမီးများသည် မိမိတာဝန်သာမက မိမိ မိသားစု၏တာဝန်၊ မိမိ လုပ်ငန်းဌာန၏ တာဝန်၊ မိမိနေထိုင်ကျင်လည်ရာ ပတ်ဝန်းကျင်အဖွဲ့အစည်း၏တာဝန် စသည်တို့ကို ဆောင်ရွက်ရာမှတစ်ဆင့် အမိနိုင်ငံနှင့် လူမျိုး၏ အကျိုးကိုပါ သယ်ပိုးဆောင်ရွက်လေ့ရှိကြသည်။ ထိုသို့ဆောင်ရွက်ကြရာတွင် အမျိုးကိုချစ်သည့် စိတ်ဓာတ်ကို အခြေခံထားပြီး မိမိတို့ အမိနိုင်ငံတော်ကြီးကို ချစ်သည့်စိတ်ဖြင့် နှလုံးသားတွင် စွဲမှတ်၍ ဆောင်ရွက်ကြသည်။ ထိုသို့ ကြိုးစားဆောင်ရွက်မှုမျိုးသည်သာ တိုင်းပြည်အတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ၌ မြန်မာအမျိုးသမီးတို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ တရားဥပဒေ၊ စာပေနှင့် အားကစား လောကပါမကျန် နယ်ပယ်အသီးသီးတွင် အမျိုးသားများနှင့်တန်းတူ စွမ်းဆောင်ရည် ပြည့်ဝမြင့်မားစွာဖြင့် တိုင်းပြည်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ မြန်မာအမျိုးသမီးများ၏ စွမ်းဆောင်ချက်များမှာ မြန်မာ့သမိုင်းနှင့်ထပ်တူ မှတ်တမ်းမှတ်ရာများ အထင်အရှားရှိခဲ့သည်။

**ပုဂံခေတ်မှ အမျိုးသမီးများ**

အာရှတစ်လွှား ဘုန်းကျက်သရေ ထွန်းလင်းတောက်ပခဲ့သည့် ပုဂံရွှေပြည်သမိုင်းတွင် အမျိုးသမီးတို့၏ အခန်းကဏ္ဍမှာ အမျိုးသားများနှင့် တန်းတူ ပါဝင်စွမ်းဆောင်နိုင်ခဲ့သည်။

ပုဂံခေတ် အုပ်ချုပ်ရေးယန္တရားတွင် အမျိုးသမီး မှူးမတ်များ၊ စစ်သေနာပတိကြီးများ မရှိခဲ့သော်လည်း ကလန်၊ သင်ဖမ(ခေါ်)တရားသူကြီးကဲ့သို့ အရေးပါသည့် အထက်တန်းရာထူးများနှင့် နယ်အုပ်ချုပ်ရေးအတွက် ကွယ်သူကြီး၊ ရွာသူကြီး၊ ကီသူကြီး စသည့် ရာထူးများတွင် အမျိုးသားများနှင့် ရင်ပေါင်တန်းကာ အမျိုးသမီး မင်းမှုထမ်းများ ရှိခဲ့ခြင်း၊ စီးပွားရေးလုပ်ငန်းအများစုတွင် အမျိုးသားများနှင့်အတူ အမျိုးသမီးများလည်း ယှဉ်ပြိုင်လုပ်ကိုင်ခဲ့ခြင်း၊ အမျိုးသားများနည်းတူ လက်မှုအတတ်ပညာ၊ သုခုမ အနုပညာ စသည်တို့တွင် တတ်ကျွမ်းသော အမျိုးသမီးများ အများအပြား ရှိခဲ့ခြင်း၊ ရပ်ရွာအကြီးအကဲများအဖြစ်လည်း အမျိုးသားများနည်းတူ အမျိုးသမီး သင်ကြီး၊ သင်လျင်များ ရှိခဲ့ခြင်း၊ ဘာသာအယူဝါဒ ကိုးကွယ်မှုတွင်လည်း အမျိုးသမီး ဘိက္ခုနီများရှိခဲ့ခြင်း၊ သီလ၊ သမာဓိနှင့် ပြည့်စုံသည့်အပြင် ကောင်းမှုကုသိုလ်များ အမြဲမပြတ်ပွားများနေသူဟူ၍ အများ၏ ရိုသေလေးစားခြင်းကို ခံရသော ဖုန်သည်ဟူသည့် ပုဂ္ဂိုလ်မျိုးနှင့် သီတင်းသီလ အမြဲမပြတ် ဆောက်တည်ကျင့်ကြံနေသည့် သူတော်သူမြတ်ဖြစ်သော သတင်သည်ဟူသော ပုဂ္ဂိုလ်မျိုးတွင် အမျိုးသားများနည်းတူ အမျိုးသမီး ဖုန်သည်မ၊ အမျိုးသမီး သတင်သည်များ ရှိခဲ့ခြင်းနှင့် အမျိုးသမီး အလှူဒါယိကာမများ သီးခြားရှိခဲ့ခြင်းတို့သည် ပုဂံနေပြည်တော် တိုးတက်ရေးလမ်းကြောင်းတွင် အမျိုးသားများနှင့်အတူ ယှဉ်တွဲ၍ နိုင်ငံ့တာဝန်ကို တတ်စွမ်းသည့်ဘက်မှ အင်ပြည့် အားပြည့် ပါဝင်ထမ်းရွက်ခဲ့သော ရှေး မြန်မာအမျိုးသမီးများ၏ စွမ်းဆောင်ချက် မော်ကွန်းများပင် ဖြစ်သည်။

**ရှင်စောပု ဘုရင်မကြီး**

ဟံသာဝတီ ရွှေပြည်ကို မေတ္တာနေခြည်တို့ဖြင့် ထုံမွမ်း၍ ငြိမ်းချမ်းသာယာစေခဲ့သူ ရှင်စောပု ဘုရင်မကြီး၏ စွမ်းဆောင်ချက်များမှာ မြန်မာအမျိုးသမီးတိုင်း စံနမူနာယူထိုက်သော၊ ဂုဏ်ယူထိုက်သော အထွတ်အထိပ် မော်ကွန်းများပင် ဖြစ်ပါသည်။ တိုင်းနိုင်ငံကို စစ်မက်ဘေး ကင်းဝေးစေကာ လူမှုရေး၊ စီးပွားရေးတို့ကို ငြိမ်းချမ်းသာယာစွာ ဆောင်ရွက်နိုင်ခဲ့ပြီး အလှူပွဲများ၏ စည်ဗျောသံ ညံမစဲအောင် စွမ်းဆောင်နိုင်ခဲ့ခြင်းက ရှင်စောပု ဘုရင်မကြီး၏ အုပ်ချုပ်ရေးစွမ်းရည်ကို ဖော်ကျူးနေပေသည်။ ဟံသာဝတီသမိုင်းတွင် မင်းမျိုးမင်းနွယ် မဟုတ်သော်လည်း လက်ရုံးရည်၊ နှလုံးရည် ပြည့်ဝပြီး နိုင်ငံတော်ကို ကောင်းမွန်စွာ အုပ်ချုပ်နိုင်မည့် သမက်တော် ဓမ္မစေတီမင်းကို ညင်သာချောမွေ့စွာ ထီးနန်းလွှဲပေးနိုင်ခဲ့ခြင်း၊ မိမိ၏ ဘဝနေဝင်ချိန်များကို သာသနာရေးကိစ္စများတွင် အသုံးချခဲ့ခြင်းတို့က မြန်မာအမျိုးသမီးတစ်ဦး၏ အမြော်အမြင်ကြီးမားမှု၊ ဘာသာတရား ကိုင်းရှိုင်းမှုများကို ပေါ်လွင်စေပါသည်။

ဤသည်တို့မှာ သမိုင်းစဉ်တွင် မြန်မာအမျိုးသမီးများသည် အမျိုးသားများနည်းတူ နောက်လိုက်ကောင်း အရည်အချင်းများနှင့် ပြည့်စုံသလို ခေါင်းဆောင်ခွင့်ရခဲ့ချိန်တွင်လည်း ခေါင်းဆောင်ကောင်း အရည်အချင်းများနှင့် ပြည့်စုံစွာ တာဝန်ထမ်းဆောင်နိုင်ခဲ့သော သာဓကများပင် ဖြစ်သည်။ ခေတ်အဆက်ဆက် မြန်မာအမျိုးသမီးများသည် နိုင်ငံအပေါ် တာဝန်ကျေပွန်ခဲ့ကြသည့် သမိုင်းများ ရှိခဲ့ကြသည်။

**မြန်မာအမျိုးသမီးကော်မတီ**

ယခုအခါသမယတွင် အတိတ်က စွမ်းဆောင်ချက်များနှင့်မတူ တစ်မူထူးခြား ထင်ရှားသည့် အချက်မှာ တစ်ခုတည်းသော အမျိုးသမီးကော်မတီဖြစ်သည့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ၏ ဦးဆောင်မှုအောက်တွင် ခိုင်မာစွာ စုစည်းထားသော ထင်းစည်းပမာ မကွဲမကွာ တစ်စိတ်တစ်ဝမ်းတည်း တက်ညီလက်ညီ စွမ်းဆောင်နေကြခြင်းပင်ဖြစ်သည်။

တစ်ဦးကောင်း တစ်ယောက်ကောင်းမှသည် မိသားစုအလိုက် ဖွံ့ဖြိုးစေသော မွန်မြတ်လှသည့် ရည်ရွယ်ချက်များဖြင့် နိုင်ငံတော်ကြီး တိုးတက်အောင် မြန်မာအမျိုးသမီးများသည် တက်ကြွညီညွတ် စုစည်းစွာဖြင့် စွမ်းဆောင်နေကြသည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရေးတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ရေးအတွက် နိုင်ငံ့လူဦးရေ၏ ထက်ဝက်ကျော်ရှိသော အမျိုးသမီးများကို အမျိုးသမီးကော်မတီက ညီညွတ်စွာ စုစည်းပေးနိုင်ခဲ့သည်။

**ကော်မတီ၏ ရည်ရွယ်ချက်များ**

အမျိုးသမီး စွမ်းအားစုကြီး ပိုမို တောင့်တင်းခိုင်မာမှုရှိလာစေရန်၊ အမျိုးသမီးများကိုယ်တိုင် ဦးဆောင်ပြီး အမျိုးသမီးများ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘဝလုံခြုံရေးကို ကျယ်ကျယ်ပြန့်ပြန့် ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန်၊ လုပ်ငန်းသဘာဝချင်း တူညီသည့် အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ရန် စေတနာ့ဝန်ထမ်း လူမှုရေးအဖွဲ့အစည်းတစ်ခုအဖြစ် မြန်မာအမျိုးသမီးများကဏ္ဍ လှုပ်ရှားဆောင်ရွက်မှုများကို ပိုမိုကျယ်ပြန့်စွာ တာဝန်ယူ ဆောင်ရွက်နိုင်ရန် ရည်ရွယ်ချက်များဖြင့် မြန်မာ အမျိုးသမီးကော်မတီကို ထူထောင်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

**ကော်မတီ၏ ဆောင်ရွက်မှုများ**

'မြက်ဖျားနှင်းပမာ၊ အပ်ဖျားထက် မုန်ညင်းစေ့ပမာ' ခြေလှမ်းတစ်ချက်မှားရုံဖြင့် ပြိုပျက်လွယ်သည့် အဖိုးတန်လှသော အမျိုးသမီးများ၏ ဘဝများကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ရန် အရေးကြီးလှပါသည်။ ထို့ကြောင့် အမျိုးသမီးငယ်များအနေဖြင့် မိမိတို့ဘဝ၊ မိမိတို့တန်ဖိုးများကို ကာကွယ်စောင့်ရှောက်ကြရန် စာအုပ်စာစောင်များ၊ ဟောပြောပွဲများသာမက မြန်မာ့အသံနှင့် မြန်မာ့ရုပ်မြင်သံကြားတို့မှ ပညာပေးဇာတ်လမ်းများ ပြသနိုင်ရန် စီစဉ်ခြင်းဖြင့် မြန်မာနိုင်ငံ အမျိုးသမီးကော်မတီသည် အမျိုးသမီးများ၏ ဘဝကို ထောင့်စေ့အောင် စွမ်းဆောင်ကာကွယ်နေသည်။

လူမှောင်ခိုနှင့် လူကုန်ကူးမှု ကျူးလွန်သူများနှင့် ပတ်သက်၍ သွေးဆောင်ဖြားယောင်း ခိုးယူမှုများကို ထိရောက်စွာ စုံစမ်းဖော်ထုတ်လျက်ရှိသော ဌာနဆိုင်ရာများအား ပူးပေါင်းကူညီခြင်း၊ လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အရှိန်အဟုန်မြှင့်၍ ကြိုးပမ်းဆောင်ရွက်ခြင်း၊ လူမှောင်ခိုကူးခြင်းခံရသော အမျိုးသမီးများနှင့် ကလေးများအား ပြန်လည်ထူထောင်ရေးနှင့် မိသားစုထံ ပြန်လည်အပ်နှံခြင်းတို့ကို သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

**သက်ငယ်မုဒိမ်းမှု လျော့ကျရေး**

ယနေ့ ဖြစ်ပွားနေသည့် သက်ငယ်မုဒိမ်းမှုများကို ရှောင်ရှားနိုင်ရေးအတွက် ကလေးများသာမက မိဘများပါမကျန် အသိပညာပေး ဟောပြောခြင်းများကို စဉ်ဆက်မပြတ် ပြုလုပ်ဆောင်ရွက်ပေးနေပြီး ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီကို ဖွဲ့စည်း၍လည်း သက်ငယ်မုဒိမ်းမှုများအတွက် ပူးပေါင်း ဖြေရှင်းပေးလျက်ရှိသည်။ သို့ရာတွင် ၂၀၁၅ ခုနှစ်က သက်ငယ်မုဒိမ်းမှု ၂၃၀ နှင့် ၂၀၁၆ ခုနှစ်တွင် သက်ငယ်မုဒိမ်းမှု ၃၈၀ ဖြစ်ပွားကာ ပြစ်မှု ပိုများလာသဖြင့် မြန်မာအမျိုးသမီးကော်မတီအနေဖြင့် သက်ငယ်မုဒိမ်းမှုများ လျော့ကျအောင် အဖွဲ့များခွဲ၍ ဆောင်ရွက်လျက်ရှိသည်။

